(စိတ်နယ်လွန် ဖြစ်ရပ်ဆန်း)

# မင်းသွေးသစ္စာ

## တိုက်မြွေ



စာမူခွင့်ပြုချက်အမှတ် [၅၀၀၀၃၄၀၁၀၇]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀၁၂၃၀၂၀၇]

❑

**ပုံနှိပ်ခြင်း**
ပထမအကြိမ် အုပ်ရေ (၅၀၀)

❑

**ထုတ်ဝေသည့်လ**
**အောက်တိုဘာလ ၂၀၀၇**

❑

**မျက်နှာဖုံးနှင့်အတွင်းစာသား ပုံနှိပ်သူ**
ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

❑

**ထုတ်ဝေသူ**
ဒေါ်ခင်ခင်စိန် (၀၁၈၁၉) ချစ်မင်းလှုံစာပေ
အမှတ် (၄၃)၊ မလိခလမ်း၊ (၇) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

❑

**ကွန်ပျူတာ**
ပန်းအိစံ

❑

**မျက်နှာဖုံးပန်းချီ**
ကိုသိန်းဇော်

❑

**တန်ဖိုး**
၃၀၀ ကျပ်

❑

**ဖြန့်ချိရေး**
**ရန်မျိုးအောင်စာပေ**၊ ကျောက်မြောင်း၊ ရန်ကုန်

**စာရေးဆရာ မင်းသွေးသစ္စာ**

**၏**

**ဆက်လက်ထွက်ရှိမည့်စာအုပ်များ**

- ❑ ရင်ကွဲတောင်ခရီးမကြမ်း
- ❑ ဝင်ကစွပ်
- ❑ သုံးပေါက်ချွန်း
- ❑ ကျောက်မျက်လုံးတာရွှေ
- ❑ နတ်ကြီးတောသူ

**သရဖီလှိုင် စာပေ**

## နိဒါန်း

"မင်းထင်သလို ငါဟာ မကောင်းဆိုးဝါးပဲကွ၊ ဟောဒီမြွေတွေဟာ ငါအမိန့်ပေးသမျှကို တစ်သဝေမတိမ်းလိုက်နာတဲ့ 'တိုက်မြွေ' တွေပဲ၊ မင်းလည်း ဟောဒီလို ဂုဏ်ယူစရာကောင်းတဲ့ တိုက်မြွေ မဖြစ်ချင်ဘူးလား၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းဟာ ငါ့ရဲ့ပိုင်နက်ထဲကို ကျူးကျော်လာတဲ့ အတွက် မကြာခင်မှာ မြွေတစ်ကောင်ဘဝကို ပြောင်းလဲသွားတော့မယ်၊ တိုက်မြွေတစ်ကောင် ဖြစ်တော့မယ်"

မှောက်မိုက်သောတစ်ညသို့ ညလူဟုခေါ်သော သူခိုး တစ်ယောက်သည် တိတ်တဆိတ် သွားလာလျက်ရှိ၏။ သူခိုးသည် ပတ်ဝန်းကျင်အနေအထားကို ကောင်းစွာလေ့လာ ထောက်လှမ်းပြီး ဖြစ်၏။

ထို့ကြောင့် သူသည် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော ခြံဝင်းကျယ်ကြီး၏ စည်းရိုးအနီးသို့ အခက်အခဲမရှိ ချဉ်းကပ်လာ နိုင်၏။



သူ၏မျက်လုံးက အမှောင်ထဲတွင် ကျင့်သားရကာ ခြံဝင်းထဲမှ နှစ်ထပ်တိုက်ခံအိမ်အိုကြီးအတွင်းသို့ ဝင်ရောက်ရမည့် နည်းလမ်းကို စဉ်းစားခဲ့ပြီးဖြစ်၏။

အိမ်တွင်းသို့မရောက်မီ ကြုံတွေ့ရမည့် အခက်အခဲတစ်ခု ရှိ၏။

ခြံဝင်းအတွင်း၌ ခြံစောင့်ဟူ၍ လူ၏ခါးတစ်ပိုင်းခန့်အမြင့် ရှိသော ခွေးနက်ကြီးတစ်ကောင်က လှည့်ပတ်သွားလာနေတတ်၏။

သူသည် လွန်ခဲ့သည့် (၇)ရက်လုံးလုံး ညစဉ်တိုင်းပင် ထိုခွေးနက်ကြီးနှင့် ရင်းနှီးအောင် ထန်းလျက်တွင် ပျားရည်မံထား သော အစားအစာများကို အသုံးပြုခဲ့၏။

ယခုလည်း သူခိုးက သံဆူးကြိုးအပေါ်မှနေ၍ အတွင်း သို့ ထန်းလျက်ခဲလက်တစ်ဆုပ်ကို ပစ်သွင်းလိုက်၏။

အိမ်ကြီး၏လုံခြုံရေးအတွက် ကင်းလှည့်နေသော ခွေးနက် ကြီး၏ စူးရှလှသည့် အနံ့ခံအာရုံအတွင်းသို့ ထန်းလျက်နှင့် ပျားရည် ရနံ့က တိုးဝင်လာ၏။

ခွေးနက်ကြီးသည် အစားအသောက်၏လှုံ့ဆော်မှုကြောင့် အိမ်နံဘေးမှ ပြေးထွက်လာ၏။

သို့သော်လူစိမ်းရနံ့ကြောင့် သက်ာမကင်းဟန်နှင့် နားရွက်ထောင်သွား၏။ သူခိုးက နောက်ထပ် ထန်းလျက်လက်တစ်ဆုပ်ကို အနီးသို့ ပစ်ပေးလိုက်မှပင် ခွေးနက်ကြီးသည် ၄င်းအား မှတ်မိသွား၏။

ထိုအခါ ခွေးနက်ကြီးက ထန်းလျက်ကို ဆတ်ခနဲဟပ်ကာ သူခိုးအား မိတ်ဆွေအဖြစ် လက်ခံသည့်အနေနှင့် အမြီးကို လှုပ်ယမ်းပြလိုက်တော့၏။

ထိုအခါမှပင် သူခိုးသည် သက်ပြင်းချ၍ ပလာယာနှင့် သံဆူးကြိုးကို လူတစ်ကိုယ်စာဝင်သာရုံ ဖြတ်တောက်၏။

သူ့အတွက် ကျန်သည့်အရာအားလုံးမှာ ထမင်းစား၊ ရေသောက်တမျှ လွယ်ကူသွားပေပြီ။

လေ့လာထားသလောက် အိမ်ပိုင်ရှင်သည် အသက်အရွယ်ကြီးရင့်သော လူကြီးတစ်ယောက်ဖြစ်သလို ခွေးတစ်ကောင်ကိုသာ





အဖော်ပြုနေထိုင်သည့် တစ်ကိုယ်ရည်သမားဖြစ်၏။

ထိုလူကြီးနှင့် မရောင်သာ ရင်ဆိုင်တွေ့လျှင်သော်မှ မှုလောက်စရာမလိုချေ။ ထိုအိမ်မှ အဖိုးတန်ပစ္စည်းများကို စိတ်ကြိုက်ခိုးယူရုံသာ ရှိတော့၏။

မကြာမီ သူခိုးသည် ပြတင်းတံခါးကို သံတူရွင်းနှင့် ကလန့်၍ ဖွင့်ကာ အခန်းတစ်ခုတွင်းသို့ ရောက်လာခဲ့၏။

အခန်းထဲတွင် ပိန်းပိတ်အောင် မှောင်နေလေရာ လက်နှိပ်ဓါတ်မီးကလေးနှင့် ခပ်အုပ်အုပ်ထိုး၍ ကြည့်ရှု၏။

အခန်းမှာ ပရိဘောဂအကျိုးအပဲ့များနှင့် ထင်းရှူးသေတ္တာကြီးများထားရာ စတိုခန်းတစ်ခုဖြစ်ဟန်တူ၏။

ဖုန်အလိမ်းလိမ်းတက်၍ ပင့်ကူမျှင်အထပ်ထပ်ရှိ၏။ သူခိုးက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုခါယမ်းကာ စိတ်တွင်းမှ

*"အင်း… ငါထင်ထားသလောက် တွက်ချေကိုက်ပါ့မလား မသိဘူး၊ အိမ်ကြီးတစ်ခုလုံးလည်း မှောင်အတိကျပြီး အပေါ်ထပ်က အခန်းတစ်ခန်း*

*ကတော့ အလင်းရောင်ကလေးရှိနေတယ်၊ အဲဒီ အခန်းမှာ အိမ်ပိုင်ရှင်လူကြီး နေတာဖြစ်လိမ့်မယ်၊ တန်ဖိုးရှိတဲ့ပစ္စည်းတွေဆိုရင်လည်း အဲဒီလူကြီး အခန်းမှာပဲ ရှိမှာပေါ့၊ အပေါ်ထပ်ကို တက်ရမယ်"*

ဟု ဆုံးဖြတ်လိုက်၏။

ထို့နောက် သူခိုးသည် အခန်းတံခါးကို အသံမမြည်အောင် ကြိတ်၍ဖွင့်ကာ အိမ်ကြီး၏ဧည့်ခန်းသို့ ရောက်ရှိလာ၏။

ဧည့်ခန်းမှာလည်း ကြိမ်ကုလားထိုင်အဟောင်းများနှင့် စားပွဲပုကလေးတစ်လုံးသာရှိပြီး စတိုခန်းနှင့်မခြား ဖုန်အလိမ်းလိမ်း သာ ဖြစ်၏။

သူသည် အပေါ်ထပ် ကျွန်းလှေကားကြီးအနီးသို့ လက်နှိပ်ဓါတ်မီးဖြင့် ဝှေ့ဝဲ၍ ထိုးကြည့်ရင်း တစ်စုံတစ်ရာကို သတိပြုမိသွား၏။

လှေကားအခြေရှိ အခန်းတံခါးတွင် 'မဝင်ရ' ဟူသော စာတမ်းတစ်ခု ရေးသားထား၏။ သူခိုးသည် ထိုအခန်းကို ပို၍





ဝင်စားသွား၏။

မဝင်ရဟူသောနေရာကို ပို၍ဝင်ရောက်ချင်လာ၏။

ထို့နောက် သူခိုးသည် တံခါးမှ ကြေးသော့ခလောက်ကြီး၏ သော့ပေါက်အတွင်းသို့ သံချောင်းကလေးနှင့် ကလိကာ (၅)မိနစ်မျှ အားထုတ်လျှင် သော့ပွင့်သွားပြီဖြစ်၏။

သူခိုးက အတွင်းသို့ဝင်ပြီး တံခါးကို အသာအယာပင် ပြန်၍စေ့ကာ အခန်းတွင်းသို့အကဲခတ်လိုက်၏။ သူသည် ဦးစွာပင် ညှီစို့စို့နှင့် ဆိုးရွားလှသည့် အနံ့ကြီးကို သတိပြုမိ၏။

အခန်းမှာ များစွာကျယ်ဝန်းခြင်းမရှိဘဲ မျက်နှာကျက် ထုပ်တန်းတွင် ရေလုံမိုးကာ အိတ်ကြီးများကို ကြိုးဖြင့်တွဲလွဲဆွဲထားသည်ကို တွေ့ရ၏။

သူခိုး၏စိတ်ဝင်စားမှုက အထွဋ်အထိပ်ဖြစ်သွား၏။ ဆိုးရွားလှသော အနံ့အသက်များက ထိုရေလုံမိုးကာ အိတ်ကြီးများမှ ထွက်ပေါ်နေခြင်း ဖြစ်ရပေမည်။

သူခိုးသည် လက်နှိပ်ဓါတ်မီးကလေး အလင်းရောင်နှင့်

ထိုအိတ်ကြီးများအနီးသို့ ချည်းကပ်ကာ အိတ်တစ်လုံးအား [illegible]ချ ပါးနှင့် ထိုးဖောက်ကြည့်ရှုရန် ပြင်လိုက်၏။

ထိုအခိုက် ချောက်ခနဲအသံနှင့်အတူ အခန်းတွင်းရှိ မီးလုံးက လင်းလက်လာ၏။ သူခိုးသည် ရုတ်တရက်ထိတ်လန့်ပြီး ထ၍ခုန် လိုက်၏။

အခန်းတံခါးဝတွင် အရိပ်မည်းကြီးတစ်ခုရှိနေ၏။ သူခိုး သည် ထိုသူကို မီးအလင်းရောင်နှင့် ကောင်းစွာမြင်တွေ့ရလျှင် အိမ်ပိုင်ရှင်လူကြီးမှန်း သိလိုက်၏။

လူကြီးသည် အနက်ရောင်အင်္ကျီရှည်ကြီးကို ဝတ်ဆင် ထား၏။

ထိုအခါ ပုအိုင့်အိုင့်ရှိသော ကိုယ်ခန္ဓာက အင်္ကျီအတွင်း၌ ပျောက်ကွယ်နေသလိုရှိ၏။

ထူးခြားမှုက အများသူငါထက် ပို၍ကြီးမားသည်ဟုထင်ရ သော ဦးခေါင်းပင်ဖြစ်၏။ လူကြီး၏ထိပ်ကပြောင်၍ ဆံပင်တို့က ဖြူရော်စပြုနေချေပြီ။





အခေါင်းပွပွကြီး၏နှာရိုးထက်တွင် ကိုင်းမပါသော မျက်မှန်ဝိုင်းကလေးကို တပ်ဆင်ထား၏။ မျက်လုံးအစုံကမူ သူခိုးကို စူးစိုက်ကြည့်ရင်း တစ်ချက်တစ်ချက် လင်းလက်သွားသည်ဟု ထင်ရ၏။

သူခိုးသည် ရုတ်တရက် သူခိုးလူမိအဖြစ်ကြောင့် ကြောင်အမ်းအမ်းရှိနေစဉ် လူကြီးက အသံသြသြကြီးနှင့်

*"မင်းလက်ထဲမှာလည်း ဓါးတစ်ချောင်းနဲ့*
*ပါလား၊ ဘာလဲ၊ ဟိုရေလုံမိုးကာအိတ်ကြီးတွေကို*
*ဖောက်ပြီးကြည့်ချင်လို့နဲ့တူတယ်၊ မင်းစိတ်ဝင်စား*
*တယ်ဆိုရင် ကြည့်နိုင်တယ်"*

ဟု ထူးထူးဆန်းဆန်းပင် ခွင့်ပြု၏။ သူခိုးက သွားကိုဖြဲ၍ ဓါးကိုဝင့်ကာ

*"ခင်ဗျားက ကျုပ်ကိုတွေ့တာတောင်*
*အံ့သြပုံမရဘူး၊ လူမိမှတော့ မထူးတော့ဘူး၊*
*ကျုပ်က ခိုးလို့မရရင် လုယက်ယူမဲ့သူဗျ"*

ဟု ကြိမ်းဝါးလေးရာ လူကြီးက လက်ကာပြပြီး

"မင်း ခြံဝင်းထဲကိုဝင်လာကတည်းက ငါသိ

နေတော့ ဘာမှ အံ့ဩစရာမလိုဘူးကွ၊ လွန်ခဲ့တဲ့

ရက်တွေကတည်းက ငါခြံနားလာပြီး သူနိုး

ချောင်းချောင်းနေတာလည်း သိတာပဲ၊ ခွေးနက်

ကြီးကို အစာကျွေးပြီး ရင်းနှီးအောင်ပေါင်းတာလည်း

သိတာပဲ"

ဟု ဆိုလေ၏။ သူနိုးက မျက်လုံးပြူးကျယ်ပြီး ခြေလှမ်းပြင်

ကာ

"ဒါဆိုရင် ခင်ဗျားက ကျုပ်ကိုထောင်ပြီး

ဖမ်းဖို့ ကြံစည်ထားတာပေါ့၊ ကျုပ် ခင်ဗျားကို

အလွတ်ပေးလို့မဖြစ်တော့ဘူး"

ဟု အော်ဟစ်လိုက်၏။

လူကြီးက လက်နှစ်ဖက်စလုံးကို ဝေ့ယမ်းပြန်ကာ

ပြူးတူးပျာတာဟန်နှင့်





"နေပါဦး... နေပါဦး၊ ကျုပ်ကို ရန်မမူခင်

မောင်ရင် ခြေတစ်လှမ်းရွှေ့လိုက်တာနဲ့ ဘယ်လို

ဖြစ်သွားမလဲဆိုတာလည်း သတိထားစမ်းပါ၊

ကြမ်းပြင်ကိုလည်း ကြည့်ပါဦးလေ"

ဟု ပြော၍ တခွီးခွီး ရယ်မောလေ၏။

ထိုအခါမှပင် သူနိုးသည် ကြမ်းပြင်တွင် လှုပ်လှုပ်ရွရွနှင့်ရှိ

နေသော အကောင်ငယ်ကလေးများကို မြင်တွေ့လိုက်၏။

လက်သန်းလုံးခန့်နှင့် အနက်ရောင်ရှိသော မြွေကဲ့သို့

သဏ္ဍာန် ကလေးများက တွန့်လိမ့်ကာ လှုပ်ရှားနေလေ၏။ သူနိုးက

သတ္တိ အရာတွင် မည့်လှသော်လည်း ဇီဇရ မြွေမဆိုထားနှင့်

ပိုးကောင်ကိုပင် ကြောက်ရွံ့၏။

ထို့ကြောင့် ထိတ်လန့်တကြားထ၍ခုန်ကာ

"မြွေ... မြွေတွေလား၊ ဟေ့လူကြီး...

ဒီမြွေတွေက ခင်ဗျား လွှတ်ထားတာလား"

ဟု အော်ဟစ်လိုက်ပြန်၏။

ထိုအခိုက်တွင်ပင် ကြမ်းပြင်မှ အကောင်ငယ်လေး တစ်ကောင်က ဆောက်တည်ရာမရဖြစ်နေသော သူနိုး၏ခြေဖလာကို ဆတ်ခနဲ ကိုက်ခဲလိုက်တော့၏။

သူနိုးသည် ဆစ်ခနဲ နာကျင်မှုနှင့်အတူ ခြေတစ်ဖက် ထုံကျင်ကာ လှုပ်မရအောင်ဖြစ်သွား၏။ လူကြီးက သူနိုး၏ အဖြစ်ကိုကြည့်ပြီး

*"ဟား ဟား... မင်းက မြွေတွေရှိတဲ့နေရာ ကိုလာပြီး မြွေတွေကို အပြစ်ဆိုချင်သေးတယ်၊ ဟောဒီမြွေတွေဟာ မြို့ထဲမှာ ကင်းလှည့်နေတဲ့ ခွေးနက်ကြီးထက်တောင် အနံ့ခံကောင်းသေးတယ် ကွ၊ သူတို့က မင်းလို လူစိမ်းတစ်ယောက်ကို အနံ့းထဲဝင်လာကတည်းက တိုက်ခိုက်ဖို့ အသင့်ရှိ နေကြတယ်ကွ၊ ငါ့ရဲ့အမိန့်မရသေးလို့ စောင့်ဆိုင်း နေကြတာ"*

ဟု ဆိုလေ၏။





သူနိုးသည် တစ်ကိုယ်လုံး ထုံကျင်ပြီး မျက်လုံးများပြာဝေ လာကာ

*"ခင်ဗျား ဘာတွေပြောနေတာလဲ၊ မြွေတွေ ကို ခင်ဗျားက အမိန့်ပေးလို့ရတယ်ဆိုတော့ ခင်ဗျား ဟာ မကောင်းဆိုးဝါးပဲ ဖြစ်မယ်"*

ဟု လက်ညှိုးငေါက်ငေါက်ထိုး၍ပြောဆိုကာ ကြမ်းပြင်သို့ ဒိုင်းခနဲလဲကျလေ၏။

သူ၏ခေါင်းတစ်ခုလုံးမူးဝေနောက်ကျိကာ အသိအာရုံတို့ ကင်းလွတ်ချင်လာ၏။

ထိုအခိုက် လူကြီးက အနီးသို့ရောက်လာပြီး ဒူးထောက်၍ လေသံတီးတိုးနှင့်

*"မင်းထင်သလို ငါဟာ မကောင်းဆိုးဝါးပဲ ကွ၊ ဟောဒီမြွေတွေဟာ ငါအမိန့်ပေးသမျှကို တစ်သဝေမတိမ်းလိုက်နာတဲ့ တိုက်မြွေတွေပဲ၊ မင်းလည်း ဟောဒီလို ဂုဏ်ယူစရာကောင်းတဲ့*

*တိုက်မြွေ မဖြစ်ချင်ဘူးလား၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းဟာ ငါ့ရဲ့ပိုက်နက်ထဲကို ကျူးကျော်လာတဲ့ အတွက် မကြာခင်မှာ မြွေတစ်ကောင်ဘ၀ကို ပြောင်းလဲသွားတော့မယ်၊ တိုက်မြွေတစ်ကောင် ဖြစ်တော့မယ်"*

ဟု ပြောလေ၏။

သူနိုးသည် လူကြီး၏ထိတ်လန့်ဖွယ်စကားသံကို နားထောင်ရင်း မကောင်းဆိုးဝါးကဲ့သို့ ရယ်မောသံကြီးကိုကြားကာ သတိကင်းလွတ်သွားတော့၏။





"မင်းဟာ မြွေတစ်ကောင်ဖြစ်ခဲ့မယ်ဆိုရင်လည်း
အငြိုးကြီးတဲ့ မြွေပဲဖြစ်လိမ့်မယ်...
အခုဆိုရင်... မင်းရဲ့အာရုံထဲမှာ ပုံရိပ်ဟောင်းတွေ
တစ်ကျော့ပြန်ပြီး ပေါ်နေပြီမဟုတ်လား။
မင်းဟာ... အငြိုးကြီးတဲ့ မြွေတစ်ကောင်ပါပဲ"

သူနိုးသည် အသိအာရုံတို့ ကောင်းစွာစုစည်းမိ၍ မျက်လုံးကို ဖွင့်လိုက်ရာ ဦးစွာပင် ပြာလဲ့လဲ့အရောင်ကို သတိပြုမိ၏။

သူ၏တစ်ကိုယ်လုံးမှာ အသက်ရှူမဝသလို တင်းကျပ်နေလေရာ ခြေလက်များကို လှုပ်ရှားကြည့်ရာ ပို၍တင်းကျပ်လာသလို ခံစားရ၏။

ထို့နောက် သူနိုးသည် အခြေအနေကို ကောင်းစွာ သဘောပေါက်သွား၏။





သူသည် မီးအလင်းရောင် ပြာလဲ့လဲ့ရှိနေသော အခန်းကျယ်တစ်ခု၏စားပွဲရှည်တစ်လုံးတွင် ရောက်နေ၏။

သူသည် ပက်လက်အနေအထားနှင့် ပြာလဲ့လဲ့ရှိနေသော အခန်းကျယ်တစ်ခု၏စားပွဲရှည်တစ်လုံးတွင် ရောက်နေ၏။ သူသည် ပက်လက်အနေအထားနှင့် စားပွဲရှည်ကြီးမှ အထူးစီမံထားဟန်တူသော သားရေပြားကြီးများနှင့် မလှုပ်သာအောင် တုပ်နှောင်ခံထားရ၏။

ထို့ကြောင့်ပင် သူနိုးက လွတ်ဟနေသော ပါးစပ်မှ

*"ကျုပ်ကို ဘာကြောင့်ချုပ်နှောင်ထားရတာလဲ၊ အပြစ်ရှိတယ်ဆိုရင်လည်း ပုလိပ်လက်ထဲကို အပ်လိုက်ပါ၊ ကျုပ်က ထောင်ကျကျ တန်းကျကျ ဂရုမစိုက်ဘူး၊ ကျုပ်ကို အခုချက်ချင်း လွှတ်ပေးစမ်း"*

ဟု အော်ဟစ်လိုက်၏။

အချုပ်အနှောင်မှ လွတ်မြောက်ရန်လည်း ရုန်းကန်၏။

သို့သော် မည်သို့မျှမထူးခြားဘဲရှိနေလေရာ သူခိုးသည် အသာပင် ငြိမ်၍ တစ်စုံတစ်ရာကို တွေးမိ၏။

*"ဟိုလူကြီး ဘယ်ပျောက်နေပါလိမ့်၊ ဒီလူကြီးက ငါ့ကို မြွေတစ်ကောင်အဖြစ် ပြောင်းပစ်မယ်လို့ ကြိမ်းဝါးခဲ့တာပဲ၊ ဒီလူကြီးဟာ ရူးသွပ်နေတဲ့လူပဲဖြစ်ရင်ဖြစ်၊ မဖြစ်ရင် တကယ်ပဲ မကောင်းဆိုးဝါးကြီးလား မသိဘူး"*

သူခိုးသည် ထိုအတွေးကြောင့် ကျောချမ်းသွား၏။လူတစ်ယောက်က အရှင်လတ်လတ် မြွေဖြစ်ရမည်ဆိုသည်ကိုလည်း တစ်ခါမျှ မကြားဘူးသလို ထူးဆန်းအံ့သြဖွယ်ရာသာဖြစ်၏။

သူခိုးသည် အခန်းတွင်းသို့ ဝေ့ဝဲကြည့်ရှုလေရာ ပြတင်းပေါက်ဟူ၍ တပ်ဆင်မထားဘဲ တစ်နေရာတွင် ခိုင်ခံ့သောသံတံခါးကြီးတစ်ချပ် တပ်ဆင်ထားသည်ကို တွေ့ရ၏။

သူရောက်ရှိနေသော စားပွဲရှည်ကြီးကဲ့သို့ စားပွဲများပေါ်တွင် သူတစ်ခါမျှ မတွေ့မမြင်ခဲ့ဖူးသည့် ဖန်ပုလင်းများ၊ ပိုက်များ၊ ခွက်





များလည်း အစီအရီတင်ထားကာ အချို့စားပွဲထက်မှ ဖန်ပုလင်းကြီးများတွင် အရောင်စုံရှိသည့်အရည်များထည့်ထားပြီး အချို့က ပိုက်နှင့်သွယ်ကာ ရေပလုံစီကလေးများ ထနေ၏။

ထိုအခါ သူခိုးက

*"အင်း… ဒီလူကြီးဟာ တကယ့်ကို လူထူးလူဆန်းကြီးပဲ၊ အိမ်ကြီးတစ်လုံးထဲမှာ တစ်ယောက်တည်း ကျိတ်ပြီး ဘာတွေကြံစည်နေသလဲမသိဘူး၊ ငါ ဒီအိမ်ကြီးထဲကို ခိုးဝှက်ဖို့ရောက်လာတာ ကံဆိုးပြီထင်တယ်၊ သူပြောသလို ငါဟာ မြွေတစ်ကောင်ဘဝကို ပြောင်းလဲသွားရင် ဘယ်လိုတွေဖြစ်ကုန်မလဲမသိဘူး"*

ဟုရေရွတ်လိုက်ပြန်၏။ ထိုအခိုက် သူ၏နောက်ဘေးဆီမှ

*"မင်းဟာ မြွေတစ်ကောင်ဖြစ်သွားပြီဆိုရင် လူတစ်ယောက် မစွမ်းဆောင်နိုင်တဲ့ကိစ္စမျိုးတွေကို စွမ်းဆောင်နိုင်တော့မှာပေါ့ကွ၊ ပြီးတော့ မင်းဟာ*

*အခြားသူတွေကို တိုက်ခိုက်ဖို့အတွက် အထူး တလည် လက်နက်ဆောင်ယူစရာမလိုဘဲ မင်း တစ်ကိုယ်လုံးဟာ အဆိပ်တွေနဲ့ပြည့်နက်နေတဲ့ လက်နက်ကောင်းတစ်ခု ဖြစ်လာတော့မှာပေါ့၊ တိုက်မြွေတစ်ကောင်ဖြစ်တဲ့အတွက် မင်းဟာ ဘယ်လို လူမျိုးကိုမှ ကြောက်ရွံ့စရာမလိုတော့တဲ့ ဘဝကို ပိုင်ဆိုင်ရတော့ မှာပေါ့"*

ဟု အသံထွက်ပေါ်လာ၏။

သူနိုးက နဘေးသို့ ဆတ်ခနဲ ခေါင်းကိုငဲ့၍ကြည့်လေရာ အိမ်ပိုင်ရှင်လူကြီးကို တွေ့လိုက်ရ၏။ လူကြီး၏လက်တွင်း၌ ခရမ်းရောင်အရည်များအပြည့်နှင့် ဆေးထိုး အပ်ကဲ့သို့သော အရာကို ကိုင်ဆောင်ထား၏။

သူနိုးက ရုန်းကန်ပြီး ဒေါသတကြီးနှင့်

*"ခင်ဗျား အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့၊ ကျုပ်ကို အမြန်လွှတ်ပေးပါ"*





ဟုတောင်းဆိုလေရာ လူကြီးကခေါင်းယမ်းပြီး

*"မင်းဟာ မြွေတစ်ကောင်ဖြစ်မှာပဲ ဒီက ထွက်ခွာခွင့်ရလိမ့်မယ်၊ လောလောဆယ် မင်းကို မြွေအဖြစ်ပြောင်းလဲပေးဖို့ လုပ်ငန်းစကြစို့လား"*

ဟုဆိုလေ၏။

သူနိုးသည် လူကြီးကို ကြည့်နေရင်းမှပင် လူကြီး၏ မျက်လုံးအစုံက အနီရောင်အဖြစ် ပြောင်းလဲသွားသလို ထင် မှတ်မိ၏။

အခန်းတွင်း၌ ထွန်းညှိထားသည့် ပြာလဲ့လဲ့မီးရောင်က လူကြီး၏ ဖြူရော်ရော်အသားအရေကို ပို၍ သွေးဆုတ်နေသလို ထင်ရအောင်လည်းရှိနေ၏။

သူနိုးက မျက်လုံးပြူးကျယ်ကာ

*"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ကျုပ်ကို လွှတ်ပေးပါ၊ နောင်ဆိုရင် ဒီအိမ်ကြီးအနားကို ယောင်လို့တောင်မကပ်ပါဘူးလို့ ကတိပေးပါ*

တယ်”

ဟုတောင်းပန်ပြန်၏။

လူကြီးက လက်တွင်းမှ ဆေးထိုးအပ်ကဲ့သို့ ပြွန်ကို ထောင်၍ ကြည့်ကာ မလှုပ်သာအောင်ရှိသည့် သူခိုး၏လည်ပင်းမှ အကြောတစ်ခုကို ထိုးစိုက်လိုက်၏။

သူခိုးသည် ထိတ်လန့်တကြားနှင့်အော်ဟစ်နေစဉ်မှာပင် ပြွန်အတွင်းမှ ခရမ်းရောင်အရည်များက သူ၏ကိုယ်တွင်းသို့ တဖြည်းဖြည်း ဝင်ရောက်နေလေ၏။

လူကြီးသည် မျက်မှောင်ကြုတ်ပြီး အလုပ်ကို ဂရုတစိုက်နှင့် ပြုလုပ်ကာ နှုတ်ဆိတ်လျက်ရှိ၏။

သူ၏အကြည့်က သူခိုး၏မျက်နှာသို့ စူးစိုက်ထား၏။ သူခိုးသည် အချိန်အတန်ကြာမျှ ရုန်းကန်အော်ဟစ်ပြီး မောပန်းသွားသကဲ့သို့ ငြိမ်သက်သွား၏။

ထိုအခါမှပင် ပြွန်အတွင်းမှ အရည်များကုန်ခမ်းသွားလေရာ လူကြီးက အပ်ကို ဆတ်ခနဲ ဆွဲနှုတ်ပြီး





“ပထမအဆင့်တော့ ပြီးသွားပြီ၊ ဟောဒီ အရည်တွေကို မင်းရဲ့ကိုယ်ခန္ဓာထဲ (၇)ရက် ဆက်တိုက် အချိန်မှန်မှန်သွင်းပေးပြီးရင် မင်းဟာ ဂုဏ်ယူစရာကောင်းတဲ့ မြွေတစ်ကောင်ဘဝကို ပြောင်းလဲသွားတော့မယ်၊ ဟားဟားဟား...”

ဟုကျေနပ်ဟန်နှင့်ရယ်မောလေတော့၏။

သူခိုးသည် ငြိမ်သက်နေရင်း သူ၏ကိုယ်ခန္ဓာအတွင်းမှ သွေးကြောများအနှံ့ တဖြည်းဖြည်းနှင့် အကောင်ငယ်ကလေးများ တရွရွသွားလာနေသလို ခံစားရ၏။

ထိုအကောင်ငယ်ကလေးများမှာ အစတွင် ဖြည်းလေးစွာ သွားလာနေသော်လည်း အချိန်နှင့်အမျှ ပို၍မြန်ဆန်လာ၏။

ထိုအခါ သူခိုးသည် နာကျင်သည်လည်းမဟုတ်၊ ခံသာသည်လည်းမဟုတ်ဘဲ အမျိုးအမည်မခွဲခြားတတ်သော ဝေဒနာကြောင့် ထိတ်လန့်ကာ

“ကျုပ်ကိုယ်ထဲက အသွေးတွေ ဘာဖြစ်ကုန်

*ပြီလဲ၊ ကျုပ်က တကယ်ပဲ မြွေဖြစ်တော့မှာလား၊ ကျုပ်ရဲ့မျက်လုံးတွေလည်း ဝါးလာပြီ၊ တစ်ကိုယ်လုံးလည်း ထုံကျင်လာပြီ၊ ကျုပ်ရဲ့အရိုးတွေလည်း အားမရှိဘဲ ပျော့သွားပြီထင်တယ်"*

ဟု အဆက်မပြတ်အော်ဟစ်နေလေတော့၏။

လူကြီးက သူနိုး၏မျက်နှာကို သေချာစွာကြည့်ရှုပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ အခန်းတွင်းမှ ထွက်ခွာပြီး သံတံခါးကြီးကို ဂျိုင်းခနဲ ပိတ်လိုက်လေ၏။

သူနိုးကလည်း တံခါးပိတ်သံနှင့်အတူ သတိကင်းလွတ်သွားတော့၏။ သူသည် မည်မျှကြာကြာ မေ့မြောနေသည်ကို မခန့်မှန်းနိုင်ဘဲ သတိပြန်လည်လာ၏။

မျက်လုံးကို ဖွင့်လိုက်လျှင်ပင် လူကြီး၏မျက်နှာကို တန်း၍မြင်ရ၏။ လူကြီးက သူနိုးကိုငုံ့ကြည့်ပြီး ရေအနည်းငယ်ကို တိုက်ကာ

*"မင်းအတွက် ရေနည်းနည်းပဲလိုမှာပါ၊ မြွေတစ်ကောင်အတွက် အစာအဟာရကို လန့်ရှိပြီး*





*မမှီဝဲဘဲ နေနိုင်တယ်ဆိုတာ မင်းကြားဖူးမှာပေါ့"*

ဟုပြောလေ၏။

သူနိုးသည် ထိုအခါမှပင် သူ့တွင် မည်သည့် အစားအသောက်မျှ မစားသောက်ရသော်လည်း ပြင်းပြစွာ ဆာလောင်ခြင်း မရှိသည်ကို သတိပြုမိ၏။

လူကြီး၏အသံကဆက်၍ ထွက်ပေါ်လာ၏။

*"မင်းက တော်တော်ပျော့တာပဲကွ၊ ငါ့ရဲ့ ပထမအဆင့်ကိုတောင် ခံနိုင်ရည်မရှိဘူး၊ (၃) နာရီတိတိ သတိလစ်သွားတယ်၊ ဒါပေမဲ့ ပထမအဆင့်က အောင်မြင်တယ်ဆိုတာ မင်းကို လက်တွေ့ပြရသေးတာပေါ့"*

ဟုပြောလေ၏။ သူနိုးသည် အူကြောင်ကြောင်နှင့်ရှိနေစဉ် လူကြီးက ရှည်မျောမျောမှန်တစ်ချပ်ကို သူနိုး၏အပေါ်မှ အုပ်မိုး၍ ကိုင်ပြ၏။

သူနိုးသည် ပက်လက်အနေအထားနှင့်ရှိနေသော သူ၏

ပုံရိပ်ကို မြင်ရ၏။

ထိုအခါ ပြာလဲ့လဲ့ဖြစ်နေသော မီးရောင်နှင့်ပင် သူ၏ပုံရိပ်မှ မြွေတစ်ကောင်၏အရေခွံလို အကွက်များ ဖြစ်ပေါ်နေသည်ကို ထင်ရှားစွာ တွေ့လိုက်ရပြီး ထိတ်လန့်ကာ

*"ကျုပ်… တစ်ကိုယ်လုံး ဘာတွေဖြစ်ကုန်ပြီလဲ"*

ဟုအော်ဟစ်လေ၏။

ထို့နောက် သူ၏မျက်လုံးအစုံက ရဲရဲနီနေသလို ပွင့်ဟနေသော ပါးစပ်တွင်းရှိ လျှာကလည်း အပြားလိုက်မဟုတ်ဘဲ မြွေ၏လျှာကဲ့သို့ အလယ်မှကွဲကာ နှစ်ခွဖြစ်နေသည်ကို တွေ့လိုက်ရပြန်၏။

လူကြီးက ဟက်ခနဲရယ်ပြီး မှန်ကိုရုပ်သိမ်းကာ

*"ဒါဟာ ပထမအဆင့်ပဲရှိသေးတယ်"*

ဟုဂုဏ်ယူဝင့်ကြွားဟန်နှင့် ပြောလေ၏။

သူခိုးသည် ကြောင်ငေးငေးနှင့် လူကြီး၏ပါးစပ်တွင်းမှ





လျှာမှာလည်း သူ့လိုပင် နှစ်ခွဖြစ်ပေါ်နေသည်ကို တွေ့ပြန်လေရာ ထိတ်လန့်တုန်လှုပ်ပြီး သတိကင်းလွတ်သွားပြန်၏။

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။

သူနိုးသည် အိမ်ကြီးအတွင်း ရောက်ရှိပြီး မဝင်ရဟု စာတမ်း
ရေးသားထားသော အခန်းတွင်း၌ မြွေတစ်ကောင်၏ကိုက်ခဲမှုကြော
အဆိပ်တတ်ကာ သတိကင်းလွတ်ခဲ့၏။

သတိပြန်လည်လာလျှင် ပြာလွဲလွဲ မီးရောင်ရှိသော
အခန်းကြီးအတွင်းရောက်ရှိပြန်ကာ အိမ်ပိုင်ရှင်လူ...လူဆန်းကြီး
လက်ချက်နှင့် သတိကင်းလွတ်ခဲ့ပြန်၏။





သတိပြန်လည်လာလျှင် သူ၏အဖြစ်အပျက်ကို အံ့သြ
ထိတ်လန့်ရင်း သတိကင်းလွတ်သွားပြန်လေ၏။

ဤသို့ အကြိမ်ကြိမ် သတိကင်းလွတ်လိုက်၊ သတိ
ပြန်လည်လိုက်နှင့် ရှိပြီးနောက် တစ်ကြိမ်သတိရလာသောအခါ
သူ၏အနီး၌ ခပ်ကုပ်ကုပ်ရပ်တန့်နေသော သဏ္ဌာန်တစ်ခုကို
တွေ့လိုက်ပြန်၏။

သူနိုးက ပက်လက်အနေအထားနှင့် ခေါင်းကိုငုံ့ပြီး
ထိုသဏ္ဌာန်အား သေချာစွာမြင်တွေ့စေရန် လှမ်းရှားလေ၏။

ထိုသဏ္ဌာန်ကလည်း သူနိုးသတိပြန်လည်လာသည်ကို
သိပြီး အနီးသို့ တိုးကပ်၍

*"ဟေ့ကောင် 'ကံထူးမောင်'၊ ငါ့ကို မမှတ်မိ
တော့ဘူးလား၊ 'ဖားကြီး' လေ၊ ငါဖားကြီးပါကွ"*

ဟု ပြောလေ၏။

ထိုသူ၏စကားသံက ရေအိုးအတွင်းမှ ထွက်ပေါ်လာသံကို
သြသြကြီးရှိ၏။

သူခိုးက သူ၏အမည်ကို ခေါ်၍ တိုးကပ်လာသော ဖားကြီးဆိုသူအား ကြည့်ပြီး မျက်မှောင်ကြုတ်ကာ

*"ဖားကြီး... မင်းက တကယ်ပဲ ဖားကြီး လား"*

ဟုတအံ့တသြ ရေရွတ်လိုက်၏။

ဖားကြီးသည် မူလကရှိသည့်မျက်နှာပြဲပြဲကြီးက ပို၍ ပြဲ ကားဖောင်းကားနေ၏။

မျက်လုံးကလည်း ပို၍ပြူးကျယ်၏။ မူလက ပုပုဝဝနှင့် ရှိရာ ယခုမူ ထိုထက်ပို၍ လက်ပြင်ကြီးကိုင်း၍ ခါးကုန်းနေ၏။

အသံကမူ မှတ်မိစရာမရှိလောက်အောင် ပြောင်းလဲနေချေပြီ။ ကံထူးမောင်ဟူသော သူခိုး၏စကားဆုံးလျှင် ဖားကြီးက ခေါင်းညိတ်ပြီး

*"မင်း... ငါ့ကိုတွေ့လို့ အံ့သြနေတယ် မဟုတ်လား၊ တကယ်ဆိုရင် ငါဟာ မင်းထက် စောပြီး ဒီနေရာကို (၁၀)ရက်လောက် ကြိုပြီး*





*ရောက်ခဲ့တာကွ"*

ဟုပြောလေ၏။

သူခိုးကံထူးမောင်သည် သူ့လို သူခိုးတစ်ယောက်ဖြစ်သော ဖားကြီးမှာ လွန်ခဲ့သည့်ရက်များက ပျောက်နေသည်ကို သတိပြုမိခဲ့၏။

သို့သော် ဖားကြီးသည် တစ်နေရာတွင် ပွဲပေါက်တိုးပြီး သူတို့သူခိုးလောက၏ ထုံးစံအတိုင်း ပုန်းအောင်းပြီး ခြေရာဖျောက် နေခဲ့သည်ဟုသာ ထင်မှတ်မိ၏။

ယခုမူ ဖားကြီးသည် မိမိထက်စောစွာပင် အိမ်ပိုင်ရှင် လူကြီး၏လက်တွင်းသို့ ကျရောက်နေခဲ့၏။

ထို့ကြောင့် ကံထူးမောင်က အလောတကြီးပင်

*"ဒါဆိုရင် ဖားကြီး မင်းကို ဟိုလူကြီးက မြွေတစ်ကောင်ဖြစ်အောင် ပြောင်းလဲမပေးခဲ့ဘူး လား"*

ဟုမေးမြန်းရာ ဖားကြီးက မျက်လုံးကို ပေကလပ်

ပေကာလပ်လုပ်ပြီး

"ငါ့ကိုလည်း ကြည့်ပါဦးကွာ၊ အရင်ပုံစံ
ဟုတ်သေးရဲ့လား၊ ကဲ…မင်းမြင်သာတဲ့နေရာမှာ
ထင်ရှားအောင် ငါပြမယ်၊ သေသေချာချာ
ကြည့်ပါ"

ဟုပြော၍ နောက်သို့ရုတ်တရက် ခုန်လွှားလိုက်၏။

ဖားကြီးသည် ခြေကိုကန်၍ တစ်ပတ်လှည့်ကာ (၅) ပေခန့် အကွာအဝေးသို့ ရောက်ရှိသွား၏။

ကြမ်းပြင်သို့ ဖားတစ်ကောင်လိုပင် ကုန်းကွကွကြီး ကျရောက်ပြီးနောက် ကံထူးမောင်ဘက်သို့လှည့်ပြီး တစ်စုံတစ်ရာ အော်ဟစ်ပြ၏။

ဖားကြီး၏အသံမှာ တကယ့်ကို ဖားတစ်ကောင်အလား ထွက်ပေါ်လာ၏။ ကံထူးမောင်က ထိုအဖြစ်ကြောင့် မျက်လုံး ပြူးကျယ်သွားပြီး

"မင်း…မင်းဟာ ဖားတစ်ကောင်လိုပါ





ပဲလား၊ ဒါ… ဟို လူကြီးလက်ချက်ပဲလား"

ဟုမေးလိုက်၏။

ဖားကြီးက ဆတ်ခနဲပင် အနီးသို့ခုန်လွှားပြီးရောက်လာကာ သူ၏ရှေ့တွင်ပြီး ပြားပြားကြီးဖြစ်နေသော လက်ဝါးကိုထောင်ပြ၍

"ငါဟာ မူလကတည်းက အမည်က
ဖားကြီးပဲလေ၊ ဟဲဟဲ… အခုတော့ တကယ့်
ဖားတစ်ကောင်ဖြစ်တော့မယ်ကွ၊ ငါ့ရဲ့ပုံသဏ္ဍာန်က
တဖြည်းဖြည်းပြောင်းလဲလာတာ မင်းအမြင်ပဲလေ"

ဟုပြော၏။

ကံထူးမောင်က မျက်ခုံးနှစ်ဖက်မြင့်တက်ကာ

"မင်းက ဒီအဖြစ်ကို ကျေနပ်နေပုံပဲ၊ မင်း
ရူးနေသလား ဖားကြီး၊ လူဟာ ဘယ်တော့မှ
ဖားတစ်ကောင်မဖြစ်သင့်ဘူးကွ၊ မြွေတစ်ကောင်
လည်း မဖြစ်သင့်ဘူးကွ"

ဟုအော်ဟစ်လိုက်၏။

ထိုအခါ ဖားကြီးက ပါးစပ်ကိုဖြဲပြီး ဖားတစ်ကောင်လ
တကျွပ်ကျွပ်အသံနှင့် ရယ်ကာ

*"ဒေါက်တာမြွေသီးကတော့ ငါ့ကို ဖား
တစ်ကောင်အဖြစ်နဲ့သာ အလိုက်ဖက်ဆုံးပဲတဲ့ကွ၊
အဲဒီစကားကို ငါလည်း ထောက်ခံတယ်၊ ဪ…
ဒေါက်တာမြွေသီးဆိုတာ ဒီအိမ်ပိုင်ရှင်လူကြီးလေ၊
ဒီလူကြီးက ငါ့ရဲ့ဆန္ဒကိုဖြည့်ပေးတဲ့အတွက်တောင်
ငါက ကျေးဇူးတင်နေသေးတာကွ"*

ဟုပြော၏။

ကံထူးမောင်က ဖားကြီးကို ရွံရှာဟန်နှင့် စူးစိုက်ကြည့်ပြီ
ရုတ်တရက် ဖားကြီး၏မျက်နှာကို တံတွေးနှင့်ထွီခနဲ ထွေးလိုက်က

*"အရူးတွေပဲ၊ မင်းက ဟိုအရူးကြီးနဲ့
ပေါင်းပြီး အရူးဇာတ်ခင်းနေတာကိုး၊ မင်းတို့အထဲမှာ
ငါမပါနိုင်ဘူး၊ ငါ့ကို လွှတ်ပေးစမ်း၊ မင်း
ငါ့အကြောင်းသိတယ်နော်၊ သူခိုးလုပ်စားနေပေမဲ့*





*သွေးကတော့ ရှိပြီးသားကွ"*

ဟုကြိမ်းဝါးလေ၏။

ဖားကြီးက လျှပ်တပျက်ပင် ပါးစပ်ဟ၍ ရှည်လျားသော
လျှာကိုထုတ်ပြီး မျက်နှာမှ တံတွေးစက်များကို တပျတ်ပျတ်နှင့်
သုတ်သင်ရင်း မျက်နှာငယ်ကလေးဖြစ်ကာ

*"မင်းကို လွှတ်ပေးလို့မဖြစ်ဘူးကွ၊ ငါ
တောင်းပန်ပါတယ်ကွာ၊ ငါ့ကို ဗွေမယူပါနဲ့၊ ငါ
မင်းကိုကြောက်ပါတယ်၊ ငါဟာ ဖားတစ်ကောင်ပါ၊
မင်းက မြွေတစ်ကောင်ပဲ၊ ငါက မင်းကို အမြဲ
ကြောက်ရွံ့နေတဲ့သူပါ၊ လွှတ်ပေးလို့မဖြစ်တာ
ငါတောင်းပန်ပါတယ်၊ အဲဒီကိစ္စကလွဲရင် ကျန်တာ
အားလုံး ငါလုပ်ပေးနိုင်ပါတယ်"*

ဟု အကြိမ်ကြိမ်တောင်းပန်၏။ ကံထူးမောင်က စိတ်ပျက်
ဟန်နှင့် သက်ပြင်းချပြီး

*"ဖားကြီး မင်း စိတ်မှကောင်းသေးရဲ့လား၊*

ငါဟာ ဒီလို အချုပ်အနှောင်ခံမနေရဘူးဆိုရင် အဲဒီလူကြီးကို လုံးဝမကြောက်ဘူးကွ၊ မင်းလည်း လွတ်လွတ်လပ်လပ် သွားခွင့်ရနေတာပဲ၊ ဒီက ထွက်သွားပါလား”

ဟုတိုက်တွန်းလေရာ ဖားကြီးက မျက်နှာပျက်၍

“မလုပ်ပါနဲ့ကွာ၊ အဲဒီဒေါက်တာမြသီးဟာ မြွေတစ်ကောင်ပဲကွ၊ ဒါကို မင်းမသိသေးဘူး ထင်တယ်၊ ငါက မြွေဆိုရင် ဘယ်လို မြွေမျိုးမဆို ကြောက်တယ်ကွ၊ ပြီးတော့ ဟောဒီနေရာက မင်း အလွယ်တကူ ထွက်သွားနိုင်မယ်ထင်လို့လား၊ ဒီနေရာဟာ အိမ်ကြီးရဲ့အောက်တည့်တည့်မှာ လျှို့ဝှက်ရှိနေတဲ့ မြေတိုက်ခန်းပဲကွ၊ ဒီမြေတိုက်ခန်း ရဲ့တံခါးကို ဒေါက်တာမြသီးကလွဲပြီး ဘယ်သူက ဖွင့်နိုင်မှာလဲ၊ ငါ နောက်ဆုံးပြောချင်တာကတော့ မင်းဟာ မြွေတစ်ကောင်ဘဝကို ကျေကျေနပ်နပ်





လက်ခံလိုက်စမ်းပါကွာ၊ ငါဆိုရင် အခု စွတ်စိုပြီး ထိုင်းမှိုင်းနေတဲ့ အခန်းကလေးတစ်ခုမှာနေတယ်ကွ၊ သိပ်ပြီးစိမ်ကျတာပဲ၊ ပြီးတော့ ပိုးကောင်မွှားကောင် တွေနဲ့ စီရင်ထားတဲ့ ဟင်းလျာတွေကလည်း သိပ်ပြီးအရသာရှိတာပဲကွ၊ ငါ့ရဲ့ဖားဘဝကိုတော့ ဘာနဲ့မှမလဲလှယ်နိုင်ဘူးဟေ့၊ မင်းလည်း စိတ်ကူး မလွဲနဲ့၊ မကြာခင် မင်းဆီကို ဒေါက်တာမြသီး လာပြီး ဒုတိယအဆင့်ကို တက်ပေးလိမ့်မယ်ကွ၊ ကွပ်ကွပ် ကွပ်ကွပ်”

ဟုပါးစပ်ကိုဖြဲ၍ရယ်ရင်း ခုန်ဆွခုန်ဆွနှင့် အလိုအလျောက် ပွင့်ဟလာသော သံတံခါးကြီးမှ ထွက်ခွာသွား၏။

သရဖီလှိုင်စာပေ

ကံထူးမောင်သည် ကျောက်ဇလားကြီးတစ်ခုအတွင်း ရောက်ရှိနေ၏။

ဒေါက်တာမြသီးက သူ့ကို စားပွဲပျဉ်ချပ်ကြီးနှင့်အတူ သားရေပြားများနှင့် မလှုပ်သာအောင် ချုပ်နှောင်ရင်း စက်သီးကြိုးနှင့် မ,ကာ ကျောက်ဇလားကြီးအတွင်းသို့ ချထားခဲ့၏။

ထို့နောက် ဇလားထဲသို့ လွှန်စွာအနံ့အသက်ဆိုးရွားလှသည့် နီညိုရောင်အရည်များ ဖြည့်လေရာ ကံထူးမောင်၏နှာခေါင်းပေါက် မျက်နှာပေါ်ရုံရှိမှု ရပ်တန့်၏။





ထိုအရည်များမှ ထွက်ပေါ်လာသော အနံ့အသက်ကို ကံထူးမောင်အနေနှင့် မဝင်ရဟူသော စာတန်းရှိသည့်အခန်းတွင် ရရှိခဲ့ဖူး၏။

ထိုစဉ်က ရေလုံမိုးကာအိတ်ကြီးများနှင့် ထည့်သွင်းထားသည်မှာ ထိုအရည်များပင်ဖြစ်ရပေမည်။

ဒေါက်တာမြသီးက ပြွန်အတွင်းမှ ခရမ်းရောင်အရည်များကို ကံထူးမောင်၏ လည်ပင်းကြောမှ ထိုးသွင်းရန်ပြင်ပြီး

*"ဒါတွေဟာ မြွေတွေရဲ့ ကိုယ်ခန္ဓာထဲက ထုတ်ထားတဲ့ သွေးတွေပဲကွ၊ သူတို့ကို ခဲပြီးစေးမှစ် မသွားအောင်တော့ ဆေးတစ်မျိုးနဲ့ ရောနှောထားရတာပေါ့၊ အဲဒီမြွေသွေးတွေထဲမှာ မင်းကို စိမ်ပြီးမှ ဒုတိယအဆင့်ကို တက်လို့ရမယ်၊ ဒါမှမဟုတ်ရင် ပြောင်းလဲလာတဲ့ အခြေအနေတွေကို မင်း ခံနိုင်ရည် ရှိမှာမဟုတ်ဘူး၊ ဒီအနံ့အသက်ကိုလည်း မင်းအနေနဲ့ ငုံနိုင်ဦးမှာမဟုတ်ဘူး၊ ဒါပေမဲ့ လုံးလုံးလျားလျား*

မြွေတစ်ကောင် ဖြစ်သွားပြီးတဲ့အခါကျရင်တော့ ဒါတွေဟာ မင်းအတွက် ဘယ်လိုမှ ထူးခြားတော့မှာ မဟုတ်ပါဘူး''

ဟုပြောလေ၏။

ကံထူးမောင်သည် အသက်ကိုပင် ဝဝမရှူရဲအောင်ရှိ၏။ ဆိုးရွားလှသော အနံ့အသက်ကြောင့် ဝမ်းခေါင်းထဲတွင် အော်ဂလီဆန်လာသော်လည်း အော့အန်ထုတ်၍မရဘဲ ဖြစ်နေ၏။

ထိုအချိန်၌ မိမိ၏လည်တိုင်ကိုမ၍ ဒေါက်တာမြသီးက အပ်နှင့်ထိုးစိုက်လိုက်သည်ကို ခံရ၏။

ထိုအခါ အရင်အတိုင်းပင် သတိကင်းလွတ်ချင်သလိုဖြစ်လာ၏။ ဒေါက်တာမြသီးက ပြွန်တွင်းမှ အရည်များကို တဖြည်းဖြည်း ထိုးသွင်းရင်း

''ဒီတစ်ခါ မင်းသတိလွတ်မှာမဟုတ်ဘူးကွ၊ ဒါပေမဲ့ မင်းရဲ့စိတ်ဟာ ပုံမှန်အတိုင်းလည်း ကြည်လင်နေမှာတော့မဟုတ်ဘူး၊ မင်းရဲ့အာရုံ





တွေဟာ တွေပြားနေလိမ့်မယ်၊ မင်းဟာ ပထမအကြိမ်မှာ မြွေတစ်ကောင်အဖြစ် ပြောင်းလဲမှုရဲ့ အပြင်ပန်းအခြေအနေကို ခံစားခဲ့ရသလို အခုအကြိမ်မှာတော့ မင်းရဲ့စိတ်က အပြောင်းအလဲကို ခံစားရတော့မယ်၊ မင်းနဲ့ပတ်သက်ဆက်နွယ်ခဲ့တဲ့ မြွေတစ်ကောင်ရဲ့ ပုံရိပ်တွေကို ပီပီပြင်ပြင် မြင်ရတော့မယ်၊ အဲဒါဟာ သိပ်ပြီး ထူးဆန်းတယ်ကွ''

ဟုဆိုလေ၏။ ကံထူးမောင်သည် ဒေါက်တာမြသီး၏ စကားအတိုင်းပင် ခံစားနေရ၏။

သူသည် သတိကင်းလွတ်ခြင်းမရှိဘဲ ဒေါက်တာမြသီး၏ အသံကို ကြားနေရ၏။ အမြင်အာရုံကမူ ဝေဝါးနေ၏။

''မင်းဟာ ဒီရုပ်ခန္ဓာကို မပိုင်ဆိုင်ရခင်က မြွေတစ်ကောင်ဖြစ်ခဲ့မှာ မလွဲပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် မင်းရဲ့အသွင်သဏ္ဌာန်မှာ မြွေကစ်ကောင်ရဲ့ လှုပ်ရှားမှုမျိုးနဲ့ အမူအကျင့်တွေ

*ရှိနေတယ်ကွ၊ ဒါတွေကို ကာယကံရှင်ဖြစ်တဲ့ မင်းကမသိပေမဲ့ ငါကတော့ တွေ့တွေ့ခြင်း သိတယ်ကွ၊ မြွေမြွေချင်း မြေမြင်တယ်ဆိုတဲ့ စကားအတိုင်းပေါ့ကွာ"*

ထိုအခါ ကံထူးမောင်၏အမြင်အာရုံထဲတွင် မြွေတစ်ကောင်က ဖျတ်ခနဲပေါ်လာ၏။ ထိုမြွေမှာ သူကိုယ်တိုင်ဖြစ်နေသည်ကိုလည်း ထူးဆန်းစွာပင် အတွင်းစိတ်မှ သိနေ၏။

မြွေသည် ငန်းမြွေဖြစ်၏။ သူသည်အရင်ဘဝက ငန်းမြွေတစ်ကောင် ဖြစ်ခဲ့ဖူးသလားဟု တဆက်တည်းတွေးမိ၏။ ဒေါက်တာ မြသီးအသံက ပေါ်လာပြန်၏။

*"မင်းဟာ မြွေတစ်ကောင်ဖြစ်ခဲ့မယ်ဆိုရင်လည်း အခြိုးကြီးတဲ့ မြွေပဲဖြစ်လိမ့်မယ်၊ အခုဆိုရင် မင်းရဲ့အာရုံထဲမှာ ပုံရိပ်ပေါင်းတွေ တစ်ကျော့ပြန်ပြီး ပေါ်လာနေပြီမဟုတ်လား၊ မင်းဟာ အခြိုးကြီးတဲ့ မြွေတစ်ကောင်ပါပဲ"*





ကံထူးမောင်သည် အံ့သြရင်း တွေဝေသွား၏။ သူ၏အာရုံထဲမှ ပုံရိပ်သည် သူကိုယ်တိုင် ငန်းမြွေတစ်ကောင်ဖြစ်သလို၊ ဒေါသ ကိုဖြင့် ပွလောင်နေမှန်း ခံစားရ၏။

ပုံရိပ်ထဲမှ ငန်းမြွေက ဒေါသတကြီးဖြစ်နေသလို သူသည် သည်း ဒေါသတို့ အလိပ်လိုက် တက်လာနေ၏။

ငန်းမြွေသည် ရှည်လျားသော မြက်ရိုင်းများအကြားတွင် တစ်စုံတစ်ရာဆီသို့ ဦးတည်ကာ လျောခနဲ လျောခနဲ တိုးဝင်သွားလာ နေ၏။

ထိုအဖြစ်အပျက်က ကံထူးမောင်၏အာရုံထဲတွင် စီကာ ငံကာ ပေါ်နေလေ၏။

ငန်းမြွေသည် ကောင်းစွာမှတ်သားထားသည့် အနံ့တစ်ခုကို ခြေရာခံရင်း လျှင်မြန်စွာ ရွေ့လျားသွားလာနေခြင်းဖြစ်၏။ ထိုရနံ့ က လူတစ်ဦးနှင့်တစ်ဦး ကွဲပြားစွာရှိနေတတ်သည့် ချွေးနှင့် အညစ် အကြေးတို့မှ ထွက်ပေါ်နေခြင်းဖြစ်၏။

မကြာခင်ကမှ ငန်းမြွေမှာ ပုံမှန်အတိုင်း အစာရှာရာမှ

အပြန် နိုအောင်းရာ တောင်ပို့သို့အရောက်တွင် ထူးခြားသောရနံ့ကို သတိပြုမိခြင်းနှင့်အတူ ရန်သူပမာသော အချက်ပေးသံက တစ်ပြိုင်နက်တည်း ဖြစ်ပေါ်သွား၏။

တောင်ပို့အနီးတွင် လူ၏ခြေရာတို့နှင့် ရှုပ်ထွေးနေ၏။

သူသည် ကြာရှည်စွာမစဉ်းစားအားဘဲ တောင်ပို့အတွင်းမှ တွင်းထဲသို့ ခေါင်းထိုးဝင်လိုက်၏။

ထိုအခါမှပင် သူ၏ရင်တစ်ခုလုံး ချောင်းဆန်သွားစေမည့် အဖြစ်ဆိုးကြီးနှင့် ကြုံတွေ့လိုက်ရတော့၏။ သူ၏ကြင်ဖက် ငန်းမြွေမသည် တွင်း၏ အနက်ရှိုင်းဆုံးအပိုင်းတွင် စင်းစင်းကြီး သေဆုံးနေချေပြီ။

မြွေမ၏ ကိုယ်ခန္ဓာအနှံ့တွင်လည်း မိန်းစူးရာတို့ စူးဝင်ပြီး သွေးတို့ ခြင်းခြင်းနီနေ၏။

မြွေမကို တစ်စုံတစ်ယောက်က တွင်းဝမှနေ၍ မှိန်းနှင့်ရက် ရက်စက်စက် ထိုးသတ်သွားခဲ့သည်သာဖြစ်၏။

ငန်းမြွေသည် တောင်ပို့ကို နှစ်ပတ်သုံးပတ်မျှ လှည့်လည်





ပြီးလျှင် ရန်သူ၏ရနံ့ကို ကောင်းစွာမှတ်သားမိပြီဖြစ်၏။ တောလိုက်မုဆိုးအတွက် တောကောင်၏ ခြေရာကို သဲလွန်စကောက်၍ ခြေရာခံသလို၊ ငန်းမြွေသည်လည်း ရန်သူ၏ရနံ့ကို သဲလွန်စကောက်၍ ခြေရာခံလေတော့၏။

သူသည် မြက်ရိုင်းပင်များကြားတွင် တိုးဝှေ့ရင်း လျှင်မြန်စွာ သွားလာနေ၏။

တစ်ချက်တစ်ချက် ဆူဝေနေသော ဒေါသကြောင့် မြွေပြင်နှင့် ကင်းလွတ်ကာ ရှိခနဲ ရှိခနဲ လေထဲတွင် ပျံသန်းသလို ရွေ့လျားနေ၏။

ရန်သူ၏ ရနံ့က ပို၍ပြတ်သားလာ၏။ ရန်သူသည် မဝေးတော့လှတော့ပေ။ သူသည် မြက်ရိုင်းတောမှအလွန်တွင် ဇလီဖားတုံးများ ခင်းထားသည့် မီးရထားသံလမ်းတစ်ခုပေါ်တွင် ခေါင်းတင်မိ၏။

သံလမ်းတစ်ဘက်ရှိ သစ်ပင်ရိပ်တွင် လူတစ်ယောက် အမောဖြေနေ၏။

မြွေက လူကို စူးစိုက်ကြည့်လိုက်၏။ မြွေသည် မြင်နေရသည့်ပုံရိပ်ကို အခြားပုံရိပ်တစ်ခုနှင့် တိုက်ဆိုင်စစ်ဆေးနေခြင်းသာ ဖြစ်၏။

အခြားပုံရိပ်ဆိုသည်မှာ အသင်းကင်းမဲ့နေပြီဖြစ်သော ငန်းမြွေမ၏ မျက်လုံးထဲတွင် စွဲထင်နေခဲ့သော လူတစ်ယောက်၏ ပုံရိပ်ဖြစ်၏။

သူတို့သဘာဝအရ မြွေတိုင်း မသေဆုံးမီ ရန်သူ၏ပုံရိပ်ကို မျက်လုံးထဲတွင် ဓာတ်ပုံရိုက်သလို စွဲထင်နေစေခဲ့၏။ အခြားမြွေတစ်ကောင်က ထိုပုံရိပ်ကို မြင်တွေ့နိုင်၏။

ငန်းမြွေသည် သစ်ပင်ရိပ်အောက်မှ လူ၏ပုံရိပ်မှာ ငန်းမြွေမထံမှ တွေ့မြင်ခဲ့ရသော ပုံရိပ်နှင့် တစ်ထပ်တည်းဖြစ်နေသည်ကို စစ်ဆေးပြီး အဖြေပေါ်သွား၏။

ထိုသူ၏နဘေးတွင် လွယ်ကြိုးကလေးပါသော မြွေပခြုပ်တစ်ခုရှိ၏။ ထိုသူသည် ငန်းမြွေမကို ဖမ်းဆီးရန်ကြိုးစားရင်း မမိသောအခါ တွင်းထဲသို့ မှိန်းနှင့်ထိုးဆွသွားခြင်းသာဖြစ်ရပေမည်။





အဝေးဆီမှ တဂျုန်းဂျုန်းနှင့် ခေါင်းတွဲမည်းမည်းကြီးက ဦးဆောင်၍ မီးရထားတစ်စင်း ခုတ်မောင်းလာနေ၏။ မီးရထားက မည်းမှောင်နေသော မီးခိုးလုံးများကို နောက်တွင်ချန်၍ အရှိန်အဟုန်နှင့်ရွေ့လျားလာနေ၏။

ငန်းမြွေကမူ ရန်သူ ရန်သူမှန်းသေချာစေရန် သံလမ်းတွင် မေးတင်၍ အနံ့ခံအာရုံ၊ အမြင်အာရုံတို့ကို အလုပ်ပေးနေ၏။

ထိုသူသည် ရန်သူသာဖြစ်ကြောင်းသေချာချေပြီ။ ငန်းမြွေသည် ဒေါသကြောင့် အလိုအလျောက်ပင် ကိုယ်ခန္ဓာအတွင်းပိုင်းရှိ လေပြွန်မှတစ်ဆင့် ရှူးခနဲ အသံကြီးထွက်ပေါ်သွား၏။

မီးရထား၏ ဆူညံသံကြားမှ ထိုအသံက စူးရှစွာထွက်ပေါ်လာရာ သစ်ပင်ရိပ်မှ လူလည်း သတိပြုမိသွား၏။ ထိုသူသည် ကြီးမားပြီး ရှည်လျားသော ငန်းမြွေကို မြင်တွေ့ကာ ထိတ်လန့်တကြားထခုန်လိုက်၏။

ငန်းမြွေကလည်း ရန်သူကို အလွတ်မပေးဘဲ တိုက်ခိုက်ရန် တစ်ကိုယ်လုံးရှိ အရိုးအကြောများ တဖျစ်ဖျစ်မြည်သွားသည်ဟု

ထင်ရအောင် ဝေါင့်တင်းသွား၏။

ထို့နောက် အားအင်တို့က အမြီးတွင် စုစည်းမိကာ မြေပြင်တွင် အမြီးကိုထောက်၍ တစ်ကိုယ်လုံး လေထဲသို့မြောက်သွား၏။

သို့သော် အရှိန်အဟုန်နှင့် ဆူညံစွာတိုးဝင်လာသော မီးရထားခေါင်းတွဲကြီးက ငန်းမြွေကို လေထဲတွင်ပင် ထိမိုက်မိပြီး အဝေးသို့ လွင့်စင်ထွက်သွားစေ၏။

ကံထူးမောင်သည် တုန်လှုပ်ခြင်းကြီးစွာနှင့် အားခဲ အော်ဟစ်လိုက်၏။ သူသည် ငန်းမြွေတစ်ကောင်ဖြစ်ခဲ့ပါသလား။

မီးရထားခေါင်းတွဲကြီး၏ ချေမှုန်းခြင်းခံလိုက်ရသော ငန်းမြွေ၏ နာကျင်မှုနှင့် တစ်ထပ်တည်းမှာပင် သူလည်း နာကျင်သွားသည်ဟု ထင်ရ၏။

ကံထူးမောင်၏ မျက်လုံးက ဖျတ်ခနဲပွင့်လာ၏။ ထို့နောက် သူ့အပေါ်မှ အုပ်မိုးနေသော ဒေါက်တာမြသီးကို

*"ကျုပ်ဟာ ငန်းမြွေတစ်ကောင်ဖြစ်ခဲ့ဖူးတယ်၊*





*အဲဒီအချိန်က ကျုပ်ရဲ့ရှန်သူ ပုံရိပ်နဲ့ရုံးကို အခုအထိ မှတ်မိသိရှိနေတုန်းပဲလို့လည်း ထင်တယ်"*

ဟု ပြောလိုက်၏။

ဒေါက်တာမြသီး၏ မျက်လုံးအစုံက ရဲခနဲဖြစ်ကာ အော်ဟစ်ရယ်မောလေ၏။ သို့သော် သူ၏ရယ်မောသံက တရှိုက်ရှိုက်သာ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး

*"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ငါ့ လူရွေးမှန်သွားပြီ၊ အဲ… မြွေအရွေးမှန်သွားပြီ၊ မင်းဟာ တိုက်မြွေကောင်းတစ်ကောင် ဖြစ်ရမယ်"*

ဟုဆိုလေ၏။

ထိုအချိန်၌ ကံထူးမောင်သည် စကားပြောဆိုရင်း သူ၏ ဦးစပ်အတွင်းမှ အပြောင်းအလဲတစ်ခုကို သတိပြုမိ၏။ သူ၏ နှစ်ခွဖြစ်ပေါ်နေသောလျှာက ချွန်မြသောအရာတို့ကို စမ်းသပ်မိခြင်းသာ ဖြစ်၏။

ထို့ကြောင့်သူက

"ကျွန် ဝါးစင်ထဲမှာ အရွယ်တွေထွက်လာပြီ ထင်တယ်"

ဟု ရေရွတ်လိုက်ရာ ဒေါက်တာမြသီးက

"အဲဒီအရွယ်တွေမှာ ရန်သူကို တုံးခနဲ လဲကျစေနိုင်တဲ့ အဆိပ်တွေနဲ့ ပြည့်နှက်နေမှာမလွဲဘူး ကိုယ့်လူ"

ဟုအဖြေပေးလိုက်တော့၏။

ပန်းအိမ် ကွန်ပျူတာ
အမှတ်(၇) မျက်နှာစာတန်း ကျိုက္ကဆံလမ်း ကျောက်မြောင်းဈေး ကာမာ့






ကဲ့ထူးမောင်သည် ကျောက်လောကြီးအတွင်း ပက်လက်အနေအထားနှင့်ပင် ရှိနေဆဲဖြစ်၏။

သူ၏နားထဲတွင် ဒေါက်တာမြသီး၏ 'မင်းဟာ တိုက်မြေတစ်ကောင်ပဲ' ဟူသော အသံကြီးက ပဲ့တင်ထပ်နေ၏။

ဒေါက်တာမြသီးက သူ့ကို ဒုတိယအဆင့် ပြုလုပ်ပြီးလျှင် ရေအနည်းငယ်ကိုသာ တိုက်၍

"မင်းဟာ အစားအစာကို ဆာလောင်မွတ်သိပ်မှု ရှိမှာမဟုတ်ပါဘူး၊ အခုအချိန်မှာလည်း ဘာမှမစားမသောက်ဘဲနေတာ အကောင်းဆုံးပဲ၊ မင်းရဲ့ပြောင်းလဲမှုဟာ ငါထင်ထားတာထက်အောင်အားရစရာကောင်းတယ်၊ မင်းအမည်က ကံထူးမောင်လို့ ခေါ်တယ်၊ အလုပ်က နှိုးဝက်တဲ့အလုပ်၊ ဒါပေမဲ့ ငါ့ရဲ့မြွေတစ်ကောင်အကြောင်းကိုတော့ သေသေချာချာ သိချင်သေးတယ်"

ဟုမေးမြန်း၏။ ကံထူးမောင်သည် ဒေါက်တာမြသီးနှင့် စိတ်လိုလက်ရ စကားပြောချင်စိတ်ပေါ်နေ၏။ ထို့ကြောင့် မျက်လုံးကို မှိတ်ရင်း

"ကျုပ် ဘဝနောက်ကြောင်းက ဘာမှ မထူးဆန်းပါဘူး၊ ကျုပ်ရဲ့မိဘတွေရှိစဉ် လူပျိုပေါက်





အရွယ်အထိတော့ ကျုပ်ဟာ နွားသားပြုစင်တဲ့ လူငယ်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ အပေါင်းအသင်းမှားပြီး အပျော်အပါးနဲ့ အချိန်ကုန်ခဲ့တယ်၊ ကျောင်းပညာကို သေသေချာချာ မသင်ယူခဲ့ဘူး၊ မိဘတွေ ရုတ်တရက် ဆုံးပါးသွားတဲ့အခါ ဘာမှ မယ်မယ်ရရ မလုပ်တတ်တော့ ရှိတဲ့ပစ္စည်းဥစ္စာတွေလည်း ထုံးစံအတိုင်း ပျက်စီးကုန်ခမ်းသွားခဲ့တယ်၊ ဒီလိုနဲ့ ကျုပ်ဟာ လမ်းပေါ်က လူပေ လူတေကလေး တစ်ယောက်ဘဝကို ရောက်ခဲ့တယ်၊ အဲဒီဘဝနဲ့ ကျုပ်ကို ဘယ်အမျိုးအဆွေကမှ ကူညီထောက်ပံ့ပြီး ဆေးဖော်ကြောဖက် မလုပ်ချင်ကြဘူး၊ ဒါကြောင့် ကျုပ်ဟာ ဘကြီးဝမ်းကွဲတော်တဲ့ သူဌေးတစ်ယောက်ရဲ့အိမ်က ရွှေထည်ပစ္စည်းတွေကို အငြိုးအတေးနဲ့ ခိုးယူပြီး သူခိုးဘဝကို စခဲ့တာပဲ၊ နောက်ဆုံး သူခိုးအလုပ်နဲ့ပဲ အသက်မွေးဖို့ ဆုံးဖြတ်

ခဲ့တယ်၊ ကျုပ်ဟာ တချို့သူခိုးတွေလို ဝော်မှုပြတ်မှ ခိုးယူတဲ့လူမဟုတ်ဘူး၊ တစ်လကို တစ်ကြိမ်ပဲ ခိုးယူမယ်လို့ အစီအစဉ်ဆွဲပြီးရင် တစ်ကြိမ်ပဲ ခိုးယူတယ်၊ ပြီးရင် ကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင်က အမြန်ဆုံးခွါရာဖျောက်ပြီး နောက်တစ်နေရာမှာ လှုပ်ရှားတယ်၊ ကျုပ်အလုပ်မှာ ဘယ်တော့မှ အများ အယှင်းမဖြစ်အောင် ဂရုစိုက်တယ်၊ တစ်ကြိမ်နဲ့ တစ်ကြိမ် ခိုးယူတဲ့ ပုံသဏ္ဌာန်ခြင်းမတူအောင် လုပ်တယ်၊ ဒါကြောင့် ကျုပ်ကို ဘယ်လို စုံထောက်၊ ပုလိပ်ကမှ ယုံမှားသံသယမဖြစ်ဘဲ လွတ်မြောက်နေခဲ့တာပေါ့"

ဟုပြောလေ၏။ ဒေါက်တာမြသီးက လက်ဖျောက်တီးပြီး တရှိုးရှိုး ရယ်မောကာ

"ဟုတ်လိုက်လေကွာ၊ ဒါဟာ မြွေတစ်ကောင်ရဲ့ အမူအကျင့်ပဲ၊ မြွေရဲ့ ကောင်းခြင်းတွေထဲမှာ လျှို့ဝှက်သိပ်သည်းခြင်းဆိုတာလည်း ပါတယ်ကွ"





ဟုဆိုလိုက်၏။ ကံထူးမောင်က

"ဒါဟာ မြွေတစ်ကောင်ရဲ့ အမူအကျင့်လား ဆိုတာတော့ ကျုပ်မသိဘူး၊ ကျုပ်အနေနဲ့ ဘယ်လို အရာမျိုးကိုမှ မကြောက်ရွံ့ပေမဲ့ မြွေကိုတော့ ကြောက်ရွံ့တဲ့စိတ်ရှိတယ်ဗျ၊ မြွေနဲ့တူတဲ့ တီကောင်ကိုမြင်ရင်တောင် ကျုပ်ရင်ထဲမှာ ယားကျိယားကျိ ဖြစ်လာတတ်တယ်"

ဟုပြောကာ သူကိုယ်တိုင်ကမူ မြွေတစ်ကောင်ဘဝသို့ ပြောင်းလဲတော့မည်ကို ဖျတ်ခနဲတွေးမိပြီး တုန်လှုပ်ကြောက်ရွံ့သွား၏။ ထို့ကြောင့် ရင်ထဲတွင် ဒေါသတို့ ရုတ်တရက်ဖြစ်ပေါ်ကာ

"ဒါတွေ ခင်ဗျားကိုပြောလို့ အဓိပ်ပဲဗျ၊ ကျုပ်ကို လွှတ်ပေးစမ်းဗျာ၊ ကျုပ် ရွံ့မုန်းတဲ့ သတ္တဝါတစ်ကောင်ဘဝကို ရောက်အောင်လုပ်ဖို့ ကြိုးစားနေတဲ့ ခင်ဗျားကြီးကို ကျုပ်ခွင့်မလွှတ်ဘူး"

ဟုအော်ဟစ်လိုက်၏။

ကံထူးမောင်၏ ပြောင်းလဲသွားသော အခြေအနေကို ကြည့်၍ ဒေါက်တာမြသိန်းက ထူးဆန်းဟန်မပြဘဲ လျှာနှစ်ခွကို လှစ်ခနဲထုတ် လိုက်သွင်းလိုက်လုပ်ပြီး ကျေနပ်ဟန်နှင့်

*"ဟုတ်ပြီကွ၊ ဒါဟာ ဒေါသကြီးတဲ့ မြွေတစ်ကောင်ရဲ့ အပြုအမူမျိုးပဲ၊ မင်းရဲ့ဒေါသကို အဆုံးစွန်အထိ မြှင့်တင်လိုက်စမ်းကွာ၊ ဘယ်လိုဖြစ်လာမလဲဆိုတာ ငါကြည့်ချင်တယ်"*

ဟုပင်ပြော၏။

ကံထူးမောင်၏ မျက်လုံးအစုံက ဖျတ်ခနဲ ရဲရဲနီသွား၏။ ဒေါက်တာမြသိန်းက သူ၏ဒေါသအိုးကြီး ပေါက်ကွဲသွားအောင် စနက်တံကို မီးရှို့လိုက်သလိုရှိ၏။

ကံထူးမောင်၏ ဆူဝေနေသော စိတ်က တစ်ကိုယ်လုံးရှိ သွေးတို့နှင့်အတူ ပြင်းထန်စွာ ..ညှပ်တ်စီးဆင်းနေသည်ဟု ထင်ရ၏။





ထိုအခါ ခန္ဓာကိုယ်တွင်းရှိ ကြွက်သားများ၊ အရိုးအကြောများ တဖျစ်ဖျစ်မြည်သည်ဟု ထင်ရအောင် ရုတ်တရက် လှုပ်ရှားလာ၏။

ဒေါက်တာမြသိန်းက ပြောင်စပ်စပ် မျက်နှာပေးနှင့် မျက်လုံးကို မှေးစင်းကာ လျှာကို တစ်လစ်လုပ်ထား၏။ ကံထူးမောင်သည် ဒေါက်တာမြသိန်း၏ မျက်နှာကြီးကိုကြည့်ရင်း စိတ်က ဂိုဏ်လှုပ်ရှားလာ၏။ ဒေါသက ဆူဝေနေ၏။

ထို့နောက် သူသည် လေချွန်သံကဲ့သို့ မပီမသအသံကြီးနှင့်

*"ကျုပ်ကို လွှတ်ပေးစမ်းဗျာ၊ မြွေတစ်ကောင်ဟာ ဘယ်လို ချုပ်နှောင်မှုမျိုးကိုမှ လက်မခံဘူးဗျ"*

ဟုအော်ဟစ်ရင်း ရုန်းကန်လိုက်၏။

ထိုအခါ ထူးဆန်းစွာပင် ကံထူးမောင်၏ အရိုးများက ..ပျောင်းသွားသလိုရှိကာ ခြေထောက်ကို ပတ်၍ ချုပ်နှောင်ထားသော သားရေပြားကြီးမှ လျှောခနဲ လွတ်ထွက်လာ၏။

ထို့အတူ ခေါင်းကို နီညိုရောင်အရည်များအတွင်း ငုံ့လျှိုး

ပြီး ကိုယ်ကို တွန့်လိမ်လေရာ ချုပ်နှောင်ထားသော သားရေပြား ကြီးမှ လျှောခနဲ လွတ်ထွက်သွားပြန်၏။

ကံထူးမောင်သည် လက်နှစ်ဖက်နှင့် ကျောက်စလားကြီး၏ ဘောင်ကို အားပြု၍ ဝတ်လစ်စလစ်ကိုယ်ခန္ဓာအတိုင်း ရပ်တန့် လိုက်ကာ

*"ကျုပ် လွတ်မြောက်ပြီ၊ ခင်ဗျားဘာတတ်နိုင် သေးလဲ"*

ဟု ထပ်မံအော်ဟစ်လိုက်တော့၏။

ဒေါက်တာမြသီးသည် ပါးစပ်အဟောင်းသားရှိရင်း ကံထူး မောင်ကို စူးစိုက်ကြည့်ပြီးနောက် လက်သီးလက်မောင်းတန်းကာ

*"အောင်ပြီကွ... အောင်ပြီ၊ မင်းဟာ တိုက်မြွေတစ်ကောင်ဖြစ်ဖို့ ရာနှုန်းပြည့် သေချာ သွားပြီ၊ မြွေတစ်ကောင်ရဲ့ကြွက်သားတွေ၊ အရိုး အကြောတွေဟာ ပျော့ရင်ပျော့သလို၊ မာရင် သံချောင်းဆိုတဲ့စကားလိုပဲ၊ လိုသလို ပုံသွင်းလို့ ရတယ်ကွ၊ မင်းဟာ ဒုတိယအဆင့်ကို ကောင်း ကောင်း အောင်မြင်သွားပြီ"*

ဟုပြော၏။

ကံထူးမောင်သည် ဆတ်ခနဲပင် သူ၏ကိုယ်ခန္ဓာကို မမှိတ် သုန် စူးစိုက်ကြည့်လိုက်၏။

ထိုအခါ နှုတ်ဖျားမှ အံ့သြတကြီးနှင့်

*"ဟာ... ကျုပ်...ကျုပ်ရဲ့ အရေပြားတွေ မာပြီး ပြောင်ချောနေပြီ၊ မြွေရဲ့အကြေးခွံတွေလို အကွက်တွေပေါ်နေပြီ၊ ဒါတွေဟာ ခင်ဗျား လုပ် တာပဲ"*

ဟုပြောဆိုလိုက်ကာ ဒေါက်တာမြသီးထံ လွှားခနဲ ခုန်ချ လိုက်၏။

သူသည် မြွေတစ်ကောင်လိုပင် တွန့်လိမ်ရင်း ဒေါက်တာ မြသီးထံ ရောက်ရှိလာ၏။

ဒေါက်တာမြသီးက လက်ကာပြပြီး





သရဖီလှိုင်စာပေ

*"ဟိုးထား ကိုယ့်လူ"*

ဟုအော်ဟစ်ကာ နောက်သို့ ဆုတ်ခနဲ ရွေ့လျားသွား၏။ ကံထူးမောင်က ဆက်၍လက်နှစ်ဘက်ကို စုံမြှောက်ပြီး

*"သေပေတော့ မကောင်းဆိုးဝါးကြီး"*

ဟုကြိမ်းဝါးကာ ထပ်မံတိုက်ခိုက်ရန်ကြိုးစား၏။

ထိုအချိန်၌ ဒေါက်တာမြသီးသည် တည်ငြိမ်စွာနှင့် ကံထူးမောင်ကို စူးစိုက်ကြည့်လျက်သာရှိ၏။

ကံထူးမောင်သည် ဒေါက်တာမြသီးနှင့် အကြည့်ခြင်း ဆုံသွား၏။

ထိုအခါ ဒေါက်တာမြသီး၏ ရဲရဲနီနေသော မျက်လုံးအစုံက ကျဉ်းမြောင်းကာ ရင်ထဲအထိ ထွင်းဖောက်ဝင် ရောက်သွားမတတ် စူးရှစွာရှိနေသည်ကို ခံစားရလိုက်ရ၏။

တစ်ဆက်တည်းပင် ဒေါက်တာမြသီးက တရှိုက်ရှိုက်လေသံနှင့်

*"ရပ်လိုက်စမ်း"*

ဟု အမိန့်ပေး၏။





မမြင်ရသောအရာတစ်ခုက အင်အားကြီးစွာနှင့် ကံထူးမောင်ကို ရစ်ပတ်တုတ်နှောင်လိုက်သလို တုံ့ခနဲရပ်တန့်သွားစေ၏။

ထို့အပြင် ဒေါက်တာမြသီး၏ မျက်လုံးမှာ တန်ခိုးအရှိန် အဝါကို မတွန်းလှန်နိုင်သလို ကံထူးမောင်က အကြည့်ကို ဆုတ်ခနဲ လွှဲဖယ်လိုက်၏။

သူ့တွင်ဖြစ်ပေါ်နေသော ဒေါသတို့ ရုတ်ခြည်းပျောက်ကွယ်ကာ အားငယ်ကြောက်ရွံ့စိတ်တို့ ဝင်လာ၏။

ဒေါက်တာမြသီးက ဖျတ်ခနဲအနီးသို့ ရွေ့လျားလာပြီး လေသံတိုးတိုးနှင့်

*"မြွေတစ်ကောင်ရဲ့ ညှို့ချက်ဆိုတာ ခေါင်းကနေပြီး အမြီးဖျားအထိရှိတယ်ကွ၊ ငါ့မှာလည်း ခေါင်းကနေ ခြေထောက်အထိ ညှို့ချက်ရှိတယ်၊ မြွေတစ်ကောင်အတွက် အရေးအကြီးဆုံး အသုံးအဝင်ဆုံးအရာ အဆိပ်ပြင်းထန်မှု မဟုတ်ဘူးကွ၊ ညှို့ချက်ပဲ၊ ဝမ်းနည်းစရာကောင်းတာက ငါဟာ*

မင်းကိုဘယ်လိုမှ ညှို့ချက်ဖြစ်ပေါ်အောင် လုပ်ပေးနိုင်စွမ်းမရှိတာပဲ”

ဟုဆိုလေတော့၏။





ကံထူးမောင်သည် ဒေါက်တာမြသီး၏ အမိန့်နှင့် ကျောက်လောကြီးအတွင်း ပြန်လည်ရောက်ရှိနေပြီဖြစ်၏။ ကိုယ်ခန္ဓာအား မည်သည့်အရာနှင့်မျှ တုတ်နှောင်ထားခြင်းမရှိသော်လည်း သူသည် ငြိမ်သက်စွာသာရှိ၏။

ထို့အပြင် ကျောက်လောကြီးအတွင်းမှ နီညိုရောင်အရည်များ၏ ဆိုးရွားလှသော အနံ့အသက်ကို နှာခေါင်းယဉ်နေပြီလား မသိ၊ မည်သို့မျှ ထူးခြားမှုမရှိတော့ချေ။

သူသည် ထိုအရည်အတွင်း နှစ်မြုပ်နေသည်မှာ တစ်သက်လုံး သက်သောင့်သက်သာရှိ၍ စိမ်တစ်မျိုးကျကြောင်း မှတ်ထင်နေ၏။ ဒေါက်တာမြသီးက အခန်းတွင်းမှ ထွက်ခွာမသွားမီ

*"မင်းအနေနဲ့ ဒီမှာ လွတ်လွတ်လပ်လပ် နေလို့ရပြီ၊ ဟောဒီသံတံခါးကြီးကို အသင့်ဖွင့်ထားမယ်၊ အပြင်မှာ တံခါးတစ်ချပ်ရှိတဲ့ အခန်းတစ်ခန်းရှိသာယ်၊ အဲဒီအခန်းကတော့ မြေတိုက်ခန်းရဲ့ ထွက်ပေါက်ပဲ၊ အပြင်က အလင်းရောင်နဲ့လေကို တိုက်ရိုက်ရအောင် စီမံထားတယ်၊ အဲဒီအခန်းမှာ မင်းဆာလောင်ရင် ဝမ်းဗိုက်ဖြည့်တင်းဖို့ အစားအသောက်နဲ့ အဝတ်အထည်တွေ အသင့်ရှိတယ်၊ ဒီထက်ပိုပြီး လိုအပ်တာတွေရှိရင် အပြင်နဲ့ ဆက်သွယ်ထားတဲ့ ပိုက်လုံးက တဆင့် ဗားကြီးကို လှမ်းခေါ်လိုက်ပါ၊ ဗားကြီးဟာ ဒီနေရာမှာ ငါတို့အတွက် အစေခံကောင်းတစ်ယောက်ပဲ"*





ဟုမှာ၏။

ကံထူးမောင်သည် လွတ်လပ်မှုရသွားသောကြောင့် စိတ်ကျေနပ်သလို ဖြစ်သွား၏။ နှစ်နှစ်ခြိုက်ခြိုက်လည်း အိပ်မောကျသွား၏။

သူသည် အချိန်မည်မျှကြာကြာ အိပ်ပျော်နေမှန်းမသိဘဲ နီးလျှင်နီးခြင်းပင် ကျောက်ဇလားအတွင်းမှ ခုန်ထပြီး

*"ငါ ဘာဖြစ်နေသလဲ၊ ဒေါက်တာမြသီးရဲ့ အလိုကိုလိုက်ပြီး ရူးသွပ်နေပြီလား၊ ဒီဘဝကို ငါ ဘယ်လိုမှလက်မခံနိုင်ဘူး"*

ဟုရေရွတ်လေ၏။

ကံထူးမောင်သည် အခန်းတွင်းရှိ မှန်တွင် တစ်ကိုယ်လုံးစေ့စေ့စပ်စပ်ကြည့်ကာ ရင်ထဲတွင် လှိုက်ခနဲဝမ်းနည်းလာပြန်၏။

*"လူက မြွေဖြစ်သွားတယ်ဆိုတာ တော်တော်ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်ပဲ၊ ငါ့ရဲ့ ကိုယ်ခန္ဓာကြီးနဲ့ အတွင်းစိတ်ဟာ ဒေါက်တာ*

*မြွေသီးရဲ့ နောက်ထပ်လုပ်မဲ့အဆင့်တွေမှာ ဘယ်လို*
*ပြောင်းလဲလာမလဲ မသိသေးဘူး"*

ကံထူးမောင်သည် မှန်ရှေ့မှ ချာခနဲလှည့်ပြီး အခန်းပြင်သို့ ပြေးထွက်လာ၏။

ထိုအခါ (၁၀)ပေပတ်လည်ခန့်ရှိမည့် အခန်းတစ်ခုအတွင်း ရောက်ရှိလာ၏။

အခန်းတွင်း၌ စားပွဲတစ်လုံးနှင့် အဝတ်အစားများ ထည့်ထားဟန်တူသော ဗီရိုပုကလေးတစ်လုံးရှိ၏။

စားပွဲထက်တွင်လည်း တာရှည်ခံသည့် မုန့်ခြောက်များ၊ အသားခြောက်ကင်များနှင့် ရေတစ်အိုးရှိ၏။

အခန်း၏မျက်နှာကျက်နေရာ၌ လေဝင်ပေါက်တစ်ပေါက် ဖောက်ကာ သံတိုင်များတပ်ဆင်ထား၏။

ထိုမှနေ၍ အလင်းရောင်နှင့် လတ်ဆတ်သောလေကို ရရှိ၏။ တံခါးအတွင်းတွင် နံရံတွင်မြှုပ်ထားသော ပိုက်ဝတစ်ခုကို တွေ့ရ၏။





ထိုပိုက်မှအသံပေးပြီး ဖားကြီးကို ခေါ်ယူနိုင်၏။ ကံထူးမောင်က ပိုက်ဝမှနေ၍ ဖားကြီးကိုခေါ်ရန်ပြင်ပြီးမှ စိတ်ပြောင်းသွားကာ မျက်နှာကျက်ကိုမော့၍ ကြည့်လိုက်၏။

သူသည် လျှင်မြန်စွာပင် စားပွဲကို မျက်နှာကျက်လေဝင်ပေါက်အောက်သို့ရွှေ့၏။ စားပွဲထက်တွင် ဗီရိုပုကလေးကိုတင်၏။

ထိုအပေါ်သို့တက်ပြီးနောက် လေဝင်ပေါက်သံတိုင်ကို ခိုဆွဲ၏။ သံကိုင်အပေါက် သူ၏ခေါင်းတစ်လုံးဝင်သာရုံသာ ရှိ၏။

ထိုမှနေ၍ ပြာလဲ့၍ တိမ်ဖြူတို့ရွေ့လျားနေသော ကောင်းကင်ကို မြင်နေရ၏။

ကံထူးမောင်က အံကြိတ်ပြီး

*"ကြည့်စမ်း၊ အပြင်လောကကြီးဟာ*
*ဘယ်လောက်လွတ်လပ်သလဲ၊ ငါ ဘာလို့ ဒီအထဲ*
*မှာအပိတ်ခံနေရမှာလဲ၊ ပါမောက္ခ*... 

*မှာအပိတ်ခံပါယ်မဲ့ပိတ်လှောင်ခံနေရမှာလဲ၊ ဟိုမကောင်း*
*ဆိုးဝါးကြီးရဲ့ ထိန်းချုပ်မှုကို ဘာကြောင့်နာခံနေ*
*ရမှာလဲ"*

ဟု ရေရွတ်လိုက်၏။

သူသည် သံတိုင်ပေါက်မှ လွတ်မြောက်ရန် ခေါင်းတိုး ဝင်၏။ သူ၏ကြိုးစားမှုက အချည်းနှီးသာဖြစ်၏။

သူ၏ခေါင်းကို အပြင်သို့ အနည်းငယ်မျှရွေ့လျားရန် မတတ်နိုင်သော်လည်း အကြိမ်ကြိမ်ပြုလုပ်၏။ လွတ်လပ်မှုကို တောင့်တလေ ချုပ်နှောင်ခံရသည့်စိတ်က ပို၍တင်းကျပ်လေ ဖြစ်လာ၏။

ထိုအခါ သူ့စိတ်က ဒေါသတို့နှင့် ဆူဝေလာ၏။ သူသည် အားကိုတင်းပြီး ခေါင်းတစ်ခုလုံး ကွဲကြေသွားပါစေဟု စိတ်ပိုင်းဖြတ်၍ သံတိုင်ကြားမှ ရုန်း၍ထိုးထွက်လိုက်၏။

ထိုအခါ သူထင်မှတ်ထားသလိုမဟုတ်ဘဲ ဦးခေါင်ခွံက သံတိုင်ကြားသို့ အလိုက်သင့်ကျုံ့၍ လျောခနဲတိုးဝင်သွား၏။

ကံထူးမောင်က အားတက်ပြီး ဆက်လက်ရွေ့လျားရုန်းကန် လေရာ ခန္ဓာကိုယ်တစ်ခုလုံးရှိ အရိုးအကြောများက ပျော့ပျောင်း၍ သံတိုင်ကြားမှ မြွေတစ်ကောင်ထွက်လာသလို လွတ်မြောက်သွား



တော့၏။

ကံထူးမောင်သည် ပတ်ဝန်းကျင်ကိုပင် ဂရုမပြုမိတော့ဘဲ ဝမ်းမြောက်ဝမ်းသာနှင့်

*"လွတ်ပြီကွ၊ ဒီငရဲဘုံက လွတ်ပြီဟေ့"*

ဟု ကြွေးကြော်လိုက်၏။

သို့သော် ရုတ်ခြည်းပင် နံနက်ခင်းရောင်ခြည်နှင့် အလင်းကြောင့် သူ၏အရေပြားများ မခံမရပ်နိုင်အောင် ပူလောင်လာ၏။

လေကလေးတစ်ချက်အဝှေ့တွင်ပင် သူ၏ကိုယ်ခန္ဓာတစ်ခု လုံးအား အပ်အစင်းပေါင်းများစွာနှင့် ထိုးစိုက်သလို နာကျင်လှ၏။

ကံထူးမောင်၏အပျော်စိတ်က မျက်စိတစ်မှိတ်အတွင်း ပျောက်ဆုံးသွား၏။ သူသည် အိမ်ကြီး၏အနောက်ဘက်တွင် ရောက် ရှိနေခြင်းဖြစ်၏။

ထိုနေရာနှင့် မလှမ်းမကမ်းတွင် ဧရာဝတီမြစ်ကြီးအတွင်းသို့ စီးဆင်းသွားသော ချောင်းတစ်ခုရှိ၏။

ကံထူးမောင်သည် ဝေဒနာမှသက်သာရန် ချောင်းအတွင်း

ပြေးဆင်းရန် ကြံစည်၍ ခြေလှမ်းပြင်၏။ သို့သော် သူ၏ ဦးတည်ရာသို့ မဲမဲအရိပ်ကြီးတစ်ခုက လွှားခနဲခုန်လွှား၍ ရောက်ရှိကာ ပိတ်ဆို့ဟန့်တားခြင်းကို ခံရ၏။

ခွေးနက်ကြီးသည် အစွယ်ဖွေးဖွေးကိုဖြဲ၍ မာန်ဖီကာ ကံထူးမောင်ကို အလစ်မပေးဘဲရှိနေ၏။ ကံထူးမောင်က လက်မြှောက်တီးပြီး

*"ဟေ့ကောင်၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"*

ဟု အသံဗရဲကာ ချော့မော့ရင်း ရှေ့သို့ ခြေတစ်လှမ်းတိုး၏။

ခွေးနက်ကြီးက ကြောက်စရာအသံကြီးနှင့် ကျယ်လောင်စွာ မာန်ဖီရင်း ခုန်အုပ်တိုက်ခိုက်ဟန် ပြင်၏။

ကံထူးမောင်သည် ကိုယ်ရှိန်ကို ချက်ချင်းသပ်လိုက်ရ၏။ သူ့ကို ခွေးနက်ကြီးက အချိန်မရွေး တိုက်ခိုက်တော့မည် ဖြစ်၏။

သူသည် နာကျင်ခံခက်လှသော ဝေဒနာကြောင့် ဒူးညွတ်၍





လဲပြိုချင်သလိုဖြစ်နေ၏။ ထိုအခိုက် ခွေးနက်ကြီးက အသံပေးပြီး ရှေ့သို့ တစ်လှမ်းရွေ့လျားလာ၏။

ကံထူးမောင်က နောက်သို့ တစ်လှမ်းဆုတ်ခွာရင်း

*"ဟေ့ကောင်ကြီး၊ ဖယ်စမ်းကွာ၊ ငါ့ကို ဘာကြောင့်မမှတ်မိတော့တာလဲ"*

ဟု အသံပေးရ၏။

သူ၏အသံကြားမှပင် ခွေးနက်ကြီး၏မာန်ဖီသံက ပို၍ ကျယ်လောင်လာ၏။ ခွေးနက်ကြီးက ဆက်၍တိုးလာပြန်ရာ ကံထူးမောင်သည် ဆုတ်ရပြန်သည်။

ခွေးနက်ကြီးကို သူ့အနေနှင့် ယခု မည်သို့မျှယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းမရှိချေ။ ခွေးနက်ကြီးကမူ သူ့ကို ရန်သူတစ်ယောက်လို သဘောထား၍ သွားကိုဖြဲကာ တရွေ့ရွေ့တိုးကပ်လာနေ၏။

ကံထူးမောင်သည် နောက်ကြောင်းသို့ ပြန်လှည့်ပြေးရန်ပင် အားအင်မဲ့နေ၏။ သူသည် ဆုတ်ခွာရင်း မြေတိုက်ခန်း၏သံ[illegible]ကာ

ထားရာ လေဝင်ပေါက်ကို ခြေချမိ၏။

မကြာခင်က ထိုအပေါက်မှ သူထွက်ခဲ့၏။ ကံထူးမောင်သည် ကြာရှည်စွာမစဉ်းစားတော့ဘဲ စိတ်ကိုတင်းပြီး လွတ်မြောက်ရေးအတွက် သံတိုင်ပေါက်မှခေါင်းစိုက်ကာ အတင်းတိုးဝင်လိုက်တော့၏။

သူ၏ကိုယ်ခန္ဓာက လျှောခနဲပင် သံကိုင်ကြားမှ ဖြတ်သန်းပြီး အောက်သို့ ဖုတ်ခနဲပြုတ်ကျလာ၏။ သူရွှေ့ခဲ့သော ဇီရိုပုကလေးနှင့် စားပွဲမှာ မူလနေရာသို့ ပြန်ရောက်နေချေပြီ။

စားပွဲထက်တွင် ဒေါက်တာမြသီးက အခန့်သားထိုင်၍ လက်ဝိုက်ကာ ကြမ်းပြင်မှ လူးလဲထလာသော ကံထူးမောင်ကို

*"မင်းဟာ ဘဝတစ်ခုကို အသစ်စပြီး ဝင်ရောက်လာစပဲရှိ သေးတယ်ကွ၊ ဥပမာပြရရင် သန္ဓေသားလောင်းကလေးအဆင့်ပဲ ရှိသေးတယ်၊ ဒါကြောင့် မင်းရဲ့ကိုယ်ခန္ဓာဟာ အသစ်တွေ ပြောင်းလဲ ဖြစ်ပေါ်နေတဲ့အတွက် အတိအကိုက်*





*မခံနိုင်သေးဘူးကွ၊ တတ်နိုင်သလောက် ဟောဒီက ကျောက်စလေးကြီးထဲမှာ စိမ်နေတာ အကောင်းဆုံးပဲကွ၊ မင်းက ကိုယ့်ကိုယ်ကိုယ် လူတစ်ယောက်လို့ သတ်မှတ်ပြီး လူတွေရဲ့ အမူအကျင့်အတိုင်း လုပ်မိတာကိုးကွ၊ မင်းဟာ လူမဟုတ်တော့တာကို ခွေးနက်ကြီးကသောင်သိတယ်။ ခွေးဆိုတဲ့သတ္တဝါနဲ့ မြွေဟာ ကမ္ဘာရန်ဆိုတာ မင်းသိမှာပါ၊ အဲဒီတော့ မင်းဟာ လူယောင်ဆောင်ထားတဲ့ မြွေတစ်ကောင် ဆိုတာ မြဲမြဲမှတ်ထားစမ်းပါကွာ"*

ဟု ပြောလေ၏။

ကံထူးမောင်သည် အင်းအားချည့်နဲ့နေသည့်ကြားမှပင် ဒေါက်တာမြသီး၏ "မင်းဟာ လူယောင်ဆောင်ထားတဲ့ မြွေတစ်ကောင်ပဲ" ဟူသော စကားက နားထဲတွင် ပဲ့တင်ထပ်လျက် ရှိလေ၏။

ဤသို့ဖြင့် အချိန်တို့ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့၏။

ဒေါက်တာမြသီးက ကံထူးမောင်ကို နောက်ဆုံးအဆင့်အနေနှင့် လည်ပင်းကြောအတွင်းသို့ ပြွန်တွင်းမှအရည်များ ထိုးသွင်းရန်ပြင်ဆင်ရင်း





*"မင်းဟာ လူယောင်ဆောင်ထားတဲ့ မြွေတစ်ကောင်ဆိုတာ ဘယ်တော့မှမမေ့ပါနဲ့၊ မင်းဟာ မြွေလိုတွေးပြီး မြွေလိုပဲ ပြုမူရမယ်၊ လိုအပ်မှသာ လူနဲ့သဏ္ဍာန်တူအောင် သရုပ်ဆောင်ရမယ်"*

ဟု ပြောလေ၏။

အနီးတွင်ရှိသော ဖားကြီးထံမှ တကွပ်ကွပ်နှင့် ရယ်မောသံလို ထွက်လာရာ ဒေါက်တာမြသီးက ဆတ်ခနဲလှည့်ကြည့်လိုက်မှ ငြိမ်ကုတ်သွား၏။

ဒေါက်တာမြသီးက ဆက်၍ ကံထူးမောင်ကို

*"မင်းအနေနဲ့ စိတ်လှုပ်ရှားမှုကင်းမဲ့နေတဲ့အခါမှာ ပုံမှန် လူတစ်ယောက်သဏ္ဍာန်အတိုင်း ပိပိရိရိ ဟန်ဆောင်နေနိုင်မှာပဲ၊ ဝမ်းနည်းတာ၊ ပျော်ရွှင်တာ၊ ဒေါသထွက်တာစတဲ့ ပြင်းပြတဲ့ စိတ်လှုပ်ရှားမှုတွေ ဖြစ်ပေါ်လာရင်တော့ ချက်ချင်းပဲ*

*မြွေတစ်ကောင်ရဲ့ အသွင်အပြင်မျိုး ဖြစ်ပေါ်သွားလိမ့်မယ်၊ ကဲ… လုပ်ငန်းစမယ်"*

ဟု ဆိုပြန်၏။

ကံထူးမောင်သည် မျက်လုံးကိုမှိတ်၍ ငြိမ်သက်လျက်သာရှိ၏။ သူ၏စိတ်မှာ အခြေအနေနှစ်ခုဘက်သို့ တစ်ဖက်နှင့်တစ်ဖက် လွန်ဆွဲနေ၏။

သူသည် မြွေကိုရွံမုန်းသလို တစ်ဖက်ကလည်း ထိုအဖြစ်ကို ကျေနပ်နေသလိုရှိ၏။

မြွေအဖြစ်က သူ့ကို ပို၍ စွမ်းအားများ တိုးပွားစေသလိုရှိသည်မဟုတ်ပါလား။

အချိန်အတန်ကြာလျှင် ဒေါက်တာမြသီးက ကံထူးမောင်ကို ဇလားအတွင်းမှထွက်ခိုင်းပြီး အတွင်းခံဘောင်းဘီတိုကလေးဝတ်ဆင်စေကာ မှန်ကိုကြည့်စေ၏။

ကံထူးမောင်သည် မှန်တွင်းမှ ပုံရိပ်ကိုမြင်လျှင် အံ့သြပြီး မျက်နှာရှုံ့မဲ့ပြကာ





*"ကျုပ်ရဲ့ရုပ်သွင်ပြင်က ပုံမှန်အတိုင်းပါပဲလား"*

ဟု အော်ဟစ်လိုက်၏။ ဖားကြီးက ကံထူးမောင်၏ ကျောပြင်ကို ပွတ်သပ်ကြည့်ပြီး

*"မင်းရဲ့အရေပြားတွေက အကောင်းအတိုင်းဖြစ်သွားပြီကွ၊ မင်းဟာ လူပြန်ဖြစ်သွားပြီ ထင်တယ်"*

ဟု ပြောလေရာ ဒေါက်တာမြသီးက ကိုယ်ကို တွန့်လိမ့်ပြီး အော်ဟစ်ကာ

*"ဘာလူလဲကွ၊ လူယောင်ဆောင်ထားတယ်ဆိုတာ သဘောမပေါက်ဘူးလား၊ သူဟာ လူ့အသွင်အပြင်နဲ့ရှိနေပေမဲ့ သူ့ရဲ့ကိုယ်ခန္ဓာထဲမှာ မြွေသွေးတွေ လှည့်ပတ်စီးဆင်းနေတယ်ကွ၊ သူ့ရဲ့စိတ်နှလုံးက မြွေတစ်ကောင်ရဲ့စိတ်နှလုံးနဲ့ ထပ်တူဖြစ်နေပြီကွ"*

ဟု ဒေါ်သတကြီးပြောဆိုလေ၏။ ကံထူးမောင်က ဆတ်ခနဲ တုန်ရင်ပြီး သက်ပြင်းချကာ

*"ကျွန်ုပ် သဘောပေါက်ပါပြီဗျာ၊ ကျွန်ုပ်ကို ဒီလို ဘာကြောင့်လုပ်ရတာလဲ၊ ခင်ဗျားမှာ နိုင်လုံတဲ့အကြောင်းတော့ရှိမယ် ထင်တယ်"*

ဟု မေးမြန်းလိုက်၏။

ကံထူးမောင်သည် စကားပြောနေစဉ်အတွင်း၌ပင် စိတ်လှုပ်ရှားမှုကြောင့် အရေပြားများ တင်းမာလာသလို ခံစားရသည်ကို သတိပြုမိ၏။

သူသည် ထိုအချက်ကို ဂရုပြုရပေမည်။ ဒေါက်တာမြသီးက သဘောကျဟန်နှင့် တချီးချီးအသံပြုကာ

*"ဟုတ်တာပေါ့ကွ၊ ငါဟာ ဒီကမ္ဘာကြီး တစ်ခုလုံး မြွေတွေအဖြစ် ပြောင်းလဲဖို့ကြံစည်နေခဲ့တာပဲ"*

ဟု အဖြေပေးလေ၏။





ထိုအခါ ဖားကြီး၏ ပြူးကျယ်သောမျက်လုံးက ပို၍ ပြူးကျယ်သွားကာ ရင်ဘတ်ကို လက်နှင့်ဖိပြီး

*"ဘုရား...ဘုရား... အားလုံးက မြွေတွေပဲ ဆိုရင် ငါတို့ ဖားတွေ မျိုးပြုတ်ကုန်တော့မှာ ပဲ"*

ဟု ထိတ်လန့်တကြား ရေရွတ်လေ၏။ ဒေါက်တာမြသီးက နှာခေါင်းရှုံ့ပြီး

*"ဖားဆိုတဲ့သတ္တဝါဟာ ဘာမှအစွမ်းအစ ရှိတာမဟုတ်ဘူး၊ ဖားတွေပျောက်ကွယ်သွားလို့ လည်း ဘာမှမထူးခြားဘူး"*

ဟု ဆိုလေရာ ဖားကြီးသည် မျက်နှာငယ်ကလေးနှင့် ငြိမ်သွားတော့၏။

ကံထူးမောင်၏ခေါင်းထဲတွင် ချာချာလည်နေ၏။

ဒေါက်တာမြသီးပင် ရူးသွပ်နေသလော။ သို့ပင် ရူးသွပ်နေသလောဟု တွေးမိ၏။

သို့သော် အဖြစ်မှန်က မိမိသည် မြွေတစ်ကောင်အဖြစ် ပြောင်းလဲနေခဲ့ပြီဖြစ်၏။

ဒေါက်တာမြသီးက ကိုယ်ကိုတွန့်လိမ်ရင်း သူတို့ရှေ့တွင် ခေါက်တုန့်ခေါက်ပြန်သွားလာကာ

*"မင်းနဲ့ဖားကြီး မကြာခင် အပြင်လောကကို ထွက်ရမယ်၊ မင်းတို့ကို လွှတ်လပ်ခွင့်ပေးလိုက်ပြီ"*

ဟု ပြောလေရာ ကံထူးမောင်က မျက်မှောင်ကြုတ်ပြီး

*"ကျုပ်တို့က ဘာလုပ်ရမှာလဲ"*

ကံထူးမောင်၏အမေးကြောင့် ဒေါက်တာမြသီး၏ လည်ပင်းကြောကြီးများ ထောင်ထပြီး မျက်လုံးက ရဲရဲနီလာ ကာ

*"မင်းဟာ တိုက်မြွေတစ်ကောင်ပဲ၊ အဲဒီ အတွက် ငါ့ဘဝတစ်ခုလုံးကို တစ်စစီဖြစ်အောင် လုပ်ခဲ့တဲ့ လူတစ်ယောက်ကို ငါ့ကိုယ်စား လက်စား ချေ သုတ်သင်ပစ်ရမယ်၊ ဒါဟာ ငါ့ရဲ့အမိန့်ပဲ"*





ဟု အသံက ဆူးဆူးရှရှ ထွက်ပေါ်လာ၏။

ထိုအချိန်သံက ကံထူးမောင်၏စိတ်ကိုလွှမ်းမိုးကာ ငြင်းဆန်ရန် အားအင်မရှိဘဲ အလိုအလျောက်ပင် ခေါင်းညိတ်ပြီး

*"ခင်ဗျားအမိန့်ကို ဆိတ်ကျကျ လိုက်နာပါ့ မယ်"*

ဟု ကတိပေးလိုက်တော့၏။ ဒေါက်တာမြသီးက မျက်နှာ ရွှင်ပြပြီး

*"မင်းဟာ တိုက်မြွေတစ်ကောင်ပါပဲကွာ၊ မင်း ဘယ်လိုလုပ်ရမလဲဆိုတာ ငါထပ်ပြော မယ်"*

ဟု ချိုးမွမ်းကာ ထွက်ခွာသွားလေ၏။ ထိုအခါ ဖားကြီးက ကံထူးမောင်အနီး တိုးကပ်လာကာ

*"မင်း တကယ်ပဲ မြွေဖြစ်သွားပြီလား"*

ဟု မေးမြန်း၏။

ကံထူးမောင်က ခေါင်းယမ်းပြီး

*"မသိဘူး၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ဒေါက်တာမြသိန်းရဲ့ အစိုးရုံးမှန်သမျှကို ဆောင်ရွက်ပေးရမယ်ဆိုတာကိုပဲ သိတယ်၊ ငါဟာ လူလား၊ မြွေလားဆိုတာကို မတွေးတော့ဘူး"*

ဟု အဖြေပေး လိုက်၏။ ဖားကြီးက ခါးကြားမှ စက္ကူလိပ်တစ်ခုကိုထုတ်၍ပေးကာ

*"ငါ ဒီနေ့ အဲဒီလူကြီးရဲ့အိပ်ခန်းကို သန့်ရှင်းရေးလုပ်ပေးခဲ့ရတယ်ကွ၊ အိပ်ခန်းက တကယ့်ကို မြွေသိုက်တစ်ခုလို ရှုပ်ပွနေတာပါပဲကွာ၊ ဒီသတင်းစာအပိုင်းအစတွေကိုတွေ့တော့ ဒီလူကြီးရဲ့အကြောင်းတွေ သိရတယ်ကွ၊ မင်းလည်း စိတ်ဝင်စားမယ်ထင်တယ်"*

ဟု ပြောလေ၏။

ကံထူးမောင်က သတင်းစာလိပ်ကို ဆတ်ခနဲလှမ်းယူလိုက်၏။ သတင်းစာများမှာ ၁၉၂၀ ခုနှစ်၊ စက်တင်ဘာလအတွင်း





နေ့စဉ်ထုတ်သတင်းစာများဖြစ်၏။

ဒေါက်တာမြသိန်းနှင့်သက်ဆိုင်သော သတင်းစာများကို ချည်း ရွေး၍ သတင်းစာများမှ ဖြတ်တောက်ထားခြင်းဖြစ်၏။

အချို့မှာ ခေါင်းကြီးပိုင်းတွင် ဖော်ပြပါရှိကာ အချို့က အတွင်း ဆောင်းပါးသဖွယ် ရေးသားဖော်ပြထား၏။

ကံထူးမောင်သည် ကြမ်းပြင်တွင်ထိုင်၍ ခေါင်းကြီးပိုင်း သတင်းတစ်ခုကိုစတင်ဖတ်ရှုလေ၏။

*"ဆေးလောက ဥပဒေကိုချိုးဖောက်၍ ဆရာဝန်ကျင့်ဝတ်နှင့် မညီသော ဆရာဝန်ဒေါက်တာမြသိန်း"*

ကံထူးမောင်သည် သတင်းစာများအားလုံးကို ဖတ်ရှုပြီးချေပြီ။ ဒေါက်တာမြသီးသည် အနောက်နိုင်ငံကြီးတစ်ခုမှ ဆေးဝါးသုတေသနပညာနှင့် ထူးချွန်စွာ ဒေါက်တာဘွဲ့ရခဲ့၏။

သူသည် လုပ်ထုံးလုပ်နည်းမဟုတ်ဘဲ လူတစ်ယောက်ကို သူ ဖော်စပ်ထားသောဆေးဝါးများနှင့် စမ်းသပ်ခဲ့၏။

ထိုဆေးဝါးများမှာ လူတစ်ယောက်အား အရှင်လတ်လတ် တိရစ္ဆာန်တစ်မျိုးမျိုးဖြစ်အောင် ပြုလုပ်ပေးနိုင်သည်ဟု ဆို၏။





သို့သော် သူ၏စမ်းသပ်မှု မအောင်မြင်ဘဲ အစမ်းသပ်ခံရသူမှာ သေဆုံးသွားခဲ့၏။

အင်းစိန်စီအိုင်ဒီမှ စုံထောက်များကမူ ဒေါက်တာမြသီးလက်ချက်နှင့် အခြားအမည်မဖော်နိုင်သော အစမ်းသပ်ခံလူသားများရှိနိုင်သေးသည်ဟု ထင်မြင်ချက်ပေးထား၏။

ဒေါက်တာမြသီးကမူ တရားရုံးတွင်

*"ကျုပ်က ဒီလိုစိတ်ပျက်ညည်းငွေ့စရာကောင်းတဲ့ လူတွေကို ဆွဲမ်းရှိတဲ့ တိရစ္ဆာန်ဘဝ ပြောင်းပေးဖို့ တစ်သက်လုံးအားထုတ်ခဲ့တာပဲ၊ ဒါပဲပြောချင်တယ်၊ ကျုပ်ကို ရှာရှာပေါက်ပေါက်မေးတဲ့ မေးခွန်းတွေကို မဖြေနိုင်ဘူး၊ ခင်ဗျားတို့ ကြိုက်သလိုသာ လုပ်ပေတော့၊ ဒါကြောင့် ကျုပ်က လူတွေကို စိတ်ကုန်တာဗျ"*

ဟု စက်ရှင်တရားသူကြီးကို ပြန်လှန်ပြောဆိုခဲ့၏။

သူ၏အမှုမှာ သက်သေခိုင်လုံသောကြောင့် တရားရုံးတော်

မှ ထောင်ဒဏ် (၇)နှစ် အပြစ်ဒဏ်ကျခံစေခဲ့၏။ သူ၏ ဆေးကုသခွင့်၊ ဆေးဝါးဖော်စပ်ထုတ်လုပ်ခွင့်နှင့် ဆရာဝန်လက်မှတ်ကိုပါ သိမ်းဆည်းခဲ့၏။

ထိုအမှုကို သတင်းစာများမှ ပုံသဏ္ဌာန်မျိုးစုံနှင့် အထူးတလည် ရေးသားဖော်ပြခဲ့ကြ၏။ ကံထူးမောင်က သတင်းစာလိပ်ကို ဖားကြီးအား ပြန်ပေးပြီး

*"ဒီအမှုဖြစ်ပွားတဲ့ရက်စွဲအရ လွန်ခဲ့တဲ့ (၁၀)နှစ်က အဖြစ်အပျက်ပဲ၊ ဒေါက်တာမြသီးဟာ သူ့ရဲ့ပြစ်မှုအတွက် အပြစ်ဒဏ်ကျခံခဲ့ရတာတောင် ရပ်တန့်မသွားသေးဘဲ ထောင်ကလွတ်တာနဲ့ ထူးဆန်းတဲ့စမ်းသပ်မှုတွေကို ဆက်ပြီးလုပ်နေခဲ့တာပဲ၊ အခုတော့ သူ့ရဲ့စမ်းသပ်မှုက အောင်မြင်သွားပြီပေါ့၊ ဒီအထဲမှာ ငါတို့က ဓါးစာခံလိုက်ရတာပဲ"*

ဟု ရေရွတ်လေ၏။ ဖားကြီးကမူ ခုန်ဆွခုန်ဆွလုပ်ပြီး





*"ငါကတော့ ကျေနပ်တယ်ဟေ့၊ အခုဆိုရင် ငါ့ဘဝဟာ မင်းတို့လို မြွေတွေကလွဲရင် ဘယ်သူ့ကိုမှ ကြောက်စရာမလိုတော့ဘူး၊ ဖားကြီးဟာ အင်အားကြီးမားတဲ့ ဖားကြီးဖြစ်သွားပြီကွ"*

ဟု ပြော၍ တစ်နေရာမှတစ်နေရာသို့ သွားလာနေ၏။

ကံထူးမောင်သည်လည်း ထိုကဲ့သို့ အတွေးမျိုးဝင်ပြီး လက်ရှိအခြေအနေကို ကျေနပ်သလိုရှိနေ၏။

ထိုအခိုက် ခုန်ဆွ၊ ခုန်ဆွလုပ်နေသော ဖားကြီးက မျက်လုံးပြူးကျယ်ပြီး အခန်းထောင့်သို့ ကြောက်လန့်တကြား ခုန်လွှားသွားကာ တစ်နေရာသို့ လက်ညှိုးညွှန်၍

*"မြွေတွေ… မြွေတွေ မနည်းပါလား၊ ဟေ့ကောင်… လုပ်ပါဦး"*

ဟု အော်ဟစ်၏။

ပွင့်ဟနေသော တံခါးမှ အနက်ရောင်မြွေများက တိုးဝှေ့ကာ လျှင်မြန်စွာ ရွေ့လျားလာကြ၏။ ကံထူးမောင်လည်း စိတ်ထဲတွင်

ထိတ်ခနဲဖြစ်ကာ စားပွဲကြီးတစ်လုံးထက်သို့ လွှားခနဲ ခုန်တက်ပြီး

*"ဖားကြီး သတိထား၊ ဒီကောင်တွေက အဆိပ်ပြင်းတယ်၊ ငါ ဒီကိုရောက်စနေ့က ဒီကောင်တွေရဲ့လက်ချက်ကို မရှုမလှခံလိုက် ရတာ မင်းသိတယ်မဟုတ်လား၊ ထိလိုက်တာနဲ့ တုံးခနဲပဲ"*

ဟု သတိပေးလိုက်၏။

ဖားကြီးမှာ ဆောက်တည်ရာမရဘဲ ကံထူးမောင်ရှိရာ စားပွဲကြီးသို့ ခုန်ဆွ၊ ခုန်ဆွ လှမ်းလာရင်း လမ်းတစ်ဝက်အရောက်တွင်ပင် မျက်နှာကျက်အပေါက်မှ ထွေးခနဲကျလာသော မြွေများကြောင့် ငယ်သံငယ်ရင်းပါအောင် အော်ဟစ်ကာ ရှောင်တိမ်းလိုက်၏။

*"လှပ်… လှပ်ပါဦး ကံထူးမောင်၊ မြွေတွေက နေရာအနှံ့မှာ ရှိနေတယ်"*

ထိုအခိုက် ကံထူးမောင်ရှိနေရာ မျက်နှာကျက်အပေါက်မှ





လည်း ထိုကဲ့သို့ပင် မြွေများရောက်ရှိလာ၏။ ကံထူးမောင်တို့ ပြေးပေါက်ပိတ်ချေပြီ။

ဖားကြီးက ပြေးလွှားရင်း အခန်းသန့်ရှင်းရေးလုပ်သည့် တံမြက်စည်းကိုဆွဲကာ မြွေများကို ဝှေ့ယမ်းဖယ်ထုတ်လေ၏။

ကံထူးမောင် ခြေချထားရာ စားပွဲထက်တွင်လည်း မြွေများက တွန့်လိမ်ကာ သွားလာနေ၏။ ကံထူးမောင်က စားပွဲထက်မှ မြွေများကို ဂရုပြုရှောင်ရှားနေစဉ် နောက်ထပ်မြွေများက မျက်နှာကျက်မှ ကျလာပြန်၏။

ထိုအခါ မြွေတစ်ကောင်က လေထဲမှာပင် ကံထူးမောင်၏ ကုတ်ကို လှမ်း၍ခဲ၏။ ကံထူးမောင်သည် ဆစ်ခနဲနာကျင်မှုကြောင့် မြွေကိုရိုက်ခါထုတ်ပြီး ဒေါသတကြီးနှင့်

*"ခေါက်တာမြသီး ငါတို့ကို လုပ်ကြံတာပဲ ဖြစ်ရမယ်"*

ဟု အော်ဟစ်လိုက်၏။

ထို့နောက် ကံထူးမောင်သည် မြွေများကို မရှောင်တိမ်း

တော့ဘဲ ခြေလက်များကို အဲသုံးပြုကာ ရှင်းလင်းသုတ်သင်နေလေ၏

ဖားကြီးထံသို့လည်း ပြေးလွှားလာကာ မြွေရန်မှ ကာကွယ်ပေးထားလေရာ ဖားကြီးက

*"ကံထူးမောင်... မင်းမျက်လုံးတွေ ရဲရဲနီနေပြီ၊ မင်းရဲ့ကိုယ်ခန္ဓာကလည်း မြွေတစ်ကောင်လို ဖြစ်နေပြီ၊ သတိထားဦး"*

ဟု လှမ်း၍ပြောလေ၏။

ကံထူးမောင်ကမူ ဖားကြီးစကားကို ဂရုမပြုဘဲ မြွေများကို ပြန်လည်တိုက်ခိုက်နေ၏။ သူ၏တစ်ကိုယ်လုံး မြွေများ၏ကိုက်ခဲမှုကို ခံထားရ၏။

သူသည် ထိုသတ္တဝါများကို တစ်ကောင်မကျန် ရှင်းလင်းသုတ်သင်ပစ်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။ ဖားကြီးက လွတ်ကင်းရာ ချောင်တစ်ချောင်တွင် ဖားတစ်ကောင်လို ကုန်းကွကွကြီးလုပ်ပြီး ကံထူးမောင်နှင့် မြွေများ လုံးထွေးနေသည်ကိုသာ ကြည့်ရှုနေ၏။





ဖားကြီး၏မျက်လုံးထဲတွင် ရိပ်ခနဲ ရိပ်ခနဲ လျှင်မြန်စွာ ရွေ့လျားသွားလာနေသော ကံထူးမောင်ကို မြွေတစ်ကောင်လို မြင်နေ၏။

ကံထူးမောင်ကမူ မှန်ယိုနေသော ဆင်ရိုင်းတစ်ကောင်အလား ရှိ၏။

သူသည် ခြေလက်များကို အသုံးပြု၍ တိုက်ခိုက်နေရသည်ကို အားမရဟန်နှင့် သူ့ထံ ခုန်ပျံပြီးရောက်ရှိလာသော မြွေတစ်ကောင်ကို ပါးစပ်ဖြင့် လှမ်း၍ကိုက်ခဲလိုက်၏။

မြွေသည် ခေါင်းပြတ်ကာ သွေးစိမ်းရှင်ရှင်ထွက်နေ၏။ ကံထူးမောင်၏တစ်ကိုယ်လုံးတွင်လည်း ထို့အတူပင် မြွေသွေးများနှင့် မြွေတို့၏ကိုက်ခဲမှုမှထွက်သော သွေးတို့က လိမ်းကျံကာ မြင်ကောင်းအောင် ရှိနေ၏။

အခန်းတွင်းရှိ ပစ္စည်းများမှာလည်း ဖရိုဖရဲနှင့် ကွဲကြေလွင့်စင်ကုန်၏။

နောက်ဆုံးတွင် ကံထူးမောင်သည် မြွေတစ်ကောင်ကို

အမြီးမှဆွဲယူရော့ယမ်းကာ နံရံနှင့် ပြင်းထန်စွာထိခိုက်စေပြီး သုတ်သင်၍ ဝမ်းခေါင်းသံကြီးနှင့်

*"သေကုန်ပြီ၊ အားလုံးသေကုန်ပြီ မဟုတ်လား၊ ငါ့ကို ဒါမျိုး လာစမ်းလို့မရဘူး"*

ဟု ဟာစ်ကြွေးလိုက်လေ၏။

အခန်းတွင်းရှိမြွေများအားလုံး အသက်ကင်းမဲ့နေချေပြီ၊ ဖားကြီးမှာ မယုံနိုင်စရာအဖြစ်အပျက်ကြောင့် မျက်လုံးကြီးပြူး၍ အကြောင်သားရှိနေ၏။

သူသည် မျက်လုံးကရဲရဲနီပြီး မြွေကဲ့သို့ လျှာနှစ်ခွနှင့် အစွယ် နှစ်ချောင်းပါ ဖြစ်ပေါ်နေသော ကံထူးမောင်ကို ကြောက်စရ သတ္တဝါတစ်ကောင်အလား မြင်နေရ၏။

ကံထူးမောင်ကမူ ဘာကိုမျှသတိပြုမိဟန်မရှိဘဲ မြွေများကို သုတ်သင်လိုက်ရ၍ ကျေနပ်နေဟန်ရှိ၏။ ထို့နောက် သူ့ကိုယ်သူ ကြည့်ရှုပြီး လက်မောင်းမှ မြွေခဲရာကို လက်နှင့်သပ်၍ သွေးများကို သုတ်ကာ





*"ငါ... ငါ့ကို မြွေကိုက်တာ ဘာမှမဖြစ်ပါလား၊ တစ်ကောင်တည်းတောင်မဟုတ်ဘဲ ငါ့ ခန္ဓာကိုယ်အနှံ့ကို ဝိုင်းပြီးကိုက်ခဲ့ရတာတောင် ငါ ဘာမှမဖြစ်ခဲ့ပါလား"*

ဟု ရေရွတ်လေ၏။

ထိုအခါမှပင် အခန်းဝမှ တရှုံ့ရှုံ့နှင့် ဒေါက်တာမြသီး၏ ရယ်မောသံပေါ်လာကာ

*"ဟဲ ဟဲ ဟဲ... ဘာလဲ၊ မင်းက မြွေတွေမှာ အဆိပ်မရှိဘူး ထင်လို့လား၊ မင်းမယုံကြည်ရင် ဖားကြီးကို စမ်းပြီး အကိုက်ခံနိုင်းလိုက်ပါလား၊ နာရီဝက်အတွင်း ဖြေဆေးမရရင် ဖားကြီး ဘဝ ပြောင်းသွားမှာကို လက်တွေ့မြင်ရလိမ့်မယ်၊ မြွေတွေရဲ့အဆိပ်ကို မင်းက မကြောက်ဘူး၊ တစ်နည်းအားဖြင့် အဆိပ်တွေပြည့်နေတဲ့ မင်းကိုယ်ထဲကို အခြားအဆိပ်တွေ မတိုးတော့ဘူးဆိုတဲ့သဘောပဲ၊*

*"ဒါဟာ မင်းကို ငါ နောက်ဆုံးစမ်းသပ်လိုက်တဲ့ စမ်းသပ်မှုပါပဲကွာ၊ ကံထူးမောင်၊ အဲ... တိုက်မြွေ၊ မင်းဟာ ငါ့လုပ်ငန်းအတွက် အားအထားရဆုံး မြွေတစ်ကောင်အဖြစ် ငါ သတ်မှတ်လိုက်ပြီ"*

ဟု ပြောလေ၏။

ကံထူးမောင်သည် ဒေါက်တာမြသီး၏စကားကို နားထောင်ရင်း အမျိုးအမည်မဖော်ပြတတ်သော စိတ်ကျေနပ်မှုကို ခံစားလိုက်ရသလို ရှိ၏။

သူက ခေါင်းကိုညိတ်ကာ

*"ဒါဆိုရင် ကျုပ်က အစွမ်းထက်မြက်တဲ့ တိုက်မြွေတစ်ကောင်ပေါ့"*

ဟု တီးတိုးရေရွတ်လိုက်လေ၏။





"ဒီမှာ... ဟားကြီး၊ ဒီကြော်ငြာထဲက မြွေအလမ္ဘာယ်ဆရာ ဦးထိပ်ခေါင်ရဲ့ ပြကွက်တွေကို ဒီည ကြည့်ရမယ်...
ဘာကြောင့်လဲဆိုတော့ သူ့ရုပ်သွင်ဟာ ငါ့အတွေးထဲမှာရှိနေတဲ့ ရုပ်သွင်နဲ့ တစ်ထပ်တည်းဖြစ်နေလို့ပဲ...
ထပ်ပြီးပြောရရင် ငါ့ရဲ့ဘဝဟောင်း မြွေဘဝကပါလာခဲ့တဲ့ အငြိုးအတေးဖြစ်ပေါ်နေတဲ့သူဟာ အဲဒီလူကြီး ဖြစ်နေလို့ပဲ"

မီးရထားတစ်စင်းထက်တွင် ကံထူးမောင်နှင့် ဖားကြီးတို့ လိုက်ပါလာ၏။

ဖားကြီးသည် လွန်စွာပျော်ရွှင်နေ၏။ သူ၏ ကုန်းကွက ကိုယ်ခန္ဓာကြီးကို ပြောင်လက်ပြီး မျက်စိနောက်စရာ ကြောင်ကြောင် ကြားကြား အဖိုးတန်အဝတ်အထည်များ ဆင်မြန်းထား၏။

သူ့ကိုမြင်တွေ့သူတိုင်းက ပြုံးရုံတင်မဟုတ်ဘဲ တခွီးခွီး ရယ်မောမိအောင်ပင် ရုပ်သွင်က စပ်ဖြဲဖြဲရှိ၏။





သို့သော် သူသည် လူယောင်ဆောင်ထားသော ဖား တစ်ကောင်သာ ဖြစ်၏။

ကံထူးမောင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ သူခိုး ဘဝ အမူအကျင့်အတိုင်း သက္ကလတ်ဦးထုပ်ကို မျက်နှာအုပ်အောင် ဆောင်း၍ ရုပ်သွင်ကို အတတ်နိုင်ဆုံး ဖုံးကွယ်ထား၏။

သူ၏မျက်လုံးအစုံကမူ ပတ်ဝန်းကျင်ရှိ ထူးခြားမှု မှန်သမျှ ကို အလွတ်မပေးဘဲရှိ၏။ ယခု မီးရထားခရီးစဉ်အတိုင်း လိုက်ပါ လာရင်း သူ့ရင်ထဲ၌ တစ်မျိုးဖြစ်နေ၏။

မီးရထား၏ တဂျုန်းဂျုန်း ခုတ်မောင်းသံကို ထိတ်လန့် ရင်တုန်နေမိခြင်းသာဖြစ်၏။

သူ၏ဘဝဟောင်းမြွေဘဝက မီးရထားကြောင့် သေဆုံး သွားခဲ့လေရာ မီးရထားကို ကြောက်ရွံ့ထိတ်လန့်နေခြင်းလားဟု တွေးမိ၏။

ဖားကြီးက ပေါက်စီတစ်လုံးကို အငမ်းမရစားရင်း တစ်ဖက်မျက်နှာချင်းဆိုင်ခုံမှ မိန်းမပျိုတစ်ယောက်ကို ပြုံတီတီ

လုပ်လျက်ရှိ၏။

မိန်းမပျိုက ဖားကြီးကို ရှုံ့ရှာနေသည်လား မသိချေ။ ခေါင်းကိုသာ ငုံ့ထားလေ၏။

ဖားကြီးသည် မိန်းမပျိုဘက်မှ အဆင်မပြေမှုပင် ငြိမ်သက်နေသော ကံထူးမောင်ကို သတိပြုမိ၏။

ထို့ကြောင့် ဖားကြီးက ကံထူးမောင်ကို တဆောင်နှင့်ထွက်၍

*"ဟေ့ကောင်... ဘာဖြစ်နေတာလဲ၊ ဧရာဝတီမြစ်ကြောင်းအတိုင်း လာတဲ့ခရီးမှာတော့ မင်းရုပ်က ရွှင်ရွှင်ပျပျရှိပါသေးတယ်၊ အခု ဘာဖြစ်နေတာလဲ၊ ဒေါက်တာမြသီးပေးလိုက်တဲ့တာဝန်တွေကြောင့်လား၊ ဒီလူကြီးကို ခေါက်ထားစမ်းပါကွာ၊ အခု ငါတို့မှာ သူပေးလိုက်တဲ့ ငွေတွေ အများကြီးရှိတယ်၊ သူဌေးတွေ စိမ်ခံပြီး အပျော်ခရီးထွက်လာသလို နေကြတာပေါ့"*





ဟု ပြောလေ၏။

ထိုအခါ ကံထူးမောင်၏လက်တစ်ဖက်က ဖားကြီး၏ လည်တိုင်ကို ဆတ်ခနဲဆုပ်ကိုင်ကာ

*"ဖားကြီး... ဒီခရီးမှာ မင်းစိတ်ထင်သလို လုပ်လို့မရဘူး၊ ဒေါက်တာမြသီးရဲ့အချိန်ကို ငါ အသက်ထက်တောင် တန်ဖိုးထားရမယ်လို့ ငါ ဆုံးဖြတ်ပြီးပြီ၊ ပြီးတော့ မင်းကို တစ်ခါတည်း သတိပေးထားပါရစေ၊ ငါ့ကို အရင်လို သူနီး အချင်းချင်းဆိုပြီး မလေးမစား မလုပ်နဲ့၊ မင်းကို သည်းမခံဘူး၊ မင်းဟာ ငါစေခိုင်းသမျှကို လုပ်ပေးဖို့ လိုက်ပါလာတဲ့ ငါ့ရဲ့အခိုင်းအစေပဲ၊ ကျန်တဲ့ ကိစ္စတွေမှာ မင်းအနေနဲ့ လွတ်လွတ်လပ်လပ် နေလို့ရတယ်၊ ငါနဲ့ပတ်သက်လာရင်တော့ မင်းရဲ့အရိုးကို ပြင်ပါ၊ ကြားရဲ့လား"*

ဟု အံကြိတ်ကာ ပြောလေ၏။

ဖားကြီးမှာ လည်ပင်းမှ တင်းကြပ်မှုကြောင့် လျှာထွက်မတတ်ဖြစ်နေရင်း ခေါင်းညိတ်ကာ

*"အေးပါကွာ... အေးပါ၊ ငါ မင်းကို ဆရာတင်ပါတယ်၊ လွှတ်ပါတော့၊ ဖျတ်ခနဲ ရဲရဲနီသွားတဲ့ မင်းမျက်လုံးတွေကို ငါ ကြောက်လို့ပါ၊ မင်း... မင်းဟာ တကယ့်ကို မြွေတစ်ကောင် ဖြစ်သွားပြီကိုး"*

ဟု အံ့သြတကြီးရေရွတ်၏။

ကံထူးမောင်ကမူ ဘာမျှမပြောတော့ဘဲ ဆိတ်ငြိမ်နေ၏။ ၎င်းသည်လည်း လူယောင်ဆောင်ထားသော မြွေတစ်ကောင်ဟု ယုံမှတ်လိုက်ပြီထင်၏။

မီးရထားက အရှိန်အဟုန်နှင့် ခုတ်မောင်းသွားလာရင်း ဘူတာစဉ်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်နေ၏။

ဖားကြီးက မျက်စိကျနေသော မိန်းမပျိုကလေးကို နည်းအမျိုးမျိုးနှင့် ပြောင်လှောင်နေ၏။ မိန်းမပျိုသည် တစ်ကိုယ်တည်း





ခရီးသွားလာဟန်တူ၏။

မီးရထားသည် လမ်းတွင် မကြာခဏရပ်၏။ ရန်ကုန်မြို့ကြီးနှင့် မဝေးကွာလှသော ဘူတာငယ်ကလေးတစ်ခုသို့ ညနေစောင်းအချိန်တွင် ဆိုက်ရောက်၏။

ဘူတာတွင် မီးရထားမရပ်တန့်မီ မီးရထားလမ်းနဘေးမှ ကွင်းပြင်ကျယ်တစ်ခုတွင် ဘုရားပွဲတော်ကျင်းပနေဟန်နှင့် ဈေးဆိုင်တန်းများ၊ ဇာတ်ပွဲရုံများ ထိုးထားသည်ကို တွေ့ရ၏။

ဆပ်ကပ်ပွဲရုံတစ်ခုမှ ကြော်ငြာဆိုင်းဘုတ်ကြီးများ ထောင်ထားသည်ကိုလည်း အတိုင်းသားမြင်ရ၏။

ကံထူးမောင်သည် ဘူတာနှင့် နီးကပ်လာသောကြောင့် အရှိန်လျော့သွားသော မီးရထားထက်မှ ပွဲရုံတန်းဘက်သို့ စူးစိုက်ကြည့်နေ၏။

ဖားကြီးကမူ ထိုနေရာသို့ အာရုံမရောက်ဘဲ မိန်းမပျိုကလေး ဆိုက်ရောက်မည့်ဘူတာ၌ ဆင်းသက်တော့မည့်ဟန်နှင့် အထုပ်အပိုးပြင်နေသည်ကိုတွေ့ပြီး ပြူးတူးပျာတာဖြစ်နေ၏။

မီးရထားရပ်တန့်သောအခါ မိန်းမပျိုက ဖားကြီးကို မျက်စောင်းတစ်ချက်ထိုးပြီး ခရီးဆောင်အိတ်နှင့် ကြိမ်ခြင်းကလေးကို ဆွဲကာ ဆင်းသက်သွားလေ၏။

ဖားကြီးသည် မိန်းမပျို၏နောက်ပိုင်းအလှများကို မျက်လုံးကြီး ကျွတ်ထွက်မတတ်ကြည့်ရင်း တံတွေးကို ငုံခဲ မျိုချလိုက်၏။

သူ့အတွက် ငန်းကြောထရန် အခွင့်အရေးကို လက်လွှတ်လိုက်ရပေပြီ။

ထိုအခိုက် ကံထူးမောင်က ခရီးဆောင်အိတ်ကို ဆတ်ခနဲ ဆွဲပြီး ရပ်တန့်ကာ

*"ဖားကြီး… တို့ ဒီမှာပဲ ဆင်းကြမယ်"*

ဟု ပြော၏။

ဖားကြီးသည် ကံထူးမောင်၏ခရီးစဉ်ပြောင်းလဲသွားခြင်း အပေါ် အံ့ဩရမည်ထက် လောလောဆယ် ထိုနေရာတွင် ဆင်းသက်ရမည်ဟုသိသောကြောင့် မျက်နှာကြီးဝင်းထိန်၍ ထခုန်လိုက်၏။

မီးရထားဆိုက်သည်နှင့် ဘူတာရုံကလေးမှ မြင်းလှည်း





သမားများ၊ လန်ချားကုလားများက ခရီးသည်များကို အလုအယက် ခေါ်ငင်နေကြ၏။

ကံထူးမောင်သည် ရှေ့မှဦးဆောင်ကာ ထိုနေရာမှဖြတ်၍ ထွက်လာ၏။

ဖားကြီးကမူ ကျီးကန်းတောင်မှောက်နှင့် မိန်းမပျိုကလေးကို ရှာဖွေရင်း လိုက်ပါလာ၏။

ထိုအခါ ဝမ်းမြောက်ဖွယ်ရာပင် သူတို့ရှေ့ခပ်လှမ်းလှမ်းတွင် မိန်းမပျိုကလေးကို ခြေလျင်ပင် ခရီးဆက်နေသည်ကို တွေ့ရ၏။

မိန်းမပျိုက မီးရထားလမ်းအတိုင်း ယှဉ်၍ရှိနေသော မြေနီလမ်းမှ လျှောက်လှမ်းနေခြင်းဖြစ်၏။

ဖားကြီးသည် ကံထူးမောင်ကို မည်သည့်နေရာသို့သွားလာနေမှန်း မမေးမြန်းရဲချေ။

သို့သော် မိန်းမပျိုကလေး၏နောက်မှ လိုက်ပါနေရသောကြောင့် ကျေနပ်နေ၏။

ထို့နောက် မိန်းမပျိုက ဘုရားပွဲတော်ကျင်းပရာ ပွဲခင်းဆီသို့ သွားလာနေရာ ကံထူးမောင်ကလည်း ထိုနေရာသို့ ဦးတည်သွားလာပြန်၏။

ဖားကြီးက စိတ်အတွင်းမှ

*"ကံထူးမောင်က ဟိုကောင်မလေးနောက်ကို လိုက်နေတာတော့ မဖြစ်နိုင်ဘူး၊ သူ ဘာကြောင့် ဒီပွဲခင်းထဲကို သွားနေရတာလဲ"*

ဟု တွေးမိ၏။

မိန်းမပျို ဆပ်ကပ်ပြသရာ ပွဲရုံရှေ့သို့ရောက်လျှင် ရုံအတွင်းသို့ ဝင်ရောက်သွားတော့၏။

ထိုအချိန်တွင် ကံထူးမောင်၏ခြေလှမ်းက တုန့်ခနဲ ရပ်တန့်သွား၏။

ဖားကြီးကမူ ဘာပဲဖြစ်ဖြစ် ကံထူးမောင်ကို ဆက်ကပ်၍ အတွင်းသို့ သွားစေချင်၏။

ကံထူးမောင်၏မျက်လုံးအစုံက ကြော်ငြာဆိုင်းဘုတ်ကြီး





တစ်ခုကို စူးစိုက်ကြည့်ရှုနေ၏။

သူသည် အခြားကျွမ်းဘားမယ်ကလေးများ၏ ကျော့ရှင်းသော ကိုယ်ဟန်နှင့် ကျွမ်းဘားကစားနေဟန်ပုံတူ ပန်းကြီးကားချပ်ကြီးများကို ယောင်၍မျှမကြည့်ဘဲ တစ်ခုတည်းသော ကြော်ငြာဆိုင်းဘုတ်ကြီး၌သာ စူးနစ်နေ၏။

ဖားကြီးသည် မိန်းမပျိုကလေး ရုံတွင်းသို့ဝင်ရောက်ပျောက်ကွယ်သွားမှပင် ကံထူးမောင် မတုန်မလှုပ်ကြည့်ရှုနေသော ဆိုင်းဘုတ်ထံ အကြည့်ရောက်သွား၏။

ဆိုင်းဘုတ်တွင် အသက် (၅၀)ခန့် လူကြီးတစ်ယောက်က မြေပြင်တွင် ပါးပြင်းထောင်၍ မာန်ဖီနေသော မြွေဟောက်တစ်ကောင်နှင့် အလမ္ပာယ်ကစားပြပုံကို ရေးဆွဲထား၏။

ဆိုင်းဘုတ်အခြေတွင်လည်း 'နှစ်ပေါင်းများစွာ မြွေအလမ္ပာယ်ပညာနှင့် အသက်မွေးပြီး မြွေများကို လိုသလို စေခိုင်းနိုင်သော မြွေအလမ္ပာယ်ဆရာကြီး ဦးထိပ်ခေါင်၏ ပြကွက်ဆန်းများနှင့် ဖျော်ဖြေမည်ဟု ထင်ရှားစွာ ရေးသားထား၏။

ဖားကြီးက မအောင့်နိုင်တော့ဘဲ ကံထူးမောင်ကို နား မလည်ဟန်နှင့် တစ်စုံတစ်ရာမေးမြန်မည်ဟန်ပြင်၏။ ကံထူးမောင်က ကြော်ငြာဆိုင်းဘုတ်မှ အကြည့်မခွာဘဲ လက်ကာပြပြီး အေးစက်စက် လေသံနှင့်

*"ဒီမှာ ဖားကြီး၊ ဒီကြော်ငြာထဲက မြေ အလမ္ပာယ်ဆရာ ဦးထိပ်ခေါင်ရဲ့ ပြကွက်တွေကို ဒီညကြည့်ရမယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ ရုပ်သွင်ဟာ ငါ့အတွေးထဲမှာရှိနေတဲ့ ရုပ်သွင်နဲ့ တစ်ထပ်တည်း ဖြစ်နေလို့ပဲ၊ ထပ်ပြီးပြောရရင် ငါ့ရဲ့ဘဝဟောင်း မြွေဘဝကပါလာခဲ့တဲ့ အငြိုး အတေး ဖြစ်ပေါ်နေတဲ့သူဟာ အဲဒီလူကြီးဖြစ်နေလို့ ပဲ"*

ဟု ပြောလေ၏။

ဖားကြီးသည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ကံထူးမောင်၏မြွေဘဝဖြစ်ခဲ့ဖူးသည်ဟူသောအချိန်က





ငန်းမြွေမကို သတ်ဖြတ်ပြီး မြွေထီးလည်း မီးရထားအကြိတ်ခံရကာ သေဆုံးခဲ့သည့်အကြောင်းတို့ကို ဖျတ်ခနဲသတိရလိုက်မိ၏။

ထိုတရားခံမှာ ယခုတွေ့နေရသည့် ဦးထိပ်ခေါင်ဟူသော မြွေအလမ္ပာယ်ဆရာကြီးဖြစ်သည်ဟု ဆိုနေချေပြီ။

ဖားကြီးသည် ထိုကိစ္စကို ဉာဏ်မမီချေ။ ယုံကြည်ရန် လည်း ခက်ခဲနေ၏။

သို့သော် ကံထူးမောင်၏မျက်နှာက အခိုင်အမာသိနေ ဟန်နှင့် တင်းမာမှုကြောင့် ဖားကြီးသည် ဝေခွဲရခက်နေလေတော့၏။

❁ ❁ ❁

**သရဖီလှိုင်စာပေ**

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။

"မင်းတို့မြွေဆရာကို ပြောလိုက်စမ်း...
တိုက်မြွေကို ဘယ်လိုနိုင်အောင်ကိုင်မလဲဆိုတာ မင်းတို့
လည်း မှတ်ထားကြ၊ ငါဟာ 'တိုက်မြွေ' ပဲ..."





ကံထူးမောင်နှင့်ဖားကြီးသည် ပွဲချိန်ရောက်ရန်လိုသေးသော ကြောင့် အချိန်ဖြုန်းသည့်အနေနှင့်လည်းကောင်း၊ ညစာအတွက် မ်းဗိုက်ပြည့်တင်းရန်အနေနှင့်လည်းကောင်း မြို့ထဲရှိ စားသောက်ဆိုင် တစ်ဆိုင်သို့ ရောက်လာကြ၏။

ထိုနေရာတွင် လူကုံထံများသာ လာရောက်စားသောက် ာန်နှင့် ခမ်းနားစွာ ပြင်ဆင်ထားကာ သီးသန့်အခန်းငယ်ကလေးများ ည်း ကာရံထား၏။

ဖားကြီးက ရောက်လျှင်ရောက်ခြင်းပင် စားပွဲထိုးကို ခေါ်ပြီး

*"မင်းတို့ဆိုင်မှာ ရှိသမျှအကောင်းဆုံး၊ ဈေးအကြီးဆုံးဆိုတဲ့ အစားအသောက်တွေ လိုချင်တယ်၊ အရက်လည်း နိုင်ငံခြားကလာတဲ့ အရက်ဖြစ်ပါစေ"*

ဟု မှာလေ၏။

ထို့နောက်မှ တစ်စုံတစ်ရာကို သတိရသွားဟန်နှင့် ကံထူးမောင်ကို

*"ငါ… ငါတို့ အရက်သောက်မယ် မဟုတ်လား"*

ဟု မေး၏။

ကံထူးမောင်က တစ်ချိန်လုံး စကားပြောဆိုခြင်းမပြုဘဲ မျက်မှောင်ကိုသာကြုတ်ထား၏။ ဖားကြီး၏အမေးကြောင့် ခေါင်းညိတ်ပြီး၊





*"အရက်၊ မိန်းမ၊ လောင်းကစား၊ ကြိုက်တာလုပ်လို့ရတယ်၊ ကိုယ့်အန္တရာယ်ကိုသာ ကိုယ်ကြည့်ရှောင်ပေတော့"*

ဟု ခွင့်ပြု၏။

အစားအသောက်နှင့် အရက်ရလျှင် ဖားကြီးသည် အလျှုပွဲနှင့် တိုးသလို တစ်ဖြုံ နှစ်ဖြုံ စားသောက်၏။ ကံထူးမောင်ကမူ ကြက်ကြော်တစ်ပေါင်ကို အမြည်းလုပ်ပြီး အရက်ကိုသာ တစ်ခွက်ပြီး တစ်ခွက် မော့နေလေ၏။

အချိန်အတန်ကြာလျှင် နှစ်ဦးစလုံး မူးယစ်လာကြပြီဖြစ်၏။

ကံထူးမောင်ကလည်း အရက်ခွက်ကို လက်မှမချသေးသလို ဖားကြီးကလည်း အဆီတစ္ဆဲ့ဆဲ့နှင့် ကြွပ်ရွအောင်ကင်ထားသော ငါးကင်ကို လက်နှင့်ကိုင်ပြီး ကိုက်ဖဲ့စားကာ အာလေးလျှာလေးသံကြီးဖြင့်

*"ဒီမှာ ကံထူးမောင်၊ မင်းကို ငါက ဆရာတင်ပါတယ်၊ ရှိလည်းရှိသေပါတယ်၊ ငါ ရင်ဖွင့်*

ချင်လို့ပါကွာ၊ သည်းခံပြီး နားထောင်ပေးပါ၊ ငါလေ မီးရထားပေါ်မှာတွေ့ပြီး ဟိုဆပ်ကပ်ပွဲရုံထဲကို ဝင်သွားတဲ့ ကောင်မလေးကို တော်တော်စွဲလမ်းမိပြီကွ၊ သူ့ကို ပိုင်ရရင် သေပျော်ပါပြီကွာ"

ဟု ပြောလေ၏။ ကံထူးမောင်က စားပွဲကို လက်ဝါးနှင့် ဖြန်းခနဲပုတ်၍

"ဖားကြီး… မင်းဟာ ဘာကောင်လဲဆိုတာ သတိထားစမ်း"

ဟု ဆိုလိုက်၏။ ဖားကြီးက အရက်ခွက်ကို ဂွပ်ခနဲမော့ပြီး ခေါင်းယမ်းကာ

"မင်းပြောရင်လည်း ခံရမှာပဲ၊ ငါဟာ ဖားတစ်ကောင်ပါ၊ ဒါပေမဲ့ ဖားမှာလည်း အသည်းနှလုံးရှိတာပဲကွ၊ ငါက လူယောင်ဆောင်ထားတဲ့ ဖားဆိုတော့ လူကောင်မလေးကို စွဲလမ်းမိတာပေါ့ကွ၊ ဘုရားရှင်ခေတ်ကတောင် နဂါးမလေးနဲ့





လူမင်းသားလေးနဲ့ ချစ်ကြိုးသွယ်တာတို့၊ သီဟဗာဟုဇာတ်တော်ထဲမှာဆိုရင် မင်းသမီးကလေးနဲ့ ခြင်္သေ့ကြီးတောင် ညားကြသေးတာတို့ ရှိသေးတာပဲကွာ"

ဟု မျက်နှာငယ်ကလေးနှင့် ပြောပြန်၏။

ထိုအခါ ကံထူးမောင်က စိတ်မရှည်ဟန်နှင့် တိုတိုပြတ်ပြတ်ပင်

"မင်း ငါ့အပေါ် လေးလေးစားစား ဆက်ဆံဖို့ကလွဲပြီး ကျန်တာ ဘာမဆိုလုပ်ခွင့်ရှိတယ်ကွာ၊ ဒါတွေ ငါ့ကို နောက်တစ်ခါမပြောနဲ့တော့၊ မကြားချင်ဘူး"

ဟု စကားဖြတ်လိုက်၏။

ဖားကြီးမှာ မျက်နှာရွှင်လန်းသွား၏။ ကံထူးမောင်က ခွင့်ပြုလျှင်ပင် မိန်းမပျိုကလေးအား ကျိန်းသေပိုင်ဆိုင်ရတော့မည်ဟု ထင်မှတ်နေ၏။

ထိုအခိုက် တစ်ဖက်ရှိ သီးသန့်ခန်းမှ ဆက်ကပ်ပွဲအကြောင်း အပြန်အလှန်ပြောဆိုနေသံများကို ကြားရ၏။ ထိုအထဲတွင် မြေအလမ္ပာယ်ဆရာကြီး ဦးထိပ်ခေါင်၏အကြောင်းကို ချီးမွမ်းခန်း ဖွင့်နေခြင်းသာဖြစ်၏။

ကံထူးမောင်နှင့် ဖားကြီးလည်း စိတ်ဝင်တစား နားစွင့်နေမိ၏။

တစ်ဖက်မှ လူတစ်ယောက်က

"ငါ့တစ်သက်မှာ မြေကို ဒီလောက်နိုင်တဲ့လူကို မတွေ့ခဲ့ဖူးဘူးကွ၊ မြေအလပ္ပါယ်ဆရာကြီးက ဖူးသီးမြေကလေးကို မှုတ်လိုက်ရုံသာရှိသေးတယ်၊ သူ့ရဲ့ပတ်ပတ်လည်မှာချထားတဲ့ ပခြုပ်တွေထဲက မြွေဟောက်တွေ ပါးပြင်းထောင်ပြီးထွက်လာကြတာ ယိမ်းတိုက်ထားတဲ့အတိုင်းပဲ ကိုယ့်လူ"

ဟု ပြော၏။

နောက်တစ်ယောက်ကလည်း အားကျမခံ





"မြွေတွေက ထိလိုက်ရင် တုံးခနဲဖြစ်သွားမဲ့ တောကြီး မြွေဟောက်တွေချည်းပဲကွ၊ မြွေဟောက်ကို ကိုင်တယ်ဆိုတာ တော်ရုံအဆင့်နဲ့ ရတာ မဟုတ်ဘူး၊ ဒီကောင်တွေက ဒေါသတကြီးလည်း ကြီးပ၊ ထိလိုက်တာနဲ့ ပေါက်တော့တာပဲ မဟုတ်လား၊ ဒါပေမဲ့ မြွေဆရာကြီးက မြွေဆိပ်တော့ ပြီးပုံရတယ်၊ သူ့မှ ဆေးစွမ်းကောင်းတွေ ရှိနိုင်တယ်"

ဟု ပြောပြန်၏။

နောက်တစ်ယောက်ကမူ

"မနေ့ညက ညပွဲစဉ်မှာ ဒါကြောင့် မြွေဆရာကြီးက စိန်ခေါ်သွားတာပေါ့ကွ၊ ဘာတဲ့ ကြိုက်တဲ့မြွေလာခဲ့ပါ၊ အဲဒီမြွေကို နိုင်အောင် မကိုင်နိုင်ဘူးဆိုရင် သူ့လက်ကိုသူ ဖြတ်ပစ်မယ် ဆိုလားပဲ"

ဟု ဆိုပြန်၏။

ထိုစကားများကို နားထောင်ရင်း ကံထူးမောင်၏စိတ်က အမှောင့်ပယောဂပူးကပ်သလို သွေးတို့ဆူဝေလာ၏။ မျက်လုံးများက မှ မြွေတစ်ကောင်လို ရဲရဲနီနေချေပြီ။

ထို့နောက် ဒေါသအိုးပေါက်ကွဲသွားဟန်နှင့် ဝုန်းခနဲထရပ် လိုက်၏။

ဖားကြီးသည် မျက်လုံးပြူးကျယ်သွား၏။ ကံထူးမောင်က မှ သုံးထပ်သားကလေးသာ ကာရံထားသောနံရံကို ခြေထောက်နှင့် ဝုန်းခနဲ ဆောင့်ကန်လိုက်ပြီး

*"ဟေ့ကောင်တွေ… မင်းတို့ပြောနေတာတွေ*

*ရပ်စမ်း"*

ဟု အမိန့်ပေးလေ၏။

တစ်ဖက်ခန်းမှလူများသည် ဝုန်းခနဲအသံနှင့်အတူ နံရံပွင့်ပြီး လူတစ်ယောက်၏အမိန့်သံကိုကြားလေရာ အူကြောင်ကြောင်ဖြစ်သွား လေ၏။





သို့သော် ချက်ချင်းပင် တစ်ယောက်က

*"ဟေ့ကောင်… မိုက်ရိုင်းလှချည်လား၊*

*ငါတို့ ဘာပဲဖြစ်ဖြစ် မင်းနဲ့မဆိုင်ဘူး၊ အသားလွတ်*

*မဇော်ကားနဲ့"*

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။ ကျန်တစ်ယောက် က ပုလင်းကိုဆွဲ၍ရပ်ကာ

*"မင်း ဘာကောင်လဲ၊ မူးနေတယ်ဆိုရင်*

*ဒီတစ်ခါ ခွင့်လွှတ်လိုက်မယ်၊ ငါတို့ကိုတောင်းပန်ပြီး*

*ဒီက မြန်မြန်ထွက်သွားပေတော့"*

ဟု ပြောလေ၏။

သူတို့၏အဖြစ်ကြောင့် စားသောက်ဆိုင်တစ်ခုလုံး လှုပ်လှုပ် ရှားရှား ဖြစ်သွားကြ၏။ ကံထူးမောင်က ငြိမ်မနေဘဲ စားပွဲကို ခြေဖြင့်ကန်ကျောက်လိုက်ရာ စားသောက်ဖွယ်ရာများ လွင့်စင် ကုန်၏။

ထိုအခါ ကျန်တစ်ကောင်က ခုံကိုစုံကိုင်ပြီး ကံထူးမောင်ကို

"သေပေတော့"

ဟု ကြုံးဝါးကာ ရိုက်၏။

ကံထူးမောင်က ငှီးခဲ့တိုးကပ်၍ လက်တစ်ဖက်နှင့် ခုံကို ဖမ်းဆွဲ၏။

ကျန်လက်ကမူ ထိုသူ၏လည်တိုင်ကို ဆုပ်ကိုင်၏။

ထိုသူသည် လည်ပင်းမှ တင်းကျပ်ပြီး နာကျင်မှုကြောင့် ခြေဖျားပင် ထောက်လာ၏။

ထိုအခိုက် အခြားတစ်ယောက်က ပုလင်းကို ကံထူးမောင်ထံ ပစ်ပေါက်ကာ လူကပါ ကပ်ပါလာ၏။

ကံထူးမောင်က ချုပ်ကိုင်မှုမှမလွှတ်တဲ့ ပုလင်းကို ခေါင်းငုံ့၍ ရှောင်ကာ ဝင်လာသူ၏ရင်ဝကို ဖနောင့်နှင့်ပေါက်ချလိုက်၏။

ထိုသူမှာ လဲပြိုနေသော စားပွဲထက်သို့ ကိုးယိုးကားယား ပြုတ်ကျသွား၏။

နောက်တစ်ယောက်ကလည်း ဓါးသတကြီးနှင့် ဓါးကြား မှ ဓါးမြှောင်ကိုထုတ်၍ လေတွင်ဝှေ့ယမ်းကာ



"ဓါးဓော်ကြီးတဲ့ကွ၊ ဘာမှတ်သလဲ"

ဟု ကြုံးဝါးလိုက်၏။

ဓါးဓော်ကြီးသည်လည်း လမ်းတစ်ဝက်တွင်ပင် ရပ်တန့်သွား၏။

ဗားကြီး၏လက်သီးချက်ကို မိမိရရခံလိုက်ရသောကြောင့် ဖြစ်၏။ ကံထူးမောင်က ချုပ်ကိုင်ထားသူကို နံရံသို့ ဆောင့်တွန်းလိုက်ပြီး

"မင်းတို့မြွေဆရာကို ပြောလိုက်စမ်း၊
တိုက်မြွေကို ဘယ်လိုနိုင်အောင်ကိုင်မလဲဆိုတာ
မင်းတို့လည်း မှတ်ထားကြ၊ ငါဟာ 'တိုက်မြွေ'
ပဲ"

ဟု ကြိမ်းဝါးလိုက်တော့၏။

"ဒီမှာ ဒေးဗစ်...

မင်းအတွက် တစ်လစာ လောက် ဘိန်းဖိုးရမဲ့ကိစ္စကို

စိတ်မဝင်စားဘူးလား"





ဓါးဓော်ကြီးတို့လူစုသည် ကံထူးမောင်ကို မည်သို့မျှ ာ့ဉ်နိုင်မှန်း သဘောပေါက်သွား၏။

ထို့အပြင် သူတို့သည် အသားလွတ် ရှိင်းပြဓော်ကားသော ထူးမောင်ကို စိတ်မူမမှန်သူဟူ၍ပင် ထင်မြင် သွားကြ၏။

၎င်းက တိုက်မြွေဟူ၍ ပြောဆိုနေသည် မဟုတ်ပါလား။

ထိုတိုက်မြေဆိုသူ၏မျက်လုံးများကလည်း ထူးဆန်းသည့် အရောင်အဝါများနှင့် တောက်ပနေသလို မြွေတစ်ကောင်၏ မျက်လုံးများသာ ဖြစ်နေ၏။

ထို့နောက် ဓါးဇော်ကြီးတို့သည် မကျေမနပ်နှင့် ဆိုင်မှ ထွက်ခွာသွားကြ၏။

သူတို့သည် ဆိုင်ပြင်သို့ရောက်လျှင် ဓါးဇော်ကြီးက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး

"ရာဇဝင်ရှိုင်းလိုက်တာကွ! ဒီကောင်က ဘယ်ကလဲ၊ တို့မြို့ကို ရောက်လာတဲ့လူစိမ်း တစ်ယောက်က ဒီလိုဇော်ကားတာမျိုးတော့ အခံရခက်လှတယ်ကွာ"

ဟု တေင်ပြော၏။ ကျွန်တစ်ယောက်က မေးစေ့ကို လက်နှင့် ပွတ်သပ်ပြီး

"ဒီမှာ ဇော်ကြီး၊ ငါတစ်ခုစဉ်းစားမိတယ်၊ အဲဒီကောင်ဟာ မြွေဆရာကြီး ဦးထိပ်ခေါင်နဲ့





ရန်စရှိတဲ့လူပဲဖြစ်ရမယ်၊ တို့က အဲဒီမြွေဆရာကြီး အကြောင်းကို ပြောနေတာကြားပြီး နားကြားပြင်း ကပ်သွားမှာပေါ့၊ ဒါကြောင့် မြွေဆရာကြီးကိုတောင် ဖြန့်ပြီးစိန်ခေါ်လိုက်သေးတယ် မဟုတ်လား၊ ငါ့အထင်တော့ အဲဒီကောင်နဲ့ မြွေဆရာကြီးတို့ မကြာခင် ထိပ်တိုက်တွေ့လိမ့်မယ်ထင်တယ်"

ဟု ဆို၏။

ကျွန်တစ်ယောက်က လက်ဖျောက်တီး၍

"ဟုတ်ပြီကွ၊ ငါတို့ကို ဇော်ကားသွားတဲ့ အတွက် ဒီကောင့်ကို မှတ်လောက်အောင် ပြန်ပြီး ပညာပေးရမယ်၊ ပထမအချက်အနေနဲ့ ရွာနိုင် ဂတ်က ငါ့မိတ်ဆွေ ရာဇဝတ်အုပ် ကိုသက်ဦးကို အကူအညီ တောင်းရမယ်၊ ဒီကိစ္စအတွက် ကိုသက်ဦးတို့အဖွဲ့ကို စားသောက်ဆိုင်မှာ တစ်ဝိုင်း လောက် ဒကာခံလိုက်ရင်ရပါတယ်၊ ဒုတိယ

*အချက်ကတော့ ဒီကောင်ဟာ မကြာခင် မြွေဆရာကြီးကို ရန်မူဖို့၊ ဒါမှမဟုတ် တစ်ခုခုတို့ဖြစ်မှာကြီးစားတော့မှာပဲ မဟုတ်လား၊ တို့က ဒီကောင့်အကြောင်းကို သတင်းပေးရင် မြွေဆရာကြီးဦးထိပ်ခေါင်ဆီကိုသွားပြီး ကြိုတင်သတိပေးရမယ်ကွ"*

ဟု အကြံပေး၏။

ဓါးဓော်ကြီးက သဘောကျဟန်နှင့် သူ၏ ဆူဖြိုးသော ဝမ်းဗိုက်ကို ပွတ်သပ်ကာ

*"ကောင်းတယ်၊ ဗဲရိုးဠတ်ဆိုင်ဒီယာပဲ၊ ဒီကောင့်ကို ရာဇဝတ်အုပ် ကိုသက်ဦးနဲ့တိုင်ပင်ပြီး အမှုဆင်ဖမ်းလို့တောင်ရတယ်ကွ၊ သူ့ဘက်က အမှုကို တကယ်ကျူးလွန်ရင်တော့ ထောင်နဲ့ ပြေးမလွတ်တော့ဘူးပေါ့ကွာ၊ ကဲ… အခုပဲ အဲဒီအစီအစဉ်ကို အကောင်အထည်ဖော်ကြစို့လား၊ ဂါတ်တဲကို အရင်ဆုံး ချီတက်ကြမယ်"*

ဟု ပြော၍ တက်ကြွစွာနှင့် ထွက်ခွာသွားကြ၏။

ကံထူးမောင်သည် ဓါးဓော်ကြီးတို့ အရက်သောက်နေစဉ် ခိုတ်ရှိတိုင်း ရမ်းကားကာ ထိုသူများအား ဆိုင်မှ နှင်ထုတ်လိုက်၏။

ထို့နောက် မျက်နှာငယ်ကလေးနှင့်ရှိနေသော စားသောက်ဆိုင်ပိုင်ရှင် တရုတ်ကို

*"ခင်ဗျား မကျေနပ်ဘူးလား"*

ဟု ရှုတည်တည်နှင့်မေးမြန်း၏။ တရုတ်က ပျာပျာသလဲနှင့်လက်ခါပြကာ

*"ရပါတယ်၊ ရပါတယ်၊ စားသောက်ဆိုင်ဆိုတော့ ဒီလိုပဲ တစ်ခါတလေ နိုက်ရန်ဖြစ်ပွားတာတွေ ဘာတွေ ဖြစ်တတ်ပါတယ်၊ ဆရာတို့ အေးအေးဆေးဆေး စိတ်ချမ်းသာ ကိုယ်ချမ်းသာ စားသောက်ပါ၊ ကုန်ကျစရိတ်တွေကိုလည်း မယူပါဘူး၊ ကျုပ်က စိတ်ဖြစ်ချွေဖြစ်အနေနဲ့ ညွှန်ပေါ့*

*မယ်"*

ဟုပြောလေ၏။

ဖားကြီးက ခွီးခနဲရယ်၍

*" ကောင်းလိုက်လေကွာ၊ တိုက်မြွေရဲ့ အရှိန် အဝါက ဘယ်လောက်ကြီးသလဲဆိုတာ အခုမှ သိရတော့တယ်၊ ဟားဟား... ဒီမှာ မိမ်နဲ့ အလကားစားသောက်ပြီး ညရောက်တော့ ဆပ်ကပ်ပွဲကို မိမ်နဲ့ကြည့်ရမယ်"*

ဟုဆိုလိုက်ရာ ကံထူးမောင်က ဘာမျှ မပြောတော့ဘဲ ချာခနဲလှည့်ကာ သူတို့၏စားပွဲမှ အရက်ခွက်ကို ကောက်၍ ကိုင်လေ၏။

ဖားကြီးသည် စားလက်စ အစားအသောက်များကို မြိန်ရည်ရှက်ရည် စားသောက်ပြန်၏။ ထိုအချိန်၌ ဆိုင်ရှင်တရုတ်က စိတ်တွင်းမှနေ၍

*"မင်းတို့ ငါ့ကျွေးသမျှကို ကောင်းကောင်း*





*စားထားကြဦးပေါ့၊ ပြီးတော့မှ မင်းတို့ လည်ပင်း ထဲကနေ အဲဒီအစားအသောက်တွေ အတောင့်လိုက် အန်ထွက်အောင် လုပ်ပြမယ်၊ "အဝမ်"တဲ့ တစ်ဝမ် တည်းရှိတယ်၊ မင်းတို့ကို မကြောက်လို့ ပြည်မ ကြီးကိုတောင် မပြန်ဘဲ ဒီမှာအခြေချနေတာ ကွ"*

ဟုကြုံးဝါး၏။

ပြီးလျှင် စားပွဲထိုးတစ်ယောက်ကိုခေါ်ပြီး

*" 'ဒေးဗစ်လီ'ကိုရှာပြီး ခေါ်လာခဲ့စမ်း၊ အမြန်ဆုံး သူနဲ့တွေ့ချင်တယ်"*

ဟုနိုင်းစေလိုက်၏။

မကြာမီ အင်္ဂလိပ်စစ်တပ်မှ လေလံဆွဲထားသော ဘီအက်စ် ဆိုင်ကယ်သံ တဖုန်းဖုန်း နှင့် "ဒေးဗစ်လီ" ရောက်ရှိလာ၏။

ဒေးဗစ်လီသည် ဘိုဆန်ဆန်ပင် နေထိုင်သော တရုတ် လူမျိုးဖြစ်၏။

သူ၏အရပ်က ရှည်လျားသလို ဆံပင်ရှည်တို့ကိုလည်း နောက်တွင် စုစည်းချည်နှောင်ထား၏။

အဝတ်အစားကိုလည်း တကယ့်ဘီလပ်သားတစ်ယောက်လို အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် အဖြူရောင် ဦးထုပ်ဝိုင်းကို ဆောင်းကာ သေသပ်စွာ ဝတ်ဆင်ထား၏။

နှုတ်ခမ်းတွင်မူ အကောင်းစား ဆင်စွယ်စွပ်တံနှင့် စီးကရက်တစ်လိပ်က တွဲလွဲခိုနေ၏။

ဒေးဗစ်လီသည် ငွေဖြိုးဖြိုးမြက်မြက်ရလျှင် မည်သည့်အလုပ်မဆို လုပ်ကိုင်သည့် ပွဲစားအမည်ခံကာ ဒုစရိုက်အမျိုးမျိုးကို ကျူးလွန်တတ်၏။

လိုအပ်လျှင် သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းပြီး အသက်ကိုပါ ချွေယူတတ်သူဖြစ်၏။

တရုတ်ရိုးရာ တိုက်ခိုက်ရေးပညာကို ကောင်းစွာတတ်ကျွမ်းပြီး လက်ယဉ်လှသူဖြစ်၏။

ထို့အပြင် သူသည် ထိုခေတ်အခါက ရရှိနိုင်သောဘိန်းကိုလည်း လွန်စွာကြိုက် နှစ်သက်၏။





အဝမ်က ဒေးဗစ်လီကို

*"ဒီမှာဒေးဗစ်၊ မင်းအတွက် တစ်လစာ လောက် ဘိန်းဖိုးရမဲ့ကိစ္စကို စိတ်မဝင်စားဘူးလား"*

ဟုပြောလိုက်၏။ ဒေးဗစ်လီက စီးကရက်ကို မီးညှိပြီး ဖျက်လုံးမေးစင်းကာ

*"အဝမ့်အတွက်ဆိုရင် ကျုပ်ဘက်က ငွေကြေးစကားမပြောပါဘူး၊ ရိုက်နှက်ပေးဖို့ကိစ္စလား၊ လူသတ်ဖို့ကိစ္စလားဆိုတာပဲ ပြောပေတော့၊ ကျုပ်က အဆင်သင့်ပဲ"*

ဟုဆိုလေ၏။

ဆပ်ကပ်ပွဲစတင်ချေပြီ။

မြေအလယ်မှာယ်အစီအစဉ်မှာ လူကြိုက်များလှသောကြောင့် နောက်ပိုင်းတွင်မှ ပြသမည်ဖြစ်၏။

ဓားဓော်ကြီးနှင့်အဖော်နှစ်ယောက်သည် ရာဇဝတ်အုပ်သက်ဦးနှင့်အတူ ပရိသတ်၏ နောက်ဘက်တွင်ရှိနေ၏။

ရာဇဝတ် အုပ်သက်ဦးသည် လူက သေးကွေးသော်လည်း နံပါတ်တုတ်ကို လက်ဝါးတွင် တဖျတ်ဖျတ်ရိုက်ရင်း ရောမ လူစွမ်းကောင်းကြီးလို ဓားဓော်ကြီးတို့လူစုရှေ့တွင် ဟန်ရေးပြနေ၏။

၄င်းသည် ပုလိပ်ဘက်တွင် အမှုထမ်းနေသော်လည်း ‌ျောင်ထဲတွင် တစ်ကိုယ်တည်း မသွားလာရဲအောင် သတ္တိကြောင် သူဖြစ်သလို၊ သူ၏ လက်သက်အတွင်း မည်သည့်လူဆိုးသူခိုးနှင့်မျှ ရင်ဆိုင်သတ်ပုတ်ကာ ဖမ်းဆီးခဲ့ဖူးသည့် အစဉ်အလာမရှိခဲ့ပေ။

သူတို့လူစုသည် များပြားလှသော ပရိသတ်အကြားတွင် ကံထူးမောင်တို့ကို ရှာဖွေရသည်မှာ လွယ်မယောင်နှင့် ခက်နေ၏။ ကံထူးမောင်၏ ပုံသဏ္ဌာန်ကို ပြောပြီး ပုလိပ်သားများကို ပွဲခင်းအနှံ့ ရှာဖွေရန် အမိန့်ပေးထားလေရာ ရာဇဝတ်အုပ်သည် ကိုယ်တိုင် ရှာဖွေရန်မလိုဟု ခပ်ပေါ့ပေါ့သဘောထားလေ၏။

ထို့အပြင် ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြေပြစ်သော





ကျွမ်းဘားမယ်ကလေးများ၏ ပြကွက်များကလည်း အခြားအရာများကို မေ့လျော့နေစေ၏။

ဓားဓော်ကြီးနှင့် အဖော်နှစ်ယောက်ကသာ ကံထူးမောင်ကို လှည့်ပတ်ရှာဖွေလိုက်၊ ရာဇဝတ်အုပ်ထံ လာရောက်သတင်းပို့လိုက်သာရှိနေ၏။

ဤသို့ဖြင့် နောက်ဆုံးတွင် မြွေအလှမှာယ်ဆရာကြီး ဦးထိပ်ခေါင်၏ အစီအစဉ်ရောက်ရှိလာ၏။

ဦးထိပ်ခေါင်သည် ကြက်သွေးရောင် ဝတ်ရုံကြီးကို ဆင်မြန်းထားပြီး ပရိသတ်ကို အရိုအသေပြုကာ

*"အခုအချိန်ကစပြီး ကျုပ်က ပရိသတ်တွေ တစ်မျိုးနဲ့တစ်မျိုး မရိုးရအောင် မြွေတွေနဲ့ အသုံးတော်ခံပြီး ဖျော်ဖြေပါတော့မယ်၊ အဲဒီလို မဖျော်ဖြေခင်မှာ ကြိုတင်ပြီး ပြောလိုတာက ကျုပ်ဆီကို ပွဲစေခင်က ကျုပ်ရဲ့ချစ်ပရိသတ် ကြီးထဲက စေတနာမေတ္တာအပြည့်နဲ့ သတိပေး*

စကားပြောခဲ့တဲ့လူတွေကို အထူးပဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်၊ သူတို့က ကျုပ်ကို မြေမှုပတ်သက်ပြီး ရှုံးပြမဲ့ ပုဂ္ဂိုလ်ရှိနေတယ်လို့ ဆိုပါတယ်၊ ကျုပ်ကလည်း မြေဆိုရင် ဘယ်လို မြေမျိုးကိုမှ မကြောက်ရွံ့ပါဘူး၊ ဘယ်လိုမြေမျိုးကို မဆို စိန်ခေါ်ပါတယ်၊ ဒီနေ့ညပွဲစဉ်မှာ ထူးထူးခြားခြားပဲ ကျုပ်နဲ့အတူ အကူအဖြစ် မြေအလယ်မှာယ်ပြသဖို့ ကျုပ်ရဲ့သမီးကလေးပါ ရောက်နေပါပြီ၊ သူဟာ တစ်ချိန်မှာ ကျုပ်ရဲ့အမွေကို ဆက်ခံပါလိမ့်မယ်၊ သူ့ကိုလည်း ကျုပ်လိုပဲ အားပေးကြပါ”

ဟုပြောလေ၏။

ကံထူးမောင်နှင့်ဖားကြီးသည် ပရိသတ်၏ အလယ်တွင် ရှိနေ၏။

သူတို့သည် စပ်ကုပ်ကုပ်သာ ထိုင်နေလေရာ ဖားဖော်ကြီးတို့အဖွဲ့ ရှာမတွေ့ဘဲ မျက်စိမှောက်နေ၏။





ဖားကြီးသည် ဦးထိပ်ခေါင်က အစီအစဉ်စတင်ရန် လူမြင်ကွင်းသို့ ထွက်လာကတည်းက ကံထူးမောင်ကို အကဲခတ်နေ၏။

မြေအလယ်မှာယ်ဆရာကြီး ပြောဆိုနေစဉ်အတွင်း ကံထူးမောင်သည် ဆူဝေနေသော စိတ်နှင့် တဖြည်းဖြည်း မြေတစ်ကောင်လို ပြောင်းလဲလာသည်ကို တွေ့နေရ၏။

နောက်ဆုံးတွင် ဖားကြီးသည် မြေဆရာကြီး၏ အကူအဖြစ် ထွက်ပေါ်လာသော အဖြူရောင်ဝတ်စုံနှင့် မိန်းမပျိုကလေးကို တွေ့လိုက်ရာ ပါးစပ်အဟောင်းသားဖြစ်သွား၏။

သူမသည် ဖားကြီး ငမ်းကြောထခဲ့သည့် မိန်းကလေးသာ ဖြစ်၏။

မိန်းမပျိုက ပရိသတ်ကို အရိုသေပေးပြီး ‘ခင်မလေး’ ဟု ပြောကာ မိတ်ဆက်၏။

ဖားကြီးသည် အံ့သြ၍မှ မဆုံးမီ နံဘေးမှ ကံထူးမောင်၏ လှုပ်ရှားမှုကြောင့် သူပါ လှုပ်ရှားသွား၏။

ကံထူးမောင်သည် ထိုင်ရာမှ ဝုန်းခနဲထ၍ စတိတ်စင်ထဲသို့

ပြေးလွှားသွားခြင်းဖြစ်၏။

လူများကြားမှ တိုးဝှေ့ပြေးလွှားခြင်း ဖြစ်လေရာ ပွဲခင်းတစ်ခုလုံး အထိတ်တလန့်နှင့် ဝရုန်းသုန်းကား ဖြစ်သွား၏။

ထို့ကြောင့် ကံထူးမောင်၏သွားလမ်းကို လူများက ပိတ်ဆို့ထားသလိုရှိ၏။

ဖားကြီးသည် နောက်မှ ထက်ကြပ်မကွာ လိုက်ပါရ၏။ ကံထူးမောင်ကမူ ဘာကိုမျှ မြင်တွေ့ဟန်မတူဘဲ လူများကို ရိုက်ပုတ်တွန်းဖွယ်ရင်း သွားလာနေ၏။

ဓားဓော်ကြီးတို့က သူ့ကိုမြင်တွေ့သွားချေပြီ။ ထိုအခါ ရာဇဝတ်အုပ်ကို

*"အဲဒီကောင်ပဲဗျ၊ တိုက်မြေဆိုလား၊ မြေ ဆရာကြီးကို ရန်မူတော့မှာ ကျိန်းသေတယ်"*

ဟုပြောလိုက်၏။

ရာဇဝတ်အုပ်က ခရာကို တရှိန်ရှိန်မှုတ်ရင်း ပုလိပ်သားများကို အချက်ပေးပြီး





*"ဒီကောင့်ကို ကျွပ်ဖမ်းပြမယ်"*

ဟုဆိုကာ ပြေးလွှားသွားရန် ခြေလှမ်းပြင်၏။

ထိုအခါ ပရိသတ်ထဲမှ ဝရုန်းသုန်းကားနှင့် ကြောက်လန့်တကြား ပြေးလွှားလာသော ကလေးငယ်တစ်ယောက်နှင့် ရင်ဆိုင်တိုက်မိ၏။

ကလေးငယ်က ဘာမျှမဖြစ်သော်လည်း ကလေးငယ်လောက်ပင် အားအင်ရှိဟန်မတူသော ရာဇဝတ်အုပ် ဆက်ဦးသည် နောက်သို့ ဖင်ထိုင်လျက် လဲကျ၏။

အခြားသူများက တက်နင်းမည်ဘေးမှထွက်ရန်ကိုပင် ကြိုးစား၍ ရှောင်တိမ်းလိုက်ရ၏။

ထိုအခိုက် ဒေးဗစ်လီသည် စီးကရက်ကိုခဲကာ ဝရုန်းသုန်းကား ဖြစ်နေသော လူစုထဲမှ ကံထူးမောင်ကို ကြည့်ပြီး

*"ဒီကောင် မြေဆရာကို တစ်ခုခုလုပ်တော့မှာပဲ၊ အဲဒီလို လုပ်ပြီးရင် ရှောင်ထွက်ဖို့ ထွက်ပေါက် လိုလာပြီ၊ ထွက်ပေါက်ကလည်း စာတ်စင်နောက်*

ဖက်က အပေါက်ပဲဖြစ်မှာပေါ့၊ သူ့ရဲ့ချေးပေါက်ကို

ပိတ်ဆို့ထားရဲ့ပဲ”

ဟုရေရွတ်လိုက်တော့၏။

ပန်းအိမ် ကွန်ပျူတာ
အမှတ်(၇) မှော်ရာဇာတန်း ကျိုက္ကဆံလမ်း ကျောက်မြောင်းဈေး တာမွေ





“တိုက်မြေဆိုတဲ့ကောင်…
မင်းကိုဆုံးမဖို့ ငါလိုက်လာတာကွ…
ဒီလိုပြေးလို့ လွတ်မတဲ့လားကွာ”

မြွေအလမ္ပာယ်ဆရာကြီးနှင့် သမီးဖြစ်သူ 'ခင်မလေး' ဟူသော မိန်းမပျိုသည် ပွဲခင်းဆီမှ ရုတ်ရုတ်သဲသဲ ဖြစ်ပေါ် သွားသောကြောင့် သူတို့ တင်ဆက်မည့်အစီအစဉ်ကို ရပ်တန့် လိုက်ရ၏။

ထိုအခါ လူကြားထဲမှ ထင်ပေါ်စွာပင် သက္ကလတ်ဦးထုပ် ကို ဆောင်း၍ အသားညိုညို၊ ကိုယ်ဟန်တောင့်တောင့်နှင့် လူတစ် ယောက်က သူတို့ဆီသို့ တိုးဝှေ့လာနေသည်ကို တွေ့လိုက်ရ၏။





ဦးထိပ်ခေါင်သည် ချက်ချင်းပင် သဘောပေါက်လိုက်၏။

ူ့ကို သတိပေးခဲ့သည့်အတိုင်း လူတစ်ယောက်က ရန်မူရန် ုပ်ရှားလာချေပြီ။

ထိုသူမှာ ထူးထူးဆန်းဆန်းပင် တိုက်မြွေဟု ကြွေးကြော် ား၏။

ထိုသူသည် မကြာမီ သူတို့ထံရောက်ရှိ လာပေတော့မည်။

ထိုအခိုက် ပရိသတ်များအတွင်းမှ မြွေဆိုးမြွေပေါက်များသည် ာကြောင့်မှန်းမသိဘဲ ပြင်းထန်စွာ လှုပ်ရှားလာကြ၏။

ကျွန်းရဲ၏ ရန့်ကိုရသော သားကောင်များပမာ ဂနာမငြိမ် ဖြစ်နေကြ၏။

ခင်မလေးသည် သက္ကလတ်ဦးထုပ်နှင့်လူကို မီးရထား ာက်တွင် မြင်တွေ့ခဲ့ဖူးမှန်း သတိရလိုက်၏။

ထို့အပြင် ထိုသူ၏ နောက်ပါးမှ ကပ်ပါလာသော ပုပုဝဝ င် ကုန်းကွကွရှိသော မျက်နှာပြဲပြဲနှင့်လူကိုပါ တွေ့လေရာ သူမ၏ အထင် ပိုမိုခိုင်မာသွား၏။

ထိုသူနှစ်ယောက်မှ ခုန်လွှားပြီး သူတို့နှင့် လက်တစ်ကမ်း အကွာသို့ရောက်လာ၏။

ထိုအခိုက် ရာဇဝတ်အုပ် သက်ဦး၏ ကြိုတင်စီစဉ်မှုနှင့် ပုလိပ်သားနှစ်ယောက်က လိုက်ကာကြားမှ ရိုင်ဖယ်များကို ကိုင်ဆောင်၍ ထွက်လာကာ တစ်ယောက်က

*"ဦးထိပ်ခေါင် ဘေးကင်းရာကို ရှောင်တိမ်း*
*နေပါ"*

ဟုအမိန့်ပေး၏။

ဖားကြီးသည် ခင်မလေးကိုကြည့်ပြီး တွန့်ဆုတ်သွား၏။ တိုက်ဆိုင်စွာပင် သူနှစ်သက် စွဲလမ်းမိသော မိန်းကလေးက ကံထူးမောင်၏ ရန်သူတော်ကြီးသမီးဖြစ်နေ၏။

ကံထူးမောင်က မျက်လုံးအစုံ ရဲရဲနီပြီး ဆတ်ခနဲပင် အနီးမှ မြေပခြုပ်တစ်ခုအတွင်း လက်နှိုက်ကာ မြွေဟောက်ဖားကောင်ကို ဆွဲယူလိုက်၏။

သူ၏လက်တွင်း၌ မြွေဟောက်က အမြီးမှကိုင်ရက်ပါလာ





ရာ ဒေါသတကြီးနှင့် တွန့်လိမ်ပြီး ကံထူးမောင်၏ ချုပ်ကိုင်ထား သောလက်ကို ဆတ်ခနဲ ပေါက်ချလေ၏။

ကံထူးမောင်က မဖြုံဘဲ ထိုမြွေကို ဦးထိပ်ခေါင်ထံ ပစ်လွှင့် လိုက်ပြီး

*"မြွေဆရာကြီး၊ ခင်ဗျားနဲ့ကျုပ် တွေ့ပြီပေါ့၊*
*ခင်ဗျားကို ကျုပ် သွေးကြွေးဆပ်ရတော့မယ်၊*
*ခင်ဗျားဟာ ကျုပ်ရဲ့အဆိပ်နဲ့ပဲ သေဆုံးရလိမ့်မယ်၊*
*ကျုပ်က တိုက်မြွေပဲဗျ"*

ဟုအော်ဟစ်လိုက်၏။

မြွေဆရာကြီး သားအဖနှင့် ပုလိပ်သားနှစ်ယောက်မှာ အူကြောင်ကြောင် ဖြစ်သွားကြ၏။

ပွဲခင်းထဲမှ ပရိသတ်များမှာ ထူးဆန်းသောပြပွဲကို ကြည့်နေ ရသည့်အလား ရှိနေ၏။

မြွေဆရာကြီးသည် ဝဲပျံလာသော မြွေဟောက်ကို သေသပ် စွာဖမ်းယူပြီး တစ်စုံတစ်ရာ ပြောမည်ဟန်ပြင်စဉ် ပုလိပ်သား

တစ်ယောက်က ရိုင်ဖယ်ကို မောင်းတင်ပြီး ကံထူးမောင်ကို

"ဟေ့ကောင်… ဘာတွေလာပြောနေ တာလဲ၊ မင်းကို ငါတို့ပုလိပ်အဖွဲ့က ဖမ်းလိုက်ပြီ၊ ခုစ်ရုံကြီးစားရင် ပစ်ရမှာပဲ"

ဟုအမိန့်ပေး၏။

ကံထူးမောင်သည် ထိုပုလိပ်များကို မျှော်လင့်မထားချေ။ သူသည် မြွေဆရာကြီးကို ဘာမျှ မလုပ်နိုင်ဘဲ ပုလိပ်လက်ချက်ကို ခံရမှယ်သာရှိ၏။

သေနတ်ကို အံတုနိုင်သည့်မြွေဟူ၍ မပေါ်ပေါက်သေး ချေ။

ပရိသတ်အကြားမှ တိုးဝှေ့ပြီး ရာဇဝတ်အုပ်နှင့် ဖား ဖော်ကြီးတို့ကလည်း ချဉ်းကပ်လာနေပြီဖြစ်၏။

ရာဇဝတ်အုပ် သက်ဦးသည် ပုလိပ်သားများကို ကံထူး မောင်အားမိအောင် လက်ရဖမ်းဆီးရန် အော်ဟစ်အမိန့်ပေးလေ၏။

ဖားကြီးက အံကြိတ်ပြီး





"ကံထူးမောင် အရှုံးအနေမကောင်းဘူး"

ဟု သတိပေးလိုက်၏။

ကံထူးမောင်က လျှပ်တစ်ပြက်ပင် ကြောင်ငေးငေးရှိနေ သော ခင်မလေး၏အနီးသို့ တိုးကပ်၍ မလှုပ်သာအောင် ချုပ်ကိုင် ပြီး ဦးထိပ်ခေါင်ကို

"ခင်ဗျားကို အရချမ်းသာပေးလိုက်မယ်၊ ကြောင်မှာ ဒီကောင်မလေးရဲ့ အသက်နဲ့ ခင်ဗျားရဲ့ အသက်ကို လဲလှယ်ဖို့ အသင့်ပြင်ထားပေတော့"

ဟုပြောလိုက်၏။

ကံထူးမောင်၏ လှုပ်ရှားမှုက မျက်စိ တစ်မှိတ်မျှသာရှိ၏။ ပုလိပ်များသည် ခင်မလေးကို ဒားစာခံလုပ်ထားသောကြောင့် ကံထူးမောင်ကို ပစ်ခတ်ရန် ဖမ်းဆီးရန် အကြီးရခက်သွား၏။

ကံထူးမောင်က မိန်းမပျိုကို အကာအကွယ်ပြုပြီး တွန်းထိုးဆွဲငင်ကာ

"တစ်ယောက်မှ လိုက်မလာနဲ့၊ ဒီကောင်မ

*လေးအသက်က ကျုပ်လက်ထဲမှာရှိတယ်"*

ဟု အော်ဟစ်ခြိမ်းခြောက်၍ စတုံ့နောက်ပေါက်သို့ ချည်းကပ်လာ၏။

ဖားကြီးကလည်း သွက်လက်စွာနှင့် မည်သူကိုမျှ အလစ်မပေးဘဲ ကပ်ပါလာ၏။

ထိုသို့ သွားလာရာတွင် ကံထူးမောင်သည် လက်တစ်ဘက်မှ အသင့်တွေ့သော မြေပြမြုပ်ကြီးတစ်ခုကိုပါ ဆွဲလာ၏။

ထိုမြုပ်ထဲတွင် ဦးထိပ်ခေါင် တောင်းစွာလေ့ကျင့်မှု မပြုရသေးသော မြေပေါက်များ ရှိ၏။

စတုံ့ထဲတွင်လည်း ဆယ်ကပ်အဖွဲ့သားများမှာ မည်သူမျှ အနီးမကပ်ရဲဘဲ အဝေးသို့ရှောင်ရှားသွားကြ၏။ ကံထူးမောင်က မိန်းကလေးကို ဖားကြီးထံတွန်းပို့ပြီး

*"သူ့ကို အစီအရ ထိန်းထားပေတော့၊ လွတ်သွားတာနဲ့ မင်းအသက်ကို ဖက်နဲ့ထုပ်ထားပေတော့"*





ဟု နိုင်းစေ၏။

ဖားကြီးမှာ စိတ်မပါလှသော်လည်း အမိန့်ကို ကောင်းစွာ သိုက်နာရ၏။

ကံထူးမောင်က စတုံ့နောက်ပေါက်မှ မြင်တွေ့နေရသော အသင့်ရှိနေသည့် မြင်းလှည်းတစ်စီးကို လက်ညှိုးညွှန်ပြီး

*"ဖားကြီး အဲဒီမြင်းလှည်းဟာ တို့အတွက်ပဲ"*

ဟုဆက်၍ပြောလိုက်၏။

မြင်းလှည်းသမားမှာ ပစ္စည်း တစ်စုံတစ်ရာပို့ပြီး ပြန်လည်ထွက်ခွာရန် ပြင်နေချိန်ဖြစ်၏။

သူသည် အနီးသို့ရောက်လာသော ကံထူးမောင်တို့ကို မြင်တွေ့လျှင် ကြောက်လန့်တကြားနှင့် မြင်းလှည်းထက်မှ ခုန်ချကာ ထွက်ပြေး၏။

ကံထူးမောင်က မြင်းလှည်းမောင်းသူနေရာသို့ လွှားခနဲ ခုန်တက်ပြီး ဇက်ကြိုးကို ဆုပ်ကိုင်လိုက်၏။

ဖားကြီးမှာလည်း မိန်းကလေးကို မြင်းလှည်းထက်

ဆွဲတင်ပြီးဖြစ်၏။

ထိုအခိုက် စာတိုက်ရုံနောက်ပေါက်မှ လူများက တိုး

ထွက်လာကြ၏။

ရာဇဝတ်အုပ်နှင့် ပုလိပ်သားများ အပါအဝင် ဖားဖော်ကြီး

တို့လူစုလည်း ပါ၏။

ကဲ်ထူးမောင်သည် ပခြုပ်အတွင်းမှ မြေပေါက်နှစ်ကော

သုံးကောင်ကို ထိုလူစုထဲသို့ လွှင့်ပစ်လိုက်၏။ လူစုမှာ ဖရိုဖရဲဖြစ်က

အရှိန်တန့်သွားတော့၏။

မြင်းလှည်းသည် ပွဲခင်းထဲမှ ဈေးဆိုင်တန်းများ၊ လူများကို

တိုးဝှေ့ကာ တရကြမ်းမောင်းနှင်လာ၏။

ရာဇဝတ်အုပ်က ပုလိပ်သားများအား မြင်းလှည်းနောက်

လိုက်ရန် ကြံရာယာဉ်တစ်စီးစီးကို ရှာဖွေရန် အမိန့်ပေးပြီး မကျေ

မနပ်ဟန်နှင့် ဖားဖော်ကြီးကို

*"အဲဒီကောင့်ကို အပိုင်ဖမ်းဖို့ စာတိုက်*



*ကန့်လန့်ကာကြားမှာ ကြိုတင်ပြီး ပုလိပ်တွေကို*

*စောင့်ခိုင်းထားတာတောင် လွတ်သွားသေးတယ်*

*ကွာ၊ နာလိုက်တာ၊ ဒီကောင်တွေ ဝေးဝေးမပြေးနိုင်*

*ပါဘူး"*

ဟုကြုံးဝါး၏။

ထိုသို့ကြုံးဝါးသော်လည်း ကဲ်ထူးမောင်၏ အစွမ်းကို

မြင်တွေ့ခဲ့လေရာ ခပ်တွန့်တွန့်ရှိနေ၏။ မကြာမီ ပုလိပ်များက

စက်ဘီးများ ယူဆောင်လာကြ၏။

သူတို့မြို့ကလေးတွင် ကားစီးနိုင်သူဦးရေ နည်းပါးလေရာ

ကားကို အလွယ်တကူ ရှာမရချေ။

ထို့နောက် ရာဇဝတ်အုပ်နှင့်အဖွဲ့သည် စက်ဘီးကိုယ်စီနှင့်

မိန်းမပျိုကလေးတစ်ယောက်အား အဓမ္မဖမ်းဆီးချုပ်နှောင်သွားသော

တရားခံများနောက်သို့ လိုက်ကြ၏။

ထိုအချိန်တွင် ကဲ်ထူးမောင်သည် မြင်းလှည်းကို ရန်ကုန်

ဘက်သို့သွားသည့် ကားလမ်းမသို့ မောင်းနှင်လာ၏။

ထိုအခါ နောက်မှ တုဖုန်းဖုန်း တဒိုင်းဒိုင်းနှင့် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်တစ်စီး၏ မီးရောင်ကို မြင်တွေ့ရ၏။

မော်တော်ဆိုင်ကယ်သည် မကြာမီ မြင်းလှည်းအနီးသို့ ရောက်ရှိလာ၏။

ဆိုင်ကယ်ကို မောင်းနှင်လာသည့် ဒေးဗစ်လီက ပြုံးလိုက်ပြီး မြင်းလှည်းရှေ့သို့ ကျော်တက်ကာ လမ်းကိုပိတ်၍ ရပ်တန့်လိုက်၏။

ဆိုင်ကယ်၏ရှေ့မီးကြီးက မြင်းလှည်းကို အထင်းသား ထိုး၍ထား၏။

ဒေးဗစ်လီသည် နိုင်ငံခြားမင်းသား တစ်ယောက်လိုပင် လမ်းပေါ်၌ ခြေကိုခွဲ၍ ရပ်စောင့်ကာ

*"တိုက်မြွေဆိုတဲ့ကောင် မင်းကိုဆုံးမဖို့ ငါ လိုက်လာတာကွ၊ ဒီလိုပြေးလို့ လွတ်မတဲ့လား ကွာ"*

ဟု စိန်ခေါ်၏။





ကဲထူးမောင်က မြင်းလှည်းကို တွန့်ခနဲ ရပ်တန့်ပြီး လမ်းပေါ်မှ တရုတ်ကိုကြည့်ကာ မျက်မှောင်ကြုတ်၍

*"ကိုယ့်လမ်းကိုယ်သွားစမ်း၊ မင်းသေချင်ပြီထင်တယ်"*

ဟုပဟိန်းဟောက်လိုက်၏။

ထိုအခါ ခင်မလေးသည် ကယ်တင်ရှင်ရောက်လာသောကြောင့် အားတက်ပြီး ဖားကြီး၏ လက်တွင်းမှ ရုန်းထွက်ကာ

*"ကျွန်မ.ကို ကယ်ပါဦးရှင်"*

ဟုအော်ဟစ်လေ၏။

ဒေးဗစ်လီက ရင်ကိုကော့ပြီး

*"မင်းကို အစ်ကိုကယ်ပါ့မယ်၊ ဟောဒီကောင်တွေကို အရင်ဆုံးမပြီး ပုလိပ်လက်ထဲကို အပ်ရမယ်၊ နောက်မှာ ပုလိပ်တွေ စက်ဘီးကိုယ်စီနဲ့ လိုက်လာနေကြပြီ၊ ဘာမှမပူနဲ့"*

ဟုပြော၏။

ထိုအခိုက်တွင်ပင် မြင်းလှည်းဆီက ရှည်မျောမျော မည်းမည်းအရာတစ်ခုက ဒေးဗစ်လီထံ လွင့်ပျံ့လာ၏။ ဒေးဗစ်လီ လျှင်မြန်စွာ ရှောင်တိမ်းပြီး ထိုအရာကိုကြည့်၍ မျက်လုံး ကျယ်သွား၏။ မြွေဟောက်တစ်ကောင်က လမ်းမထက်တွင် တွန့်လိမ်နေ၏။

ထို့အတူ ကံထူးမောင်ကလည်း မြင်းလှည်းထက်မှ တစ်ကောင်လိုပင် လွှားခနဲ ဖျဲဝဲလာ၏။

ဒေးဗစ်လီအတွက် သွေးပူလေ့ကျင့်ခန်းမျှသာ သဘောထားကာ ကံထူးမောင်၏ လက်သီးချက်ကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်၏။

သို့သော် မထင်မှတ်ဘဲ ထိုလက်တွင်း၌ မြွေဟော တစ်ကောင်က ပါလာပြီး ဒေးဗစ်လီ၏ လည်တိုင်ကို မိမိရရ ကိုက်ခဲသည်ကို ခံလိုက်ရတော့၏။

ဒေးဗစ်လီသည် လမ်းထက်သို့ ဒိုင်းခနဲလဲပြိုသွား ကံထူးမောင်က ဖားကြီးကို





*"ကဲ...တို့အတွက် စီးတော်သာဉ်တစ်ခု ထပ်ရောက်လာပြီ၊ ဆိုင်ကယ်နဲ့ ခရီးဆက်ကြတာပေါ့"*

ဟုပြောလိုက်၏။

မကြာမီ ကံထူးမောင်သည် ဆိုင်ကယ်ကိုမောင်းနှင်၍ င်မေလေးကို အလယ်၌ထားကာ ဖားကြီးအား နောက်မှ စီးနင်း ပြီး ရန်ကုန်ဘက်သို့ ဦးတည်လိုက်တော့၏။

သူတို့ ပစ်ထားခဲ့သော မြင်းလှည်းသည် တောလမ်း တစ်ခုအတိုင်း ဦးတည်ရာမဲ့ပြေးလွှားသွားသလို မြွေဆိပ်ကြောင့် အသက်ကင်းမဲ့နေပြီဖြစ်သော ဒေးဗစ်လီ၏ အလောင်းနဘေးတွင် လည်း မြွေပခြုပ်ကြီးတစ်ခုနှင့် အဆိပ်ပြင်းထန်သော မြွေဟောက် များက ဟိုမှသည်မှ သွားလာလျက်ရှိလေ၏။

ဋ ဋ ဋ

ကံထူးမောင်သည် မော်တော်ဆိုင်ကယ်ကို အရှိန်အဟုန်နှင့် မောင်းနှင်နေ၏။ ခင်မေလေးသည် ယောက်ျားသားကြီး နှစ်ယောက်ကြားတွင် ထိတ်လန့်တုန်လှုပ်စွာ လိုက်ပါလာရ၏။

မိုးလင်းစအချိန်တွင် ရန်ကုန်သို့ဝင်ပြီး တိုးကြောင်ကလေးဘက်သို့ရောက်လာ၏။

ကံထူးမောင်က ဆိုင်ကယ်ကို မောင်းနှင်ရင်း လမ်းနဘေးမှ တစ်စုံတစ်ရာကို ရှာဖွေနေ၏။





ထို့နောက် ပုံကျစျေးအနီးရှိ မိုးအလင်းဖွင့်သည့် ကာကာဆိုင်ရှေ့သို့အရောက်တွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်ပြီး

*"ဖားကြီး ဆင်းပေတော့၊ ကောင်မလေးကို သတိထားပြီး ထိန်းပါ"*

ဟုပြောကာ တစ်ဆက်တည်းပင် ခင်မေလေးဘက်သို့ လှည့်၍

*"မင်းအနေနဲ့ ကလန်ကဆန်လုပ်မယ်ဆိုရင် ဆိုးကျိုးတွေပဲ ခံရဖို့ရှိတယ်ဆိုတာ မှတ်ထားပါ"*

ဟုကြိမ်းဝါးလိုက်၏။

သူတို့ကို မြင်တွေ့ဟန်နှင့် ကာကာဆိုင်၏ လမ်းမနှင့်ကပ်လျက်စားပွဲတွင် ကုပ်ခြောင်းခြောင်း ထိုင်နေသော လူတစ်ယောက်က ထလာ၏။

ထိုသူက ကံထူးမောင်အနီး တိုးကပ်၍ ခင်မေလေးကို မျက်လုံးကျွတ်ကျမတတ် ကြည့်ကာ

*"ဘယ်လိုလဲ ကိုယ့်လူ၊ ပွဲပေါက်တိုးလာပြီ*

ထင်တယ်၊ ကောင်းစားနေရင်လည်း အချင်းချင်း မမေ့နဲ့နော်”

ဟု ညှောင်နာနာလေသံနှင့်ပြော၏။ ကံထူးမောင်က ထိုသူကို

“ဒီမှာ ကြွက်စုတ်၊ မင်းပုံကြည့်ရတာ တစ်ညလုံး အလုပ်မဖြစ်လို့ ကာကာဆိုင်မှာ အချိန်ဖြုန်းပြီး အကြံထုတ်နေပုံရတယ်၊ ဟောဒီက ဘီအက်စီဆိုင်ကယ်ကြီးကို သဘောမကျဘူးလား၊ ငါ့အတွက် လုံခြုံမဲ့တစ်နေရာရှိပြီဆိုရင် အဲဒါကြီးကို မင်းအပိုင်ရမယ်”

ဟုပြော၏။

ကြွက်စုတ်သည် ကံထူးမောင်ကဲ့သို့ သူခိုးတစ်ယောက်သာ ဖြစ်၏။

၎င်းက ကံထူးမောင် စကားကြောင့် ဝမ်းသာအားရနှင့်

“သိပ်ရတာပေါ့ကွာ၊ ဒါကြီးကို ဘယ်ကဲ





ဆွဲလာသလဲဆိုတာ ငါမမေးတော့ဘူး၊ ပုဇွန်တောင် ကြက်တန်းမှာသွားပြီး တစ်စစီ အမဲဖျက်လိုက်ရုံပဲ၊ မင်းအတွက်လည်း သိကြားမင်းကြီး ဆင်းရှာရင်တောင် တွေ့နိုင်မလွယ်တဲ့ နေရာရှိပါတယ်၊ ဟီး ဟီး... ဟီကောင်မလေးက တော်တော်ချောတာပဲကွ”

ဟု ဗြီတီတီပြောလေရာ ဖားကြီးက အသံပြဲကြီးနှင့်ဝင်၍

“ဟေ့ကောင်... ကြွက်စုတ်၊ မဆိုင်တဲ့ အကြောင်းတွေ ပြောမနေနဲ့”

ဟု ဟိန်းဟောက်လိုက်၏။

ကြွက်စုတ်သည် ဖားကြီးကို မျက်စောင်းထိုးပြီးမှ ဟက်ခနဲ ရယ်၍ လုံခြုံစိတ်ချရသော နေရာကို လမ်းညွှန်၏။

ဤသို့ဖြင့် အချိန်အတန်ကြာလျှင် သူခိုးကြွက်စုတ်၏ လမ်းညွှန်မှုနှင့် သူတို့လူစုသည် တိုးကြောင်ကလေး ရွာစွန်မှ လယ်ကွင်းများကိုဖြတ်ပြီး သရက်ခြံကြီးတစ်ခြံသို့ရောက်လာကြ၏။

သရက်မြို့ကြီးမှာ ဖြူဖြင်သူကင်းမဲ့ကာ ချုံနွယ်များ ထူထပ်လျက် တောကြီးတစ်ခုလို ဖြစ်နေ၏။ သူ့နိုးကြွက်စုတ်က လိုက်ပါမလာဘဲ ကံထူးမောင်ကို

"အဲဒီမြို့ပိုင်ရှင်က ချစ်တီးတစ်ယောက်ပဲ၊ ချစ်တီးက အကြွေးနဲ့သိမ်းထားတဲ့မြို့ပေါ့၊ ချစ်တီးက ဘင်္ဂလားကို အလည်ဆိုပြီး သွားလိုက်တာ ပိုမှာ သေမှန်းရှင်မှန်းမသိဘဲ ပြန်ရောက်မလာတာ လေး ငါးနှစ်ရှိပြီ၊ မြို့ကြီးလည်း အရင်ကတည်းက ကောင်းကောင်း မစောင့်ရှောက်ခဲ့တော့ တောထနေ တာပေါ့၊ ငါ တစ်ခါတလေ ပုလိပ်လက်က ရှောင်ပုန်းချင်ရင် ဒီမှာပဲ ခိုနေတတ်တယ်၊ မြို့ထဲမှာ တိုက်အိုကြီးတစ်လုံးရှိတယ်၊ လုံလုံခြုံခြုံပါပဲ၊ အဲဒီမြို့နဲ့ ခပ်လှမ်းလှမ်းမှာ တခြားရွာတွေကို သွားတဲ့လူသွားလမ်းတစ်ခုရှိတယ်၊ ဒါပေမဲ့ ဘယ်သူ မှ အဲဒီမြို့ဝင်းကြီးထဲ ဝင်ဖို့စိတ်ကူးမရှိကြဘူး၊





ဘာကြောင့်လဲဆိုရင် မြို့ဝင်းကြီးက သရဲခြောက် တယ်လို့ နာမည်ကြီးနေတဲ့အပြင် မြွေတွေလည်း ပေါတာကိုး၊ အဲဒီမှာ စိတ်ကြိုက်ခိုနေလို့ရတယ်" ဟု မှာခဲ့ပြီးဖြစ်၏။ လမ်းတွင် ခင်မလေးက ကံထူးမောင်

"ရှင့်ကို ကျွန်မ မေးပါရစေ၊ ရှင်နဲ့ကျွန်မ အဖေက ဘယ်လို ရန်ငြိုးရန်စတွေရှိခဲ့လို့လဲ၊ အဖေ ဟာ ဘယ်သူ့ကိုမှ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ခဲ့ဖူးဘူး၊ ပြီးတော့ ရှင့်ကိုတောင် သိကျွမ်း ပုံမရဘူး"

ဟု ဆိုလေ၏။

ကံထူးမောင်က ခက်ထန်စွာနှင့်

"မင်းအဖေက ဘယ်သူ့ကိုမှ စိတ်အနှောင့် လအယှက် မလုပ်ခဲ့တာ မှန်လိမ့်မယ်၊ ဒါပေမဲ့ မြွေတွေကိုတော့ လုပ်ခဲ့တယ်ကွဲ၊ တိတိကျကျ

*ပြောရရင် ငါဟာ ဘဝဟောင်းက မြွေအဖြစ်နဲ့ သူ့ကြောင့် သေဆုံးခဲ့ရတာကွ"*

ဟုပြောလိုက်ရာ ခင်မေလေးသည် မျက်လုံးကလေး ဝိုင်းစက်သွား၏။

သူမက ခေါင်းကိုခါယမ်းပြီး

*"ဒါ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဘဝဟောင်းတွေ ဘဝသစ်တွေနဲ့ ရှင်ဟာ မြွေတစ်ကောင်က သေဆုံးပြီး လူဖြစ်နေတာလား၊ ရှင်တို့စိတ်မှ မှန်သေးရဲ့လား"*

ဟု အော်ဟစ်လေ၏။ ကံထူးမောင်က တရှူးရှူးနှင့် ဒေါသထွက်ကာ

*"တော်စမ်းကွာ၊ ငါဟာ မြွေကသေဆုံးပြီး လူပြန်ဖြစ်တာ မဟုတ်ဘူးကွ၊ လူယောင်ဆောင်ထားတဲ့ မြွေပဲ၊ မြွေတောင်မှ အငြိုးကြီးပြီး အဆိပ်ပြင်းထန်တဲ့ တိုက်မြွေပဲ၊ မင်းအဖေဟာ ငါ့ရဲ့*





*အဆိပ်တွေနဲ့ သေစေရမယ်"*

ဟုဆိုလေ၏။

ခင်မေလေးသည် နှုတ်ခမ်းကိုကိုက်ပြီး တိတ်ဆိတ်သွား၏။

သူမ၏စိတ်တွင်းမှ ကံထူးမောင်နှင့် ဖားကြီးကို မူမမှန်သူများဟု သတ်မှတ်လိုက်ပြီဖြစ်၏။

ဖားကြီးသည်လည်း လမ်းလျှောက်လျှင် ကွတကွတနှင့် ခုန်ဆွခုန်ဆွရှိနေသည် မဟုတ်ပါလား။

ထိုနှစ်ယောက်၏လက်မှ အမြန်ဆုံးလွတ်မြောက်ရန်ကိုသာ အကြံထုတ်နေလေတော့၏။

သူနိုးကြွက်စုတ်လမ်းညွှန်လိုက်သည့်အတိုင်း တိုက်အိုကြီးမှာလည်း သစ်ပင်အုပ်ကြီးတစ်ခုလို ချုံနွယ်များအတိပြီးကာ ဖုံးအုပ်နေ၏။

အတွင်း၌မူ အချို့အခန်းများမှာ လုံခြုံခိုင်ခန့်နေသေး၏။

ကံထူးမောင်က ခင်မေလေးကို အခန်းတစ်ခုအတွင်း

ဝိတ်လျှောင်ပြီး ဖားကြီးကို

*"ဒီကောင်မလေး ထွက်ပြေးမယ်ကြံရင် ညှာမနေနဲ့ဟေ့၊ ကောင်းကောင်း ဆုံးမလိုက်၊ ငါအပြင်သွားပြီး လိုအပ်တာတွေ စီစဉ်ခဲ့မယ်၊ ဒီမှာ အခြေအနေပေးသလောက် နီအောင်းပြီး ဒေါက်တာ မြသီး တာဝန်ပေးထားတဲ့ကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ရမယ်၊ ပြီးရင် မိန်းကလေးရဲ့ အသက်နဲ့ မြေဆရာရဲ့အသက်ကို အလဲအလှယ် လုပ်ဖို့ စီစဉ်မယ်"*

ဟု ပြောကာ ထွက်ခွာသွား၏။

ထိုအခါ ဖားကြီးသည် တစ်စခန်းထလာတော့၏၊ သူသည် မိန်းကလေးကို ကံထူးမောင်က ဖမ်းဆီးခေါ်ဆောင်လာကတည်းက ကြိတ်၍ဝမ်းသာနေ၏။

ယခုတော့ အခွင့်အရေးရပေပြီ။ ဖားကြီး၏မျက်လုံးထဲတွင် ခင်မေလေး၏ လှပကျော့ရှင်းသော ကိုယ်ဟန်ကပေါ်လာပြီး စိတ်





ရိုင်းများ ဝင်လာ၏။

သူသည် ခင်မေလေးကို ဝိတ်လျှောင်ထားရာ အခန်းတံခါးဝတွင် ထိုင်နေရင်း ချီတုံချတုံ ဖြစ်နေ၏။ ချိုမြိန်သော အတွေးများကို စိတ်ကူးပုံဖော်ရင်း တံတွေးကို မကြာခဏမျိုချကာ စိတ်က ထိုဘက်သို့ အလေးသာသွား၏။

ဖားကြီးသည် ခင်မေလေး၏ အခန်းတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်လေ၏။ သူသည် မိန်းကလေးနှစ်သက်လောက်မည်ဟု ထင်ရသည့် ဟန်ပန်မျိုးဖြစ်စေရန် သွားကို အစွမ်းကုန်ဖြဲကာ ပြုံးထား၏။

ကိုယ်ကို ခပ်ကိုင်းကိုင်းလုပ်၍ ဖားတစ်ကောင်လိုရှိ၏။ ကွတ ကွတနှင့် လျှောက်လှမ်းရင်း နှုတ်သွက်လျှာသွက်ပင်

*"ခင်မေလေး… ကျုပ်က မင်းကို မီးရထားပေါ်မှာကတည်းက စွဲလမ်းခဲ့တာပါ"*

ဟု ပြောလိုက်၏။

အခန်းထောင့်တစ်နေရာတွင် ထိုင်နေသော ခင်မေလေး

သည် ဆတ်ခနဲတုန့်ရင်သွား၏။ ဖားကြီးသည် မူလကလိုမဟုတ်ဘဲ မျက်လုံးကြီး ပြူးကျယ်၍ ပါးစပ်ကပြဲကာ အသွင်တစ်မျိုးနှင့် ရှိနေသည်ကို သတိပြုမိ၏။

ခင်မလေးသည် ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ဖြစ်၏။ ဖခင်က သူမကို ကောင်းစွာ ပညာသင်ကြားပေးပြီး ပြုစုပျိုးထောင်ပေးခဲ့၏။

တစ်ဖက်မှလည်း မြေအလမ္မာယ်ပညာများကို လက်ဆင့်ကမ်း၏။ သူမသည် ထက်မြက်သောမိန်းကလေးပီပီ ဖားကြီးကို သာမန်အတိုင်း ဆက်ဆံ၍မရနိုင်ဟု တွေးမိ၏။

ထိုသူများကို လိုက်လျောညီထွေနေပြီး သူမအတွက် လွတ်မြောက်ရန် အခွင့်ကောင်းကိုစောင့်ရမည်ကို သဘောပေါက်၏။

သူမသည် ဖားကြီးကို အရင်ဆုံးစည်းရုံးရပေမည်။ ထို့ကြောင့် အခန်းတွင်းသို့ ပုံပျက်ပန်းပျက် လှမ်းဝင်လာသော ဖားကြီးကို

*"ရှင့်ကိုလည်း ကျွန်မ မီးရထားပေါ်မှာ ကတည်းက သတိထားမိပါတယ်၊ ရှင်က လူတွေကြားထဲမှာ ထူးထူးခြားခြား ထင်ပေါ်နေတာ မဟုတ်လား"*

ဟု စတင်၍ပြောဆိုလိုက်၏။

တစ်နည်းအားဖြင့် ဖားကြီး၏တဏှာရာဂစိတ်ကို မိန်းကလေးက အလိမ္မာနှင့်ချိုးနှိမ်ရန် စတင်လိုက်ခြင်းသာဖြစ်၏။

ဖားကြီးကမူ မိန်းကလေး၏တစ်ကိုယ်လုံးကို အငမ်းမရ ကြည့်ရှုရင်း လက်ဝါးကြီးနှစ်ဖက်ကို ဖွေ့ယမ်းကာ ဘဝင်လေဟပ်၍

*"ဟား ဟား… ဟုတ်ရဲ့လား၊ ဆက်ပြောစမ်း"*

ဟု ထောက်ခံလိုက်တော့၏။



သရဖီလှိုင်စာပေ

၁၈။

"တစ်ကမ္ဘာလုံးက လူတွေကို မြွေအဖြစ် ပြောင်းလဲပေးဖို့
ကြံစည်နေတယ်ဆိုတာ မယုံနိုင်စရာပဲ...
တော်တော် ထူးဆန်းတယ်...
ငွေတွေက ဘာကြောင့်လိုအပ်တာလဲ"





ဖားကြီးသည် ခင်မလေး၏စကားတွင် နစ်မျောရင်း သူ၏ အကြံကို အကောင်အထည်မဖော်နိုင်ဘဲ ရှိ၏။

ခင်မလေးက ချစ်စဖွယ်ပြုံးကာ

*"ဒီမှာ ကိုဖားကြီး၊ ရှင်ဟာ ဘာကြောင့် ဖားတစ်ကောင် ဘဝကို နှစ်သက်နေသလဲဆိုတာ ကျွန်မသိချင်တယ်"*

ဟု မေး၏။

ထိုအခါ ဖားကြီးက အဖြေမပေးသေးဘဲ အခန်းတွင်း၌ လှည့်ပတ်ပြီး ခုန်လွှားပြကာ

*"မင်းမြင်ပြီမဟုတ်လား၊ ကျုပ်က သာမန် လူတွေ မစွမ်းဆောင်နိုင်တဲ့ ကိစ္စမျိုးတွေကို စွမ်းဆောင်နိုင်တဲ့ စွမ်းအားရှင်ဖြစ်နေပြီ၊ ဒါဆို မင်းအနေနဲ့ အထင်ကြီးလေးစားသင့်တယ်၊ ဟောဒီက ငါ့ရဲ့လက်ဝါးရိုက်ချက်ကိုလည်း ဘယ်သူမှ မခံနိုင်ဘူးကွ"*

ဟု ရင်ကိုကော့၍ပြော၏။

ခင်မေလေးက ခေါင်းညိတ်ပြီး

*"ရှင်ဟာ လူစွမ်းကောင်းပေါ့၊ အဲ... ဖားစွမ်းကောင်းပေါ့၊ မိန်းကလေးတွေက ဒီလို အစွမ်းအစရှိတာ သဘောကျတတ်ပါတယ်"*

ဟု ဆိုလေရာ ဖားကြီးသည် ပို၍သဘောကျသွား





၏။

ခင်မေလေးက ဆက်၍ ဖားကြီးကို မေးခွန်းများ တစ်ခုပြီး တစ်ခု မေးလိုက်၊ မြှောက်ပင့်ပေးလိုက်ဖြင့် ဖားကြီးနှင့် ကံထူးမောင်တို့၏ အကြောင်းအလုံးစုံကို သိရှိသွားပြီဖြစ်၏။

ထိုအခါ ဖားကြီးက ဂုဏ်ယူဟန်နှင့်

*"ကံထူးမောင်ဆိုရင် ကျုပ်လိုသူခိုး တစ်ယောက်ပဲ၊ ဒါပေမဲ့ ကံကောင်းထောက်မပြီး သူဟာ တိုက်မြွေတစ်ကောင်ဖြစ်လာခဲ့တယ်၊ အဲဒါ ဒေါက်တာမြသီးရဲ့ကျေးဇူးပဲ၊ ဒေါက်တာမြသီးဟာ တကယ့်ကို အကြံကြီးတဲ့ပုဂ္ဂိုလ်ပဲ"*

ဟု ပြောပြန်ရာ ခင်မေလေးက စိတ်ဝင်စားဟန်နှင့်

*"သူက ဘယ်လိုအကြံကြီးတာလဲ"*

ဟု မေးလိုက်၏။

ဖားကြီးက ၊

*"သူ့အတွက် ငွေကြေးဥစ္စာကြွယ်ဝရင်*

ကမ္ဘာပေါ်မှာရှိသမျှ လူတိုင်းကို ကံထူးမောင်ကို မြွေအဖြစ်ပြောင်းလဲမယ်ဆိုတဲ့ အကြံပဲ၊ ကံထူးမောင်နဲ့ကျုပ်က အဲဒီကြီးလေးတဲ့တာဝန်ကြီးကို ထမ်းဆောင်ရအောင် ခရီးထွက်လာခဲ့တာ၊ ကြားထဲမှာ မင်းတို့သားအဖေကိစ္စက ပေါ်လာတာပဲ"

ဟု အဖြေပေး၏။

ခင်မေလေးက မျက်ဝန်းအစုံ တဖျတ်ဖျတ် တောက်ပလာကာ

"တစ်ကမ္ဘာလုံးက လူတွေကို မြွေအဖြစ်ပြောင်းလဲပေးဖို့ ကြံစည်နေတယ်ဆိုတာ မယုံနိုင်စရာပဲ၊ တော်တော်ထူးဆန်းတယ်၊ ငွေတွေက ဘာကြောင့်လိုအပ်တာလဲ"

ဟု မေးမြန်းရာ ဖားကြီးက ချောင်းဟန့်၍ လည်ချောင်းရှင်းပြီး

"ဒေါက်တာမြသီးဟာ အမှုတစ်ခုဖြစ်ပြီး





လူ့လောက အသိုင်းအဝိုင်းက ရှောင်ဖယ်တော်မြုပ်နေတဲ့သူပဲ၊ အဲဒီလိုဖြစ်အောင် လုပ်ခဲ့တဲ့ ရန်သူတော်ကြီး တစ်ယောက်လည်း ရှိတယ်တဲ့၊ အဲဒီသူဟာ ဒေါက်တာမြသီးနဲ့ တစ်ချိန်က အလွန်ပဲရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ ဟိုးနိုင်ငံရပ်ခြားဖြစ်တဲ့ ဘိလပ်မှာ ကျောင်းတက်ရင်း ခင်မင်ရင်းနှီးခဲ့တယ်လို့ဆိုတယ်၊ အဲဒီသူက ရှေးဟောင်းပစ္စည်းတွေ၊ ဘာတွေကို ဖော်ထုတ်ပြီး သုတေသနပြုလေ့လာတဲ့ ဆရာကြီးတစ်ယောက်ပဲ၊ သူ့ကိုလည်း ဒေါက်တာဘွဲ့တပ်ပြီး ဒေါက်တာဇီဝလို့ခေါ်တယ်၊ ဒေါက်တာဇီဝဟာ ဒေါက်တာမြသီးရဲ့စမ်းသပ်မှုတွေကိုသိပြီး ဟန့်တားခဲ့တယ်၊ နောက်ဆုံးမှာ ဒေါက်တာမြသီးရဲ့ စမ်းသပ်ခံခဲ့ရတဲ့လူဟာ ရုပ်ပျက်ဆင်းပျက် သေဆုံးသွားခဲ့တော့ အဲဒီအမှုကို ဒေါက်တာဇီဝက ဖော်ထုတ်ပြီး

နံ့ထောက်တွေနဲ့ ပူးပေါင်းအရေးယူဖို့ ကြံစည်ခဲ့တယ်တဲ့၊ ဒါကြောင့် ဒေါက်တာမြသီးက ဒေါက်တာဇီဝကို ရန်သူတော်ကြီးအဖြစ် သတ်မှတ်လိုက်တာပဲ"

ဟု ဆိုလေ၏။ ခင်မေလေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"ရှင်တို့က အဲဒီဒေါက်တာဇီဝကို သုတ်သင်ပေးရမှာပေါ့"

ဟု ရေရွတ်လေရာ ဖားကြီးက မျက်နှာကိုတည်ပြီး

"ဒီထက်ပိုပြီးလေးနက်တယ်ကွ၊ ဒေါက်တာဇီဝဟာ အင်္ဂလိပ်အစိုးရကို တော်လှန်ဖို့ကြံစည်နေတဲ့ မျိုးချစ်တော်လှန်ရေးသမားတွေကို နောက်ကွယ်က တိတ်တဆိတ်ထောက်ပံ့ပေးနေတဲ့သူပဲ၊ သူ့မှာ မင်းတုန်းမင်းတရားကြီးလက်ထက်က စစ်သူကြီးတစ်ယောက် သိုဝှက်ထားခဲ့တာပဲ၊ နန်းစဉ်ရတနာ





တွေကို ဖော်ထုတ်နိုင်တဲ့ ရတနာမြေပုံတစ်ခုလည်း ရှိတယ်လို့ သိရတယ်၊ ဒါကြောင့် ကျုပ်နဲ့ ကံထူးမောင်က အဲဒီရတနာမြေပုံကို အရယူပြီး ဒေါက်တာဇီဝကို လုပ်ကြံသတ်ဖြတ်ရမယ်၊ ရတနာတွေကို ပိုင်ဆိုင်ပြီဆိုရင် ဒေါက်တာမြသီးက ရှသူအလှမ်းဝေးတဲ့ မြန်မာပြည်မြောက်ပျားက တောနက်ထဲသွားပြီး သူ့ရဲ့ လူကနေ မြွေအဖြစ်ပြောင်းလဲနိုင်တဲ့ စမ်းသပ်ခန်း ဓာတ်ခွဲကြီးဆောက်မဲ့ အစီအစဉ်ရှိတယ်"

ဟု ပြောလေ၏။

ခင်မေလေးသည် ထိုအဖြစ်ကို ယုံရခက်၊ မယုံရခက်နှင့်ရှိပြီး ကြိတ်၍ သက်ပြင်းချမိ၏။

သူတို့၏အစီအစဉ် အကောင်အထည်ပေါ်ခြင်း၊ မပေါ်ခြင်းကို ထားဦးတော့။

လောလောဆယ် ဒေါက်တာဇီဝဟူသော ရှေးဟောင်း

သုတေသနပညာရှင်တစ်ယောက်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက် သေဆုံးရပေတော့မည်။

ထိုအထဲတွင် မိမိဖခင်သည်လည်း ပါဝင်နေ၏။

ခင်မလေးသည် ဖားကြီးတို့က လူများကို စိတ်ထင်တိုင်း သတ်ဖြတ်တော့မည်ကို တွေး၍ တုန်လှုပ်သွား၏။

ထိုစဉ် ဖားကြီးသည် တွေတွေငေးငေးကလေးဖြစ်နေသော ခင်မလေးကို တစိမ့်စိမ့်ကြည့်ပြီး စိတ်ပြောင်းသွား၏။

သူသည် မိန်းကလေးအနီးသို့ တိုးကပ်ပြီး လက်ကို ဆတ်ခနဲဆုပ်ကိုင်ကာ

*"မင်းကို ကျုပ်ကြိုက်တယ်၊ မင်းကိုယူမယ်၊ ပြီးရင် ခေါက်တာမြသီးဆီခေါ်သွားပြီး မင်းလည်း ကျုပ်လို ဖားတစ်ယောက်ဖြစ်အောင် ပြောင်းလဲနိုင်းမယ်"*

ဟု ပြောလေ၏။

ခင်မလေးသည် မျက်နှာပျက်၍ ချုပ်ကိုင်မှုမှ ရုန်းကန်





ကာ

*"ရှင် ဒီလိုမလုပ်ပါနဲ့၊ မိန်းကလေး တစ်ယောက်ရဲ့အချစ်ကို ဒီလို အဓမ္မသိမ်းပိုက်လို့ မရဘူး"*

ဟု ဟန့်တား၏။

ဖားကြီးကမူ တစ်ဆင့်တက်၍ ခင်မလေးကို ခေ့ါ်း

ကာ

*"ကျုပ် ဒါတွေ နားမလည်ဘူး၊ ကျုပ် နားလည်တာ တစ်ခုပဲရှိတယ်၊ ကျုပ်ရဲ့အလိုကို အသာတကြည် လိုက်လျောစမ်းပါ"*

ဟု ပြောလိုက်၏။

ဖားကြီးသည် ဘီလူးသဘက်စီးနေသူလိုရှိ၏။ ခင်မလေး သည် ကြောင်မိ လူယုတ်မာ၏လက်ချက်နှင့် ဝန်းကောင်းအညွန့်ကျိုး ရပေတော့မည်။

သို့သော် သူမအတွက် ကံကောင်းထောက်မသည်လား

မသိချေ။

ကံထူးမောင်သည် ပတ္တူအိတ်ကြီးတစ်လုံးကို လွယ်၍ပြန်ရောက်လာ၏။

ငှင်းက အခန်းဝမှနေ၍ မျက်မှောင်ကြုတ်ပြီး

*"ဖားကြီး၊ ဘာဖြစ်နေတာလဲ"*

ဟု အော်ဟစ်လိုက်ရာ ဖားကြီးသည် တွန့်ခနဲ ဖြစ်သွား၏။

ထိုအချိန်၌ပင် ခင်မေလေးသည် ဖားကြီးလက်တွင်းမှ ရုန်းဖယ်ထွက်လိုက်နိုင်၏။

ဖားကြီးမှာ အိုးတိုးအမ်းတမ်းဖြစ်သွား၏။

ဒေါသက ချက်ချင်းပင်ငယ်ထိပ်သို့တက်လာသော်လည်း ကံထူးမောင်ကို ကြောက်၍ပြီး ချက်ချင်း ငြိမ်ကျသွား၏။ ထို့နောက် ဖားကြီးက ရယ်ကျဲကျဲနှင့်

*"နှစ်ပါးသွားကာမလို့ပါကွာ"*

ဟု အရှက်ကင်းမဲ့စွာ အဖြေပေး၏။ ကံထူးမောင်က စိတ်ဝင်စားမှုကင်းမဲ့တန်နှင့်





*"ငါရှိနေတဲ့အချိန်မှာ ဒါမျိုးတွေ မမြင်ချင်၊ မကြားချင်ဘူးကွာ၊ ဒီမှာ ငါတို့အတွက် လိုအပ်မဲ့ ရိက္ခာတွေ၊ အသုံးအဆောင်တွေ ဝယ်လာတယ်"*

ဟု ပြော၍ အခန်းဝမှပင် လှည့်ထွက်သွားတော့၏။

၌ ၌ ၌

ထိုညက ခင်မေလေးသည် တစ်ချိန်လုံး နိုးရိမ်ထိတ်လန့်စွာ ရှိနေ၏။

သူမ၏အခန်းတွင်း၌ ဖယောင်းတိုင်တစ်ထုပ်နှင့် ရေတစ်ပုလင်း ထားပေး၏။

ဖားကြီးက နေ့လယ်စာ၊ ညစာများကို ကောင်းစွာ လာရောက်ကျွေးမွေးသော်လည်း ရိသဲ့သဲ့လုပ်ခြင်း မရှိတော့ချေ။





ကံထူးမောင်ကို ကြောက်ရွံ့၍သာ ဖြစ်ပေလိမ့်မည်။ ကံထူးမောင်လစ်သည်နှင့် သူမကို အပိုင်သိမ်းပိုက်ရန် ကြိုးစားမည်မှာ မလွဲပေ။

ကံထူးမောင်က စားနပ်ရိက္ခာများအပြင် အရက်ကိုလည်း လုံလောက်စွာ ဝယ်ယူလာ၏။

သူတို့သည် ခင်မေလေး၏အခန်း တံခါးဝ၌ပင် ထိုင်၍ နေ့လယ်ချိန်မှစ၍ အရက်ဝိုင်းဖွဲ့နေ၏။

ထို့နောက် ကံထူးမောင်က မူးယစ်လာလျှင် အော်ဟစ်ပြီး ခင်မေလေးကို

*"ဒီမှာ မိန်းကလေး၊ ငါ့ရဲ့ တစ်ချိန်တုန်းက ချစ်ဘဝမှာ ချစ်ရတဲ့သူနဲ့ ကွေကွင်းခဲ့ရတယ်ကွ၊ ဟား ဟား… အခုဆိုရင် မင်းအမေလည်း အဲဒီလို ခံစားနေရတော့မှာပေါ့"*

ဟု ပြောဆိုသံ ထွက်လာတတ်၏။

ခင်မေလေးသည် အခန်းတွင်းမှလွတ်မြောက်ရန်သာ

ကြိုစည်နေ၏။

အခန်းပြတင်းမှာ တံခါးရွက်များ ပျက်စီးနေသော်လည်း သံတိုင်များက နိုင်ခံနေသေး၏။

သူမသည် သံတိုင်များကို လှုပ်ယမ်းကြည့်မိပြီး စိတ်ကူးတစ်ခု ရလိုက်၏။

ထိုစိတ်ကူးကို ညရောက်မှ အကောင်အထည် ဖော်ရပေမည်။

ညဦးပိုင်းသို့ရောက်လျှင် ကံထူးမောင်တို့၏စကားသံများ တိတ်ဆိတ်သွား၏။

နှစ်ယောက်စလုံး ရေချိုးကိုက်ပြီး တံခါးဝ၌ပင် အိပ်စက်နေလောက်ပေပြီ။

ထိုအခါမှ ခင်မေလေးသည် လုံချည်အောက်နားစကို အသံမမြည်အောင် ကြိတ်၍ ဆွဲဆုတ်လိုက်၏။

ထိုအဝတ်စကို ပြတင်း ပေါက်သံတိုင်နှစ်ခုတွင် တင်းကျပ်အောင်ရစ်ပတ်ချည်နှောင်၏။





အခန်းတွင်းမှတွေ့သည့် သစ်သားပိုင်းတစ်ခုခုကို ချည်နှောင်ထားသည့် သံတိုင်နှစ်ခုကြားမှ အဝတ်စတွင်းသို့ထိုးထည့်ပြီး လှည့်ကာလိမ်၏။

အတော်အတန် အားစိုက်ပြီးမြှလှပ်သောအခါ သံတိုင်နှစ်ခုသည် ကွေးညွှတ်၍ ပူးကပ်လာ၏။

ထိုအခါ လူတစ်ကိုယ်စာ ဝင်သာရုံ အပေါက်တစ်ပေါက် ဖြစ်ပေါ်သွားသော်လည်း သံတိုင်နှစ်ချောင်းစလုံး စရွေးကိုက်စောက်၍စွပ်ထားသော ဘိုခါးဘောင်မှ လွတ်ထွက်လာ၏။

ခင်မေလေးက သံတိုင်နှစ်ချောင်းကို အသာအယာပင် ဆွဲ၍ဖြုတ်ကာ အခန်းတံခါးဝမှ အခြေအနေကို နားစွင့်လိုက်၏။

ဖားကြီး၏ တရှူးရှူး တခေါခေါ ဟောက်သံကြီးက စည်းချက်မှန်မှန် ထွက်ပေါ်နေသည်ကိုသာ ကြားရ၏။ ခင်မေလေးသည် နှုတ်ခမ်းကို တွန့်ကွေး၍ပြုံးကာ

*"ဒီနေရာကလွတ်ပြီး အပြင်ရောက်ရင်*

*သွားလမ်းလာလမ်းတွေ ငါမှတ်ထားတော့ အခက်*

*အခဲ မရှိတော့ဘူး၊ နီးရာဂါဝ်တဲကို ဝင်ပြီး*

*အကြောင်းကြားရှံ့ပဲ"*

ဟု ရေရွတ်လိုက်၏။

ကောင်းကင်မှ လခြမ်းကလေး၏ အလင်းနှင့်ပင် ပတ်ဝန်းကျင်ကို ထင်ရှားစွာ မြင်တွေ့ရ၏။

ခင်မလေးသည် ဖျတ်လတ်စွာပင် ပြတင်းမှကျော်၍ မြိုဝင်းထဲ ခြေချမိပြီဖြစ်၏။

ထို့နောက် ထိုနေရာမှ ဝေးရာသို့ပြေးထွက်ရန် ခြေလှမ်းပြင် စဉ်မှာပင် သူမ စူးရှရှအသံတစ်ခုက အိမ်နံဘေးမှောင်ရိပ်မှ ထွက်ပေါ် လာ၏။

*"မင်း နောက်တစ်ခါ ထွက်ပြေးဖို့ကြိုးစား*

*မယ်ဆိုရင် ငါ့လက်ချက်နဲ့ သေနာဆိုးကိုခံစားပြီး*

*သေရမယ်ဆိုတာ မမေ့နဲ့"*

ခင်မလေး၏ကိုယ်လုံးကလေးက ဆတ်ခနဲတုန်ရင်သွားပြီး အသံထွက်ပေါ်လာရာသို့ အကြည့်ရောက်သွား၏။





ကံထူးမောင်သည် အမှောင်ရိပ်ကွယ်မှ လှမ်းထွက်လာပြီး အိမ်ကြီးအတွင်းသို့ လက်ညှိုးညွှန်ကာ

*"အထဲကိုပြန်ဝင်စမ်း၊ မြွေတစ်ကောင်ရဲ့*

*လက်က ဘယ်လိုလူမျိုးမှ လွတ်ထွက်သွားတယ်*

*ဆိုတာ မရှိခဲ့ဘူး"*

ဟု အမိန့်ပေး၏။ ခင်မလေးသည် မထူးတော့ဟု ဆုံးဖြတ်ကာ အံကြိတ်၍

*"ရှင်တို့မသားရှုံး ရှုးသွပ်နေတာပဲ၊ အဓိပ္ပါယ်*

*မရှိတဲ့အလုပ်တွေလုပ်ပြီး ရူးသွပ်နေကြတယ်၊*

*လူယောင်ဆောင်ထားတဲ့မြွေဆိုတာ ဘယ်တုန်းကမှ*

*မရှိခဲ့ဘူး"*

ဟု ပြန်လှန်ပြောဆိုလိုက်၏။

ကံထူးမောင်ထံမှ ရယ်မောသံသဲ့သဲ့ ထွက်လာသလို မျက်လုံးမှ ဖျတ်ခနဲ အရောင်မဲ့ာက်ပလာသည်ဟု ထင်ရ၏။

၎င်းက ရုတ်တရက် ကိုယ်ကို လျှင်မြန်စွာ နှစ်ပတ်သုံးပတ်

မှု လှည့်ပြီး

*"မင်း ငါ့ကို သေသေချာချာကြည့်စမ်း"*

ဟု ပြောလိုက်ရာ ခင်မလေးသည် ကံထူးမောင်၏မျက်နှာမှ ထူးခြားမှုတစ်စုံတစ်ရာကို တွေ့လိုက်ရ၏။

မပီဝိုးတဝါး လရောင်ကပင် သူမ၏အမြင်အာရုံကို မှားယွင်းနေစေသည်လည်း မသိချေ။

ကံထူးမောင်၏မျက်လုံးအစုံက ရဲရဲနီနေ၏။ ပါးစပ်တွင်းမှ မြွေစွယ်ကဲ့သို့ ထွက်ပြူနေသည့်အရာနှစ်ခုကလည်း အတိုင်းသားရှိနေ၏။

ထို့အပြင် လျှာကလည်း သွင်းလိုက်ထုတ်လိုက်ရှိရင် ရှည်လျားစွာ နှစ်ခွဖြစ်ပေါ်နေသည်သာဖြစ်၏။ ကံထူးမောင်က အင်္ကျီရင်ဘတ်ကို ဆတ်ခနဲဖွင့်ပြီး

*"ဟောဒီမှာလည်း ကြည့်စမ်းပါဦး"*

ဟု ဆိုပြန်၏။

ခင်မလေး၏ နှုတ်မှ 'အို' ဟူ၍ အာမေဋိတ်သံ





ထွက်ပေါ်သွား၏။

မြွေတစ်ကောင်၏အရေခွံလိုမျိုး အဖြူနှင့်အနက်ကွက်များရှိနေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

ကံထူးမောင်က ဆက်၍ မြေပြင်နှင့်ကပ်လျက် နှစ်ခွဖြစ်ကာ ပေါက်လျှက်ရှိသော သစ်တစ်ပင်၏ ကျဉ်းမြောင်းသောခွကြားသို့ ခေါင်းတိုးဝင်ပြီး တစ်ဖက်မှ လျောခနဲထွက်အောင်ပြုလုပ်ပြန်၏။

ခင်မလေးသည် ထိုမျှကျဉ်းမြောင်းသော သစ်ပင်ခွကြားမှ ဝင်ထွက်သွားလာပြသည်ကိုကြည့်ပြီး ကိုယ့်မျက်လုံးကိုပင် မယုံကြည်သလို ဖြစ်သွား၏။

သူမ၏ ထိတ်လန့်စိတ်ကလည်း အဆုံးစွန်အထိဖြစ်ပေါ်ကာ အိမ်ကြီးအတွင်းသို့ လှစ်ခနဲပြေးဝင်ခဲ့တော့၏။ ကံထူးမောင်သည် တကယ်ပင် မြွေတစ်ကောင်လားဆိုသည်ကိုမူ သူမအတွက် ပဟေဠိလို ရှိနေလေ၏။

ကံထူးမောင်က သူမကို အခြားအခန်းတစ်ခုအတွင်း၌ ပြောင်းလဲ၍ နေစေ၏။

ထိုအခန်းမှာ ပစ္စည်းဟောင်းများထားသိုသော စတိုခန်း ဖြစ်ဟန်တူပြီး ပြတင်းပေါက်ဟူ၍ တပ်ဆင်မထားချေ။

ထိုညက ခင်မေလေးသည် တစ်ညလုံး အိပ်စက်၍မရနိုင်ဘဲ ထိုအတိုင်း မိုးလင်းခဲ့ရ၏။

သို့သော် သူမသည် လွတ်မြောက်ရန်ဥမင် လမ်းစ တစ်ခုကို ထပ်မံ၍တွေ့ရှိခဲ့ပြီးဖြစ်၏။

နံနက်မိုးလင်းလျှင် ကံထူးမောင်သည် ထိုနေရာမှထွက်ခွာရန် ပြင်ဆင်ပြီး ဖားကြီးကို

*"ဒီနေ့ ကင်ဘဲလ်လမ်းထဲမှာရှေတဲ့ ဒေါက်တာ ဇီဝဆီကို အရောက်သွားမယ်၊ အခြေအနေလေးတာနဲ့ ကိစ္စအားလုံးပြီးပြတ်အောင် လုပ်ခဲ့မယ်"*

ဟု မှာလေ၏။

ဖားကြီးသည် ကံထူးမောင်ထွက်ခွာသွားမည် ဆိုသောကြောင့် အိုင်ယာလန်ထီကို ဆယ်ကြိမ်မျှဆက်၍ ပေါက်သူလို ဝမ်းသာသွား၏။





ဒီတစ်ကြိမ်တွင်တော့ ခင်မေလေးနှင့်သူ တွေ့ကြပြီဟု ကြိတ်၍ ကြိမ်းဝါးလိုက်၏။

မကြာမီပင် ဖားကြီးသည် ခင်မေလေး ရှိရာ အခန်းသို့ဝင်ပြီး တံခါးကို ကလန့်ထိုး၍ပိတ်လေ၏။

ပြီးလျှင် မိန်းကလေးဘက်သို့ စပ်ဖြဲဖြဲနှင့်ကြည့်ပြီး တစ်စုံတစ်ရာ ပြောဟန်ပြင်လိုက်၏။

သို့သော် သူ၏စကားက လည်ချောင်းဝတွင်ပင် ပျောက်ဆုံးသွား၏။

မျက်နှာကလည်း မြင်မကောင်းအောင် ရှုံ့မဲ့ကာ အထစ်ထစ် အငေါ့ငေါ့နှင့်

*"မင်း… မင်း ဘာလုပ်တာလဲ၊ မင်း လက်ထဲက မြွေကို လွှတ်လိုက်စမ်း"*

ဟု အော်ဟစ်လေ၏။

ခင်မေလေးသည် ခစ်ခနဲရယ်ပြီး လက်တွင်းမှ မြွေကို ပွတ်သပ်၍

"ကျွန်မက မြေအလှပြယ်သမား တစ်ယောက်

ဆိုတာ ရှင်မေ့နေပြီ ထင်တယ်"

ဟု ဆို၍ ရှေ့သို့လှမ်းလာ၏။

စတိုခန်းအတွင်း၌ နိုအောင်းနေသည့် အဆိပ်ပြင်း မြွေတစ်ကောင်က သူမ၏လွတ်မြောက်မှုကို ဖန်တီးပေးပေလိမ့်မည်။

ꩻ ꩻ ꩻ





ကံထူးမောင်၏စိတ်အစဉ်က ထိန်းချုပ်မှုကင်းမဲ့က သွေးဆူနေ၏။

သူသည် မြင်မြင်သမျှကို ရန်ပြုချင်နေ၏။ သူသည် ဒေါက်တာဇီဝထံ ထွက်လာခဲ့သော်လည်း မြေတစ်လှမ်းနောက်ကျသွားချေပြီ။

ဒေါက်တာဇီဝသည် ယုံကြည်စိတ်ချရသော တပည့်

နှင့် ခရီးထွက်သွားပြီဖြစ်၏။

ထိုသတင်းကို ဒေါက်တာဇီဝ၏ ခြံစောင့်အဘိုးကြီး

ရိုက်နှက်ပြီး မေးမြန်းကာ သိရှိခဲ့၏။

ထို့ထက်ပို၍လည်း ခြံစောင့်အဘိုးကြီးက ဒေါက်တာဇီဝ

မည်သည့်နေရာထွက်ခွာသွားမှန်း ပြောမပြနိုင်ခဲ့ချေ။

သို့သော် ဒေါက်တာဇီဝကို တစ်နေ့တွင် မလွဲမသွေ တွေ့

သတ်ဖြတ်နိုင်မည်ဟု ယုံကြည်နေ၏။

သူသည် နောက်ကြောင်းသို့ ပြန်လှည့်ပြီး တိုးကြေ

ကလေးရှိ သူတို့နှိုအောင်းနေရာသို့ ပြန်ရောက်လာ၏။

ထိုအခါမှပင် ဒေါသအိုးက ပို၍ပေါက်ကွဲသွား၏။

ဖားကြီးနှင့် ခင်မေလေးသည် အစအနမျှ မမြင်ရအော

ပျောက်ဆုံးနေ၏။

ဖားကြီး၏ခရီးဆောင်အိတ်ကမူ ထိုအတိုင်းရှိကာ အခြ

ပစ္စည်းများလည်း ခြေရာလက်ရာမပျက်ချေ။





ဖားကြီးသည် မိန်းကလေးကိုခေါ်၍ တစ်နေရာသို့ ထွက်ခွာသွားသည်လား၊ သို့မဟုတ် တစ်စုံတစ်ခုသောအကြောင်း ပေါ်ပေါက်ပြီး ရှောင်တိမ်းသွားသည်လား၊ ဝေခွဲမရတော့ပေ။

သူ၏ခေါင်းထဲတွင် ရှုပ်ထွေးနေချေပြီ။ မည်သို့ပင်ဖြစ်စေ ဖားကြီးသည် သူ့အမိန့်ကို မနာခံသူသာဖြစ်၏။

ဖားကြီးအား သူ၏ သုတ်သင်ရမည့်စာရင်းထဲတွင် ထည့်လိုက်၏။

ကံထူးမောင်သည် ဆူဝေနေသောစိတ်ကို ထွက်ပေါက်ပေးရန် တစ်စုံတစ်ခုတော့ ပြုလုပ်မှဖြစ်မည်ဟု ဆုံးဖြတ်၏။

ဒေါက်တာဇီဝကို မတွေ့သေးလျှင်ပင် သူ၏ရန်ငြိုးကိုရှင်းရန် ဦးထိပ်ခေါင်ဘက်သို့ ဦးလှည့်လိုက်၏။

သူသည် ဆပ်ကပ်အဖွဲ့ကြီး၏ ပွဲစဉ်ရှိရာနေရာသို့ စုံစမ်းကာသွားရောက်၏။

ထိုအခါ မြေအလယ်ကွင်းဆရာကြီးမှာ သူ၏သမီးဖြစ်သူကို မိမိဖမ်းခေါ်သွားကတည်းက ဆပ်ကပ်အဖွဲ့မှ နုတ်ထွက်သွားသည်

ဟုသာ သိရ၏။

ဤသို့ဖြင့် ကံထူးမောင်သည် ၄င်းကိုရှာဖွေရန် တစ်မြို့ပြီး တစ်မြို့၊ တစ်နယ်ပြီးတစ်နယ် လှည့်လည်သွားလာနေလေတော့၏။

သူသည် ရောက်ရှိရာ နေရာဒေသတိုင်းမှ ဒေါက်တာမြသီး ထံ မည်သို့မျှ အခြေအနေထူးခြားမှုမရှိသေးကြောင်း၊ သံကြိုးရိုက်ကာ အကြောင်းကြားသတင်းပို့ခဲ့၏။ အချိန်ကား (၃)လမျှ ကုန်ဆုံးခဲ့ပြီ ဖြစ်၏။

တစ်နေ့သ၌ပင် ကံထူးမောင်သည် မန္တလေးအနီးရှိ အမရပူရအရပ်သို့ ရောက်ရှိလာ၏။ ထိုမှနေ၍ ထင်ရှားလှသော တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ ခြေဦးတည်ရာ ထွက်ခွာ လာ၏။

သူသည် သစ်သားတိုင်လုံးကြီးများနှင့် ရှည်လျားလှသော တံတားထက်တွင်ရပ်တန့်နေစဉ် အနီးမှဖြတ်၍ လျှောက်သွားသော လူနှစ်ယောက်၏စကားသံကို ကြားကာ ဒေါက်တာစီဝ၏ သဲလွန်စ ကို မထင်မှတ်ဘဲ ရလိုက်၏။





လူနှစ်ဦးတွင် အသားဖြူဖြူနှင့် ပုပုဝဝလူက ပိန်ပိန်ရှည်ရှည် နှင့် ကချွဲကလျှနိုင်သူကို

"*ဖော်ထက်... ဒီည (၇) နာရီတိတိမှာ ဒေါက်တာစီဝဆီကို သွားတွေ့ဖို့ရှိတယ်ဆိုတာ မမေ့နဲ့နော်*"

ဟု သတိပေး၏။

ဖော်ထက်ဆိုသူက မျက်စောင်းထိုးပြီး

"*ငါသိပါတယ် အောင်မော်ရယ်၊ တို့အတွက် ဆရာကြီးပို့ရမဲ့တဲ့ လက်ချာတွေက ဘယ်လောက် အဖိုးတန်သလဲဆိုတာ နားလည်ပါတယ်၊ ဆရာကြီး ဟာ တို့လို ရှေးဟောင်းသုတေသန ကျောင်းသား တွေကို ဘယ်လောက်စေတနာထားသလဲဆိုတာ နားလည်လို့ သူ ဒီကိုရောက်တုန်းရောက်ခိုက် ဂါရဝပြု ကန်တော့ဖို့ ငွေစစ်လုံချည်တစ်ထည်တောင် အသင့်ဝယ်ထားပြီးသားပါကွ*"

ဟု ပြန်လည်ပြောရှာ၏။

ကံထူးမောင်အတွက် ထိုစကားများက အဓိပ္ပာယ်မဖြတ်နိုင်အောင် တန်ဖိုးရှိလှ၏။

သူသည် ထိုကျောင်းသားနှစ်ယောက်ကို မျက်ခြေမပြတ်စောင့်ကြည့်ရှုသာရှိတော့၏။

❀ ❀ ❀

သရဖီလှိုင်စာပေ

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။





ထိုအချိန်တွင် အဝတ်အစားကို ဖိုသီဖတ်သီဝတ်ဆင်ထားပြီး ခရီးဆောင်အိတ်ကြီးတစ်လုံးကို လွယ်ပိုးထားသည့် လူကြီးတစ်ယောက်သည် ရောဝတီမြစ်ကမ်းနံဘေးရှိ တံငါတဲကလေးရှေ့သို့ ရောက်ရှိလာ၏။

၎င်းသည် ခရီးရှည်ကြီးကို ဖြတ်သန်းလာရဟန်နှင့် လွန်စွာမောပန်းနေကာ ရင်ဘတ်ကြီးက နိမ့်ချည်မြင့်ချည်ဖြစ်နေ၏။

တံငါ တဲကလေးမှာ တံငါသည်များ အလုပ်ခွင်ဝင်နေပြီ ဖြစ်သောကြောင့် လူသူကင်းရှင်းနေ၏။

လူကြီးကလည်း တဲအတွင်း၌ မည်သူမျှမရှိမှန်းသိလျှင် ကွပ်ပျစ်ပေါ်သို့ ပိုင်းခနဲလှဲချကာ နှုတ်များမှ တုန်ရင်စွာနှင့်

*"ငါ... ငါ ဘာဖြစ်နေပြီလဲ၊ ငါ့ရဲ့စမ်းသပ်မှုက အောင်မြင်ပါတယ်၊ ငါဟာ ကိုယ်တိုင်လည်း အစမ်းသပ်ခံခဲ့သလို အခြားတစ်ယောက်ကိုလည်း လူကနေ မြွေဖြစ်အောင် ပြောင်းလဲပေးခဲ့နိုင်တာပဲ၊ စမ်းသပ်မှုကလည်း အောင်မြင်ပေမဲ့ အဲဒီအောင်မြင်မှုက ဘယ်အချိန်အထိခံနေမှာလဲ၊ လူဟာ မြွေအဖြစ် အချိန်ဘယ်လောက်ကြာကြာ ပြောင်းလဲနေနိုင်မှာလဲ"*

ဟု ရေရွတ်လေ၏။

ထိုလူကြီးသည် ဒေါက်တာမြသီးဖြစ်၏။

သူသည် ကံထူး မောင်နှင့် ဖားကြီးကို အောင်မြင်စွာ





စမ်းသပ်ခဲ့ပြီး တာဝန်များနှင့်အတူ ခရီးထွက်စွာရန်ပင် အမိန့်ပေးခဲ့ပြီး ဖြစ်၏။

တိုက်မြွေသည် သူ၏အမိန့်ကို တစ်သဝေတိမ်း လိုက်နာပြီး အောင်မြင်အောင် ဆောင်ရွက်ပေလိမ့်မည်။ ထိုအချိန်က ဒေါက်တာမြသီးသည် လွန်စွာပျော်ရွှင်နေခဲ့၏။

သို့သော် ရက်များစွာမကြာမီ သူ့အတွက် ကံဆိုးမိုးမှောင်ကျရောက်ကာ သူနေထိုင်ရာအိမ်ကြီးသည် ညည့်နက်သန်းကောင် အချိန်တွင် ပုလိပ်နှင့်စုံထောက်များက ဝင်ရောက်စီးနင်းသည်ကို ထိတ်လန့်ဖွယ် ကြုံတွေ့လိုက်ရ၏။

ဒေါက်တာမြသီးသည် ထိုသူများသည် မည်ကဲ့သို့ သူ့ကို ခြေရာခံမိသွားခြင်းကို တွေးတောမရအားဘဲ လွတ်မြောက်ရန် ကြိုးစားရ၏။

သူသည် မြေတိုက်ခန်းတွင်းရှိ အခြားမလွယ်ပေါက်တစ်ခုမှ လွတ်မြောက်ထွက်ပြေးလာနိုင်ခဲ့၏။

ထွက်မပြေးမီ၌ သူ၏ခြေရာလက်ရာ သဲလွန်စများကို

ဖျောက်ဖျက်သည့်အနေနှင့် အိမ်ကြီးအား မီးရှို့ဖျက်ဆီးခဲ့နိုင်၏။

ဒေါက်တာမြသီးသည် ဝရမ်းပြေးဘဝနှင့် လှည့်လည်ရှောင်တိမ်း ပုန်းအောင်းကာ နောက်ဆုံးတွင် တံငါတဲကလေးသို့ ရောက်ရှိလာခဲ့၏။

ထိုအချိန်၌ သူ၏ကိုယ်ခန္ဓာအတွင်းမှ ဖောက်ပြန်သည့် ဝေဒနာတစ်မျိုးကို ခံစားနေရပြီဖြစ်၏။

ထို့ကြောင့် ဒေါက်တာမြသီးက ကွပ်ပျစ်တွင် လဲလျောင်းရင်း ခရီးဆောင်အိတ်တွင်းမှ ခရမ်းရောင် အရည်များ အသင့်ရှိသည့် ဆေးထိုးအပ်ကိုယူကာ သူ၏လက်မောင်းတွင် စိုက်၍ ထိုးသွင်းလိုက်၏။

မကြာမီ သူ့ရင်ထဲ၌ဖြစ်ပေါ်နေသော ဝေဒနာများ သက်သာပျောက်ကင်းသွားပြီဟု ခံစားလိုက်ရလေ၏။





ထိုကဲ့သို့ ဒေါက်တာမြသီး ပြေးလွှားရှောင်ပုန်းနေစဉ်အတွင်း သူနေထိုင်ခဲ့ရာ အိမ်လိပ်စာနှင့်ရောက်ရှိလာသော ကြော်ငြာစာများကို ဌာနပိုင်ဂါတ်မှ တစ်စောင်ပြီးတစ်စောင် လက်ခံရရှိနေ၏။

ဒေါက်တာမြသီး၏အိမ်ကြီးမှာ ပြာပုံဘဝရောက်ရှိနေသော်လည်း ဂတ်ထူးမောင်က ထိုအချက်ကိုမသိဘဲ ကြော်ငြာစာများ ပို့၍ အကြောင်းကြားနေခဲ့၏။

ပုလိပ်က ကြေးနန်းဌာနမှတစ်ဆင့် မှန်မှန်ပင် ကံထူးမောင် ရောက်ရှိရာ နေရာဒေသကို သိရှိနေ၏။

သူတို့သည် မြေပုံတွင် ကံထူးမောင်သွားလာခဲ့ရာ လမ်းကြောင်းများကို အမှတ်အသားပြု၍ သက်ဆိုင်ရာ ဌာနပိုင်ဂါတ်များသို့ အကြောင်းကြားခဲ့ပြီးဖြစ်၏။

နောက်ဆုံးတွင် မကြာမီက ကံထူးမောင်သည် စစ်ကိုင်း အမရပူရဘက်သို့ ရောက်ရှိနေကြောင်း ကြေးနန်းစာပါတ်ဆိပ်အရ ပူပူနွေးနွေး သိရှိသွားကြ၏။

ထို့ကြောင့် နိုင်မာစွာသတင်းရသည့်အတိုင်း ကံထူးမောင်၏ ပုံသဏ္ဌာန်ကို တိကျစွာဖော်ပြပြီး ဌာနပိုင်ဂါတ်သို့ အကြောင်းကြားလိုက်တော့၏။

ကံထူးမောင်သည် သစ်ပင်တစ်ပင်ထက်တွင် တက်ရောက်ကာ အကျအန နေရာယူထား၏။

မလှမ်းမကမ်းရှိ ဘုန်းကြီး ကျောင်းအိုကြီးရှိ တိုင်ကပ်နာရီမှ ညဆယ်နာရီထိုးသည့် တခင်ခင်နှင့် အချက်ပေးသံကို ကြားလိုက်ရ





၏။

ဘုန်းကြီးကျောင်းအိုကြီးနံဘေးတွင် ညှိုသည်များတည်းခိုနေထိုင်ရာ ဇရပ်တစ်ဆောင်ရှိ၏။

ထိုဇရပ်တွင် အောက်လင်းမီးအိမ်ကြီးကို ထိန်နေအောင် ထွန်းပြီး အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် ဥပဓိရုပ်ခန့်ညားလှသော လူကြီးတစ်ဦးနှင့် အခြားသူများ ဝိုင်းဖွဲ့နေကြ၏။

ဒေါက်တာစီဝနှင့် သူ့ကိုလာရောက်တွေ့ဆုံ ဂါရဝပြုသူများသာ ဖြစ်၏။

ကံထူးမောင်သည် အောင်မော်နှင့် စော်ထက်ဟူသော ရှေးဟောင်းသုတေသနကျောင်းသားနှစ်ယောက်ကို မျက်ခြေမပြတ် စောင့်ကြည့်ရင်း နောက်ဆုံးတွင် ဒေါက်တာစီဝထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့၏။

ကျောင်းသားနှစ်ယောက်မှာမူ ဒေါက်တာစီဝနှင့် တွေ့ဆုံပြီး ပြန်သွားချေပြီ။

သို့သော် အခြားညှိုသည်များရှိနေသေး၍ ကံထူးမောင်

သည် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေရလေ၏။

မကြာမီ လူများရှင်းလင်းပြီး ဒေါက်တာဇီဝနှင့် တပည့်နှစ်ယောက်သာ ကျန်တော့၏။ ၎င်းတို့သည် ညှိခံရသည်မှာမောပန်းသွားဟန်နှင့် ရေပ်ထက်တွင် လဲလျောင်းရင်း အိပ်စက်ရန်ပြင်ကြ၏။

ဒေါက်တာဇီဝမှာမူ ဘုရားဆောင်သို့ဝင်ပြီး ဝတ်ပြုကန်တော့နေပြီဖြစ်၏။

ကံထူးမောင်အတွက် အချိန်ကောင်းဖြစ်၏။

သူ့ကို ဒေါက်တာမြသီးက ရတနာမြေပုံမှာ ရွှေပြားကလေးပေါ်တွင် ရေးထိုးထားကြောင်း၊ ထိုမြေပုံကို ဒေါက်တာဇီဝကကိုယ်နှင့်မကွာဆောင်ထားတတ်ကြောင်း ပြောခဲ့၏။

ယခု သူ့အနေနှင့် ဒေါက်တာဇီဝကို သတ်ဖြတ်ပြီးလျှင်မြေပုံကိုယူရုံသာရှိတော့၏။ ထို့ကြောင့် စိတ်အားတက်ကြွစွာနှင့်သစ်ပင်ထက်မှ မြွေတစ်ကောင်လို လျောခနဲ လျောခနဲ ဆင်းသက်လိုက်တော့၏။





ထိုဘုန်းကြီးကျောင်းအိုကြီးနှင့် မလှမ်းမကမ်းရှိ အမှောင်ရိပ်အကွယ်တွင် ကံထူးမောင်လိုပင် ဒေါက်တာဇီဝကို စောင့်ကြည့်နေသူများရှိ၏။

သူတို့သည် ဂျစ်ကားတစ်စီးထက်တွင်ထိုင်ကာ ဒေါက်တာဇီဝထံ ဝင်ထွက်သွားလာသူများကို စောင့်ကြပ်ကြည့်ရှုနေသောပုလိပ်အင်စပက်တာနှစ်ယောက်ဖြစ်၏။

အင်္ဂလိပ်အစိုးရသည် ဒေါက်တာဇီဝအား တော်လှန်ရေးသမားများနှင့် ဆက်သွယ်သည်ဟူ၍ သင်္ကာမကင်းဖြစ်နေလေ၏။

သို့သော် ထိုမျှလူထုရှိန်းကြီးမားပြီး ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်ကြီးတစ်ယောက်အား ခိုင်လုံခြင်းမရှိဘဲ လက်လွတ်စပယ်ဖမ်းဆီးစစ်ဆေးဝံ့သည် မဟုတ်ချေ။

သူတို့အတွက် လောလောဆယ် ဒေါက်တာဇီဝအားမျက်ခြေမပြတ် စောင့်ကြပ်နေရုံသာ တတ်နိုင်၏။

"မြွေတွေ...၊ မြွေတွေ... မလာနဲ့...
သွားကြ.... သွားကြ၊
မင်းတို့ ငါ့အမိန့်ကို မနာခံကြတော့ဘူးလား"





ထိုအချိန်၌ ဒေါက်တာမြသီးမှာ အားကိုးရာမဲ့စွာ သနားစဖွယ် အခြေအနေဖြစ်ပေါ်နေ၏။

သူသည် မြစ်ကမ်းနဘေးရှိ ကိုင်းတောကြီး တစ်ခုအတွင်း ရောက်ရှိနေ၏။သူ့အခြေအနေက လူမြင်မခံဝံ့အောင်ရှိနေ၏။

သူ့ရင်ထဲ၌ ပြင်းပြစွာ ပူလောင်ပြီး ခန္ဓာကိုယ်အနှံ့ မီးလောင်ဒဏ်ရာများကို အသားအရေအများအက်ကွဲကာ သွေးအလိမ်းလိမ်းနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေ၏။

သူ့အတွက် ဝေဒနာကိုဖြေသိမ့်ရန် ဆေးလည်းကုန်သွားပြီ ဖြစ်၏။

သူသည် ကိုင်းတောအလယ် မြေကွက်လပ်တွင် လူးလိမ့် အော်ဟစ်ကာ ဝေဒနာကို ခံစားနေရ၏။

ထိုအခါ သူ့မျက်လုံးအတွင်း၌ပင် ကိုင်းပင်များအားလုံး မြွေဆိုးများအဖြစ် ပြောင်းလဲသွားသည်ကို မြင်တွေ့လိုက်ရ၏။ ထိုမြွေများအားလုံး သူ့ထံ ဦးတည်ပြီးရွေ့လျားလာနေ၏။

ဒေါက်တာမြသီးသည် ထိတ်လန့်တကြား အော်ဟစ်ကာ လက်ကို ဝှေ့ယမ်းပြီး

*"မြွေတွေ... မြွေတွေ၊ မလာနဲ့၊ သွားကြ၊ သွားကြ၊ မင်းတို့ ငါ့အဓိန်ကို မေ့နေကြပြီလား*
*လား"*

ဟု ဒေါက်တာမြသီး၏ ဟန်တားမှုက အရှည်းနီးသာ ဖြစ်၏။

မြွေများက တရွှီးရွှီး တရှဲရှဲ အသံပေးရင်း ချဉ်းကပ်လာနေ





သည်သာ ဖြစ်၏။

နောက်ဆုံးတွင် ဒေါက်တာမြသီးသည် အားတင်း၍ တရွတ်ဆွဲကာ ထိုအရာများကြားမှ ဖြတ်သန်းရင်း မြစ်ကမ်းပေါ်သို့ ရောက်လာ၏။

သူ၏တစ်ကိုယ်လုံးလည်း ပေါက်ကွဲလွင့်စင်တော့မလိုပင် ထင်မှတ်ရင်း စီးဆင်းနေသော မြစ်ရေကို စူးစိုက်ကြည့်လိုက်၏။

သူ၏ပူလောင်မှုကို မြစ်ရေတွင် နှစ်မြှုပ်၍ ပျောက်ကွယ်အောင် ပြုလုပ်ရမည်ဟု ဆုံးဖြတ်လိုက်၏။

မြွေများကမူ တရွေ့ရွေ့ ရွေ့လျားလာဆဲသာရှိ၏။

❀ ❀ ❀

"အဲဒီလူကြီးကို သုတ်သင်ရမယ်...
ဘယ်သူမှ တားဖို့မကြိုးစားနဲ့"





ကံထူးမောင်သည် သစ်ပင်ထက်မှနေ၍ မြေပြင်သို့ ခြေချမိလျှင် သူ၏ကိုယ်တွင်းမှ ရုတ်တရက်ဖြစ်ပေါ်လာသော ထူးဆန်းသည့် ဝေဒနာကို ခံစားလိုက်ရ၏။

သူ၏ရင်ထဲတွင် ပြင်းပြစွာ ပူလောင်လာ၏။

သူ၏ ကိုယ်ခန္ဓာအနှံ့မှ အရေပြားများ တင်းမာလာသည်ကို စမ်းသပ်မိ၏။

ထို့ကြောင့်ပင် နှုတ်ဖျားမှ

*"ငါ... ငါ ဘာဖြစ်နေတာလဲ၊ ငါ့ရဲ့စိတ်*
*အလိုကြောင့် မဟုတ်ဘဲ အလိုအလျောက်*
*မြွေဘဝကိုပြောင်းလဲချင်နေပြီလား၊ ဒီဝေဒနာတွေက*
*အခံရခက်လှတယ်၊ ဒီနေရာက အမြန်ဆုံးပြေးထွက်*
*သွားချင်တယ်"*

ဟု ရေရွတ်မိ၏။

သို့သော် သူသည် အားတင်းပြီး တာဝန်ကိုထမ်းဆောင်ရန် ရေပ်ဆီသို့ ဦးတည်လိုက်၏။

ရေပ်ထက်တွင် အိပ်ယာလိပ်ကိုယ်စီနှင့် လဲလျောင်းနေသော လူငယ်နှစ်ယောက်သည် ရေပ်ပေါ်သို့ ဒယီးဒယိုင်နှင့် လှမ်းတက်လာသော လူတစ်ယောက်ကိုမြင်တွေ့လျှင် လူးလဲ၍ ထလိုက်ကြ၏။





ကံထူးမောင်က ကြမ်းပြင်တွင် ခြေကိုခွဲ၍ အားတင်းရပ်တန့်ကာ ဘုရားဆောင်တွင်းမှ ဒေါက်တာဇီဝထံ လက်ညှိုးညွှန်ပြီး

*"အဲဒီလူကြီးကို သုတ်သင်ရမယ်၊ ဘယ်သူမှ*
*တားဆီးဖို့ မကြိုးစားနဲ့"*

ဟု အော်ဟစ်လိုက်၏။

ထိုအခါမှပင် လူငယ်နှစ်ယောက်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

သူတို့သည် ဒေါက်တာဇီဝကို ကာကွယ်ရန်ပြင်ပြီး တစ်ယောက်က

*"ခင်ဗျား ဘယ်သူလဲ၊ ရှေ့တိုးဖို့မကြိုးစားနဲ့"*

ဟု ဟန့်တားလိုက်၏။

သို့သော် ထိုလူငယ်မှာ ကံထူးမောင်၏လက်ပြန်ရိုက်ချက်ကြောင့် ရေပ်ထောင့်သို့ ဝုန်းခနဲ လွင့်စင်သွား၏။

ကံထူးမောင်သည် လူငယ်ကို တိုက်ခိုက်လိုက်ရသော်

လည်း ရင်ထဲမှ ဆိုးရွားသည့်ဝေဒနာကြောင့် ဒူးညွတ်လဲပြိုချင်သလို ဖြစ်နေ၏။

တစ်ကိုယ်လုံးရှိ အရေပြားတို့က ပေါက်ကွဲပြီး တစ်စစီ လွင့်ပျံသွားတော့မည်ဟု ထင်မှတ်မိ၏။

သို့သော် နောက်ထပ်ပြေးဝင်လာသော လူငယ်ကိုလည်း အားအင်အပြည့်သုံး၍ တိုက်ခိုက်ကာ လွင့်စင်သွားစေ၏။

ထို့အတူ သူသည်လည်း မျက်လုံးများပြာဝေကာ ဝိုင်းခနဲ လဲပြိုသွားတော့၏။

သူ၏အာရုံထဲ၌မူ မြွေများက ထောင်သောင်းမက သူ့ထံ ဝိုင်းရုံလာနေသည်ဟု ထင်မြင်နေ၏။

နောက်ဆုံးတွင် ကံထူးမောင်သည် မျက်လုံးကို အားယူဖွင့် လေရာ တည်ငြိမ်စွာရပ်တန့်နေသော ခြေထောက်အစုံကို တွေ့ရ၏။

ထို့နောက် ခေါင်းကိုမော့ပြီး ဒေါက်တာဇီဝကိုကြည့်၍ အံကြိတ်ပြီး

*"ကျုပ်… ကျုပ်က တိုက်မြွေပဲ၊ ခင်ဗျားကို*





*ဒေါက်တာမြသီးရဲ့အမိန့်နဲ့ သုတ်သင်ရမယ်"*

ဒေါက်တာဇီဝ၏ ထူထဲသော မျက်လုံးအစုံက မြင့်တက် သွား၏။

သူ့ကိုသုတ်သင်မည်ဟု နောက်ဆုံးထွက်သက်အထိ ကြိမ်းဝါးသွားသော တိုက်မြွေသည် ဇက်ကျိုးပြီး အသက်ကင်းမဲ့နေ ပြီဖြစ်၏။

ထိုစဉ် ပုလိပ်အင်စပက်တာနှစ်ဦးသည် ဇရပ်ဆီမှ တိုက်ခိုက်သံများကြောင့် အပြေးအလွှား ရောက်လာကြ ၏။

သူတို့ကြုံတွေ့လိုက် ရသည်က မကြာမီကမှ သတင်း ရရှိထားသော တိုက်မြွေဟူသည့် တရားခံတစ်ယောက်သာ ဖြစ် ၏။

အင်စပက်တာတစ်ယောက်က တိုက်မြွေကို စစ်ဆေး ကြည့်ရှုပြီး

*"တစ်ကိုယ်လုံးလည်း ရုပ်ပျက်ဆင်းပျက်နဲ့*

*မြင်မကောင်းဘူး၊ ဒီလူဟာ ရူးသွပ်နေတဲ့ အရူးပြား*

*ရောဂါသည်တစ်ယောက်ပဲ ဖြစ်ရမယ်"*

ဟု မှတ်ချက်ချလိုက်၏။

ပန်းခြံ ကျွန်ပျော

[illegible]





ထိုအဖြစ်အပျက်များဖြစ်ပွားပြီး နှစ်အနည်းငယ်အကြာတွင် မြန်မာပြည် မြေလတ်ပိုင်းမြို့ကလေးတစ်မြို့၏ စည်ကားလှသော ဘုရားပွဲတွင် ဆပ်ကပ်ပွဲကြီး ပျော်ပြေတင်ဆက်နေလေ၏။

ဆပ်ကပ်အဖွဲ့တွင် အထူးအနေနှင့် မြွေအလမ္ပာယ်ပြကွက်များကိုပါ ထည့်သွင်းထား၏။

အလမ္မာယ်ပြသသည့်မြွေဆရာမှာမူ ငယ်ရွယ်နုပျိုသော မိန်းမချောကလေးတစ်ယောက်ဖြစ်၏။

ထိုသူမှာ ခင်မေလေးသာဖြစ်၏။

ခင်မေလေးသည် ဖားကြီး၏လက်တွင်းမှ လွတ်မြောက်ထွက်ပြေးလာနိုင်၏။

ဖားကြီးသည် သူမ၏လက်တွင်းမှ မြွေကိုမြင်လျှင် လွန်စွာ ထိတ်လန့်သွား၏။

ခင်မေလေးက သူ့ကို အယောင်ပြမှု မြွေနှင့်တိုက်ခိုက်မည် ဟန်ပြင်လိုက်၏။

ထိုအခါ ဖားကြီးသည် ဘာမှမထိခိုက်မိခင်မှာပင် ထိတ်လန့်မှုပြင်းစွာနှင့် သတိကင်းလွတ်သွားတော့၏။

ခင်မေလေးသည် ဖားကြီးကိုထား၍ လွတ်မြောက်လာ၏။ ပြီးလျှင် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ပြီး ကံထူးမောင်၊ ဖားကြီးနှင့် ဒေါက်တာမြသီးတို့၏အကြောင်းများကို သတင်းပို့ခဲ့၏။

ထို့ကြောင့် ဒေါက်တာမြသီးသည် ပုလိပ်စုံထောက်များ





ဝိုင်းရံဖမ်းဆီးမှုမှ အိမ်ကိုမီးရှို့ဖျက်ဆီးပြီး လွတ်မြောက်ထွက်ပြေးရခြင်း ဖြစ်၏။

ယခု ခင်မေလေးသည် ဖခင်ကြီး အနားယူသွားပြီဖြစ်သော မြွေအလမ္မာယ်ပြကွက်ကို ပြသနေ၏။

ထိုစဉ် သူမသည် ပရိသတ်၏ထောင့်နားဆီမှ လူတစ်ယောက်ကို သတိပြုမိ၏။

ထိုသူကလည်း သူမကို စူးစိုက်ကြည့်ရှုနေ၏။

ထိုသူ၏ မျက်လုံးအစုံက ရဲရဲနီနေသလို ထင်ရ၏။

ထို့ကြောင့် ခင်မေလေးသည် ထိတ်ခနဲ ဖြစ်ကာ ပြကွက်ကို ဟန်မပျက်ပြနေရသော်လည်း စိတ်တွင်းမှ

*"ဘုရားဘုရား… ဒီလူဟာ လူယောင်ဆောင်ထားတဲ့ မြွေလား၊ ဟို… ကံထူးမောင်ဆိုတဲ့ လူလို တိုက်မြွေပဲလား၊ ဒေါက်တာမြသီးက အဲဒီလိုလူ ဘယ်နှစ်ယောက်ကိုများ တိုက်မြွေ အဖြစ် ပြောင်းလဲပေးခဲ့သလဲဆိုတာ ဘုရားပဲ*

သိနိုင်မယ်''

ဟု ရေရွတ်မိတော့၏။

၄ ၄ ၄

သရဖီလှိုင်စာပေ

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။





စစ်ကြိုခေတ်အခါက တိုးကြောင်ကလေးရွာ ပတ်ဝန်းကျင်တွင် မသိသူမရှိသော အရူးတစ်ယောက်ပေါ်ပေါက်ခဲ့၏။ ထိုအရူးသည် အစဉ်ပင် ရှုံ့မဲ့အလိမ်းလိမ်းဖြင့် ပေကျံနေတတ်၏။

သူ၏ ဖောသွမ်၍ ဖောင်းကားနေသော မျက်နှာနှင့်ပါးစပ်ပြဲပြဲကြီးက ထင်ရှား၏။

သူသည် လမ်းလျှောက်လျှင် ကွတကွတနှင့် လျှောက်လှမ်းတတ်သလို တစ်ခါတစ်ရံ ခုန်ဆွခုန်ဆွ သွားတတ်၏။

ပါးစပ်မှလည်း တကွပ်ကွပ်နှင့် အော်မြည်နေတတ်၏။ ထို့ကြောင့်ပင် သူ့ကိုအားလုံးက အရူးဖားကြီးဟု ကင်ပွန်းတတ်ခဲ့ကြ၏။

အရူးဖားကြီးသည် စိတ်လိုလက်ရရှိလျှင်

*"ငါဟာ ဖားတစ်ကောင်ပဲကွ၊ ငါ့လိုပဲ*
*လူယောင်ဆောင်ထားတဲ့ မြွေတစ်ကောင်လည်း*
*ရှိသေးတယ်၊ အဲဒီမြွေကို ရိုးရိုးမထင်နဲ့ ကိုယ့်လူ၊*
*သိပ်ပြီးအစွမ်းထက်တဲ့ တိုက်မြွေပဲ"*

ဟု ပြောဆိုနေတတ်လေ၏။

(ပရိသတ်အားလုံး လူယောင်ဆောင်သည့်မြွေကို သတိပြုကြပါကုန်။

*မင်းသွေးသစ္စာ*